# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၁၇ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ် (၃၅၀)


# မလေးရှားနိုင်ငံ၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၈ ဦးအား ပြန်လည်ခေါ်ဆောင်ခဲ့




**နေပြည်တော် စက်တင်ဘာ ၁၆**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၈ ဦးအား မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။**(အပေါ်ပုံ)**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာ ကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❑

**အွန်လိုင်းမှတစ်ဆင့်**
**MRTV ကို ကြည့်ရှုခံစားပါ**



စာ ≻ ၈

**အိန္ဒိယနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ငါးသန်းကျော်လာ**



စာ ≻ ၁၃

## ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ ဝန်ဆောင်မှုလုပ်ငန်းများ(လုပ်ငန်းလိုင်စင်ကိစ္စရပ်များ) ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက် ပျံ့နှံ့မှုမရှိစေရေးအတွက် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ရုံးများအားလုံး၏ ဝန်ဆောင်မှုလုပ်ငန်းများ (လုပ်ငန်းလိုင်စင်ကိစ္စရပ်များ)ကို ၁၆-၉-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ပါကြောင်းနှင့် အခြေ အနေတည်ငြိမ်မှသာ ပုံမှန်ဝန်ဆောင်မှုလုပ်ငန်းများ(လုပ်ငန်းလိုင်စင်ကိစ္စရပ်များ) ပြန်လည်လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ဖွင့်လှစ်နိုင်မည့်ရက်အား ကြိုတင်အသိပေး ကြေညာသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေး ကြေညာအပ်ပါသည်။

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

## မြန်မာ့ရုပ်ရှင်ရာပြည့် အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို MRTV မှ အပတ်စဉ် သောကြာနေ့ ညတိုင်း ပြသလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာ့ရုပ်ရှင်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်တေးသီချင်း အပုဒ် ၁၀၀ ကို တစ်ပတ်လျှင် ၁၀ ပုဒ်ဖြင့် အပတ်စဉ်သောကြာနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ည ၈ နာရီသတင်းများအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ စက်တင်ဘာ ၁၈ ရက် ညတွင် ပွဲစဉ် (၇)အဖြစ် ဂီတမှူး ကိုသက် (Oasis)တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် ထွန်းထွန်းဝင်း၊ ရန်အောင်၊ စိုးသူ၊ မင်းဦး၊ အလင်းရောင်၊ ပိုင်တံခွန်၊ မိုးထက်မြင့်၊ စိုးပြည့်သဇင်၊ ဆုပန်ထွာ၊ အေးမြဖြူတို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

အဆိုပါတင်ဆက်ခဲ့မှုကို စက်တင်ဘာ ၂၀ ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




မြန်မာ့အလင်း

# ပြည်သူ့အင်အားဖြင့် လူ့အသက်များစွာကို ကယ်တင်ကြပါစို့

မြန်မာနိုင်ငံရှိ ပြည်သူလူထု နေ့နေ့ညည နားစွင့်နေသည့် သတင်းမှာ ကိုဗစ် – ၁၉ ရောဂါပိုး ဓာတ်ခွဲအတည်ပြုလူနာစာရင်းဟု ဆိုရမည်။ လူနာတိုးမြင့်လာသည့် ကိန်းဂဏန်း၊ သေဆုံးသူအရေအတွက်၊ ရောဂါပျောက်ကင်းသူဦးရေ စသည့်ဇယားတို့ကို စိတ်ဝင်တစားဖြင့် စောင့်မျှော်နေကြ၏။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ စက်တင်ဘာလ ၁၆ ရက် ည ၈ နာရီ ကြေညာချက်အရ အတည်ပြုလူနာသစ် ၁၈၅ ဦးရှိပြီး မြန်မာနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၃၈၂၁ ဦး ရှိခဲ့ပြီဖြစ်သည်။ ရောဂါကင်းရှင်းပျောက်ကင်း၍ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူလူနာ ၉၀၈ ဦးရှိ၏။ ဖြစ်စဉ်အစမှ အဆုံးကာလအတွင်း သေဆုံး သူ ၄၀ ရှိခဲ့ပြီ။ ထို့ကြောင့် လက်ရှိ အတည်ပြုလူနာ စုစုပေါင်း ၂၈၇၃ ဦး ရှိနေသည်ဟု သိရပါသည်။ သေဆုံးသူထဲမှ အများစုမှာ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါအခံများ ရှိနေသူများဖြစ်သည်ဟု သိရပါသည်။

ယခု ကိုဗစ်–၁၉ ရောဂါပြန့်ပွားမှုကူးစက်မှုအရေးသည် နိုင်ငံတစ်ခုလုံး၏ အရေးသာမက ကမ္ဘာ့အရေး၊ နိုင်ငံတကာအရေးလည်း ဖြစ်ပါသည်။ မည်သို့မျှ ရှောင်လွှဲမရနိုင်သော ကပ်ရောဂါအနေဖြင့် ပေါ်ပေါက်ကူးစက်လာခြင်းဖြစ်သည့်အတွက် လက်တွေ့ကို မျက်မှောက်ပြုကာ လက်ခံရင်ဆိုင်ကြရမည့် အရေးဖြစ်ပါသည်။ ယခုအရေးကို မည်သို့ရင်ဆိုင်ကြမည်၊ မည်သို့အောင်မြင်အောင် ကျော်လွှားကြမည် ဆိုသည်မှာ ဦးစားပေးဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းဖြစ်လာပါသည်။ ထို့အတွက်လည်း ပြည်တွင်းပြည်ပမှ တာဝန်ရှိသူများ၊ ပညာရှင်များက ချက်ချင်းဆိုသလို လက်ငင်းတုံ့ပြန်နိုင်ရေး အစီအမံများ၊ ရေရှည်ရင်ဆိုင်နိုင်ရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်နေကြပါသည်။

မြန်မာနိုင်ငံရှိ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးနယ်ပယ်မှ တာဝန်ရှိသူများနှင့် ပြည်သူလူထု တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြခြင်းက ထိရောက်သော အဖြေဖြစ်သည်ဟု ယုံကြည်ပါသည်။

အထူးသဖြင့်မူ ယခုအခါ ရန်ကုန်မြို့တွင် လွန်ခဲ့သောရက်ပိုင်းအတွင်းက ကိုရိုနာဗိုင်းရပ်စ်ပိုး ဓာတ်ခွဲအတည်ပြုလူနာ တိုးမြင့်လာခဲ့မှုကြောင့် မြို့သူမြို့သားများသာမက တစ်နိုင်ငံလုံးရှိ ပြည်သူလူထုပါ စိတ်ပူပန်မှုများဖြစ်ခဲ့ကြရပါသည်။ ရန်ကုန်မြို့သည် လူဦးရေ ထူထပ်၏။ နိုင်ငံ၏ စီးပွားရေးဆိုင်ရာ ဆုံချက်ကဲ့သို့ဖြစ်နေလေရာ ပြည်တွင်းပြည်ပ ကူးသန်းသွားလာဝင်ထွက်သွားလာမှု အများဆုံးမြို့လည်း ဖြစ်၏။ အခြေချနေထိုင်ကြသူများ၊ ယာယီ စတည်းချနေကြသူများမှာ နိုင်ငံအနှံ့အပြားမှသာမက နိုင်ငံစုံမှသူတို့ပါ အများအပြားဖြစ်၏။ ဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှု၏ အရေးပါသော အကြောင်းရင်းတစ်ခုမှာ လူစုလူဝေးနှင့် လူဦးရေ ထူထပ်သိပ်သည်းခြင်းဖြစ်လေရာ ရန်ကုန်သည် များစွာဂရုပြုထိန်းသိမ်းရမည့် ဒေသဖြစ်ပါသည်။

ယခုအခါတွင် ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ပရဟိတကူညီကြသူများနှင့် ပုဂ္ဂလိက စေတနာရှင်လှူဒါန်းထောက်ပံ့ကြသူများ ပူးပေါင်းကာ ကိုင်တွယ်ဖြေရှင်းနေကြသည်ဟု သိရပါသည်။ သတင်းစာများနှင့် ရုပ်မြင်သံကြားတို့ကလည်း သတင်းများနှင့် လိုအပ်သလိုထုတ်ပြန်သော ကြေညာချက်များကို ဖော်ပြပေးနေပါသည်။

ထိုအစီအစဉ်များအရ ရောဂါပိုးရှိနိုင်သော သံသယလူနာများ၊ ရောဂါပိုးကူးစက်ခံထားရသူများ၊ ရောဂါပိုးကူးစက်မှုနှင့် ဆက်နွယ်မှုရှိနေသူများ စသူတို့ကို ရန်ကုန်မြို့တွင်း၌ ဝေဘာဂီ၊ တောင်ဥက္ကလာ၊ ဖောင်ကြီး အစရှိသည့် ကိုဗစ်–၁၉ ဗဟိုဌာနများ ဖွင့်လှစ်လက်ခံထားပါသည်။ ကုသပေးနိုင်ရေး၊ ရောဂါပိုးကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေး စသည်တို့ကို စီမံခန့်ခွဲမှုနိုင်နင်းအောင် ကြိုးစားဆောင်ရွက်နေကြပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ အစီရင်ခံတင်ပြချက်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပန်ကြားချက်၊ ကြေညာချက်များကို အကြောင်းပြု၍လည်းကောင်း၊ တိုးမြင့်လာသည့် ရောဂါပိုးကူးစက်ပြန့်ပွားမှုနှုန်းအရ စိုးရိမ်မှုကြောင့် လည်းကောင်း ယခု တစ်ရက် နှစ်ရက်အတွင်းတွင် အိမ်ပြင်ထွက်ခြင်း၊ လူစုလူဝေးပြုခြင်းတို့ သိသာထင်ရှားစွာ ရပ်တန့်သွားသည်ကို တွေ့ရ၏။ ထို့ပြင် အိမ်တွင်နေထိုင်ရင်းလည်း တစ်ကိုယ်ရေစည်းကမ်းများကို လိုက်နာစောင့်ထိန်းနေကြမည်ဟု ယူဆပါသည်။

ကပ်ရောဂါဘေးက အောင်မြင်စွာကျော်ဖြတ်နိုင်ရေးအတွက် နိုင်ငံတွင်း ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းနေကြရာတွင် ပြည်သူတစ်ဦးချင်း၏ စည်းကမ်းလိုက်နာမှု၊ တစ်ကိုယ်ရေစောင့်ထိန်းတာဝန်ယူမှုတို့က အခြေခံအကျဆုံး၊ အထိရောက်ဆုံးဖြစ်သည်ဟု ယုံကြည်ပါသည်။ ထိုသို့ ပါဝင်ပူးပေါင်းကူညီကြခြင်းက ကပ်ရောဂါ၏ ခြိမ်းခြောက်မှုအန္တရာယ်ကို ကျော်လွှားနိုင်ကာ ပြည်သူ့အသက်ပေါင်းများစွာကို ကယ်တင်လိမ့်မည်ဖြစ်ပါသည်။

ဒီမိုကရေစီ ခေတ်ပြောင်းကာလတွင် ပြည်သူလူထုက အဓိကကျသည်ဟူသည့် အချက်ကို ကိုဗစ်–၁၉ ရောဂါကို ပူးပေါင်းရင်ဆိုင်ကြသည့်နေရာတွင် သက်သေပြလျက်ရှိပါသည်။

ပြည်သူ့အင်အားဖြင့် ကပ်ရောဂါဘေးကို အောင်မြင်စွာ တွန်းလှန်ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## မိဘပင်စင်စားများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လစာထုတ်ယူခြင်းများကို လစဉ်ရုံးဖွင့်ရက် (၂၁)ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန်မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့် ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

၂။ ထို့အပြင် ပင်စင်လစာငွေများကို ဘဏ်တွင်ငွေစာရင်း ဖွင့်လှစ်ထည့်သွင်း၍ လိုအပ်ချိန်တွင် အဆိုပါငွေစာရင်းမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ ATM စာရင်းဖွင့်လှစ်၍ ATM စက်များမှ ထုတ်ယူခြင်းဖြင့် လည်းကောင်း၊ Myanmar Mobile Money (MMM) စနစ်နှင့် Wave Money စနစ်တို့ကို အသုံးပြု၍လည်းကောင်း နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

၃။ ယခုအခါ မိဘပင်စင်စားများအနေဖြင့် Coronavirus Disease 2019 (COVID–19) ကူးစက်ရောဂါအား ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်များတွင် မိမိတို့၏ ပင်စင်လစာငွေများကို လစဉ် (၂၁)ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် (၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင်လည်း ထုတ်ယူခြင်းဖြင့် လည်းကောင်း Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ဖြင့် လွယ်ကူအဆင်ပြေစွာ ထုတ်ယူကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

## ဖျာပုံခရိုင် ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ငွေနှင့် စားနပ်ရိက္ခာများ ထောက်ပံ့

ဖျာပုံ စက်တင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဆေးရုံကြီး၌ ကိုဗစ်–၁၉ ကာကွယ်ကုသရေးကာလတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်၊ သူနာပြုနှင့်ဝန်ထမ်းများအား ဖျာပုံမြို့ မြို့မိမြို့ဖများနှင့် အလှူရှင်များက ငွေကျပ် ၉၉ သိန်းနှင့် စားနပ်ရိက္ခာများကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီက ဂုဏ်ပြုထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

“ လက်ရှိအချိန် ကျွန်တော်တို့မြို့မှာ ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြု လူနာတွေရှိလာပြီ။ ဒီအချိန်မှာ ဒီခရိုင်က ပြည်သူအားလုံး ဒီဆေးရုံကြီးကို အားကိုးနေရတယ်။ လူနာတွေကို ကုသပေးမယ့် ဒီဆေးရုံက ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်းတွေ စိတ်ရောကိုယ်ရော ကျန်းမာနေဖို့ လိုတယ်။ ဒီလို လှူဒါန်းထောက်ပံ့ရခြင်းက ငွေအနည်းအများထက် စိတ်ခွန်အားရစေချင်တယ်။ ဒါ မြို့က မြို့မိမြို့ဖတွေနဲ့ မိတ်ဆွေစေတနာရှင်တွေက စီစဉ်ခဲ့တာဖြစ်ပါတယ်။ အခုလို ထောက်ပံ့အားပေးခွင့်ရတာကိုလည်း ကျွန်တော်တို့အားလုံး ပီတိဖြစ်ရပါတယ်” ဟု အလှူရှင် ဧရာဝတီသားဟော့ ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးမင်းမင်းက ပြောသည်။

အဆိုပါ အသုံးစရိတ်နှင့် စားနပ်ရိက္ခာထောက်ပံ့မှုအစီအစဉ်တွင် ဖျာပုံမြို့နေ ဦးမင်းမင်း+ဒေါ်သင်းသင်းဆွေ (ဧရာဝတီသားဟော့ ဆောက်လုပ်ရေးကုမ္ပဏီ) မိသားစုက ငွေကျပ် ၄၅ သိန်း၊ ဦးကျော်ထွန်း + ဒေါ်ခင်ဝင်း (ရွှေလဝင်း ဆန်စက်) မိသားစုက ငွေကျပ် ၄၅ သိန်း၊ ဦးအောင်တိုး + ဒေါ်စန်းစန်းမြင့်




(သိန်းသန်းဖြိုး ရေလုပ်ငန်း) မိသားစုက ငွေကျပ် ကိုးသိန်းနှင့် သုဓမ္မသီဂီ ဒေါ်မြင့်မြင့်၊ သား ဦးဝေမြင့် + ဒေါ်သန်းသန်းနွဲ့ (လပြည့်တည်းခိုခန်းနှင့် ရေလုပ်ငန်းရှင်) မိသားစုက ငါးမုတ် ၁၇၅ ပိဿာ ပေးအပ်ထောက်ပံ့ခဲ့ရာ ဖျာပုံခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာဇင်မာစိုးက လက်ခံရယူသည်။

ဖျာပုံမြို့ရှိ ခရိုင်ဆေးရုံကြီး၌ ကိုဗစ် –၁၉ ဓာတ်ခွဲအတည်ပြုလူနာ ၁၁ ဦးနှင့်သံသယလူနာ ငါးဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိပြီး ဆေးရုံကြီး၌ ဆရာဝန်၊ သူနာပြု၊ ရုံးဝန်ထမ်းပေါင်း ၃၀၀ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

## ဥတ္တရသီရိမြို့နယ်တွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

ဥတ္တရသီရိ စက်တင်ဘာ ၁၆

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးကာလတွင် ပြည်သူများ ရောဂါပြန့်ပွားမှုမရှိစေရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေသဇင်ဈေးတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဥတ္တရသီရိမြို့နယ် ဘုရားကုန်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် မြင့်စိုးနှင့် တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံများနှင့် တာဝန်ရှိသူများက ဈေးအတွင်းရှိ ဈေးရောင်းဈေးဝယ်ပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောခြင်း၊ နှာခေါင်းစည်း တပ်ဆင်ထားခြင်းမရှိသူများအား နှာခေါင်းစည်းများ တပ်ဆင်ပေးခြင်းနှင့် အခမဲ့ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုရဲ



## ကိုဗစ်-၁၉ ရောဂါ သံသယလူနာများ ထားရှိနိုင်ရေးအတွက် ဒဂုံတက္ကသိုလ်အတွင်းရှိ ဆရာ ဆရာမအဆောင်များအား ပြင်ဆင်

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု များပြားလာပါက သံသယလူနာများ ထားရှိနိုင်ရေးအတွက် ဒဂုံတက္ကသိုလ်အတွင်းရှိ ဆရာ ဆရာမအဆောင်များအား ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ကိုဗစ်–၁၉ သံသယလူနာများ ထားရှိနိုင်ရေးအတွက် ဒဂုံတက္ကသိုလ်ဝင်းအတွင်း ဗိုလ်ဗထူးလမ်းမပေါ်ရှိ ဆရာ ဆရာမအဆောင် ငါးဆောင်ကို ရှင်းလင်းမှုများ ပြုလုပ်ပေးထားကြောင်း သိရသည်။ အဆိုပါ ဆရာ ဆရာမအဆောင်များမှာ နှစ်ထပ်တိုက်အမျိုးအစားဖြစ်ပြီး အဆောင်တစ်ဆောင်လျှင် လူဦးရေ ၆၀ ခန့် ထားရှိနိုင်ကြောင်း သိရသည်။

“လူတွေနေဖို့က ငါးဆောင်လုံးထားမယ်ဆိုရင်တော့ ၃၀၀ လောက် နေနိုင်ပါတယ်။ သုံးဆောင်ထားမယ်ဆိုရင်တော့ ၁၈၀ လောက် ထားနိုင်တာပေါ့။ ကျွန်မတို့အနေနဲ့ကတော့ အဆောင် ငါးဆောင်ကို အဆင်သင့်လုပ်ထားပေးပါတယ်” ဟု ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုရီက ပြောသည်။ ဒဂုံတက္ကသိုလ်အနေဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား ပါးစပ် နှာခေါင်းစည်းများ၊ မျက်နှာအကာများ၊ လက်သန့်ဆေးရည်များ၊ လက်အိတ်များ ဝေငှထားပြီး ဂိတ်တစ် တစ်ခုတည်းမှသာ ပါးစပ်နှာခေါင်းစည်းတပ်ဆင်၍ အဝင်အထွက်ပြုလုပ်ရန် သတ်မှတ်ထားကြောင်း သိရသည်။


ထင်ပေါ်ဝင်း(ကမာရွတ်)

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့် အတင့်ရှိ

နေပြည်တော် စက်တင်ဘာ ၁၆

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့် အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ



# ပြည်သူသာလျှင် အဓိက

## ပြောင်းလဲလာသော အလုပ်အကိုင်လောကအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် ညီလာခံကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

ပြောင်းလဲလာသော အလုပ်အကိုင်လောကအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် ညီလာခံကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ အလုပ်သမား၊ မသန်စွမ်းနှင့်လူမှုရေး ဝန်ကြီးဌာနမှ video conference ဖြင့် ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးသို့ မြန်မာနိုင်ငံကိုယ်စားပြု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်အပါအဝင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ Senior Labour Officials Meeting (SLOM) Leader များ၊ ASEAN Senior Officials Meeting on Education (SOM–ED) Leader များ၊ ASEAN TVET Council ဥက္ကဋ္ဌ၊ တရုတ်၊ ကိုရီးယား၊ ဂျပန် စသည့်အာဆီယံမိတ်ဖက်နိုင်ငံများ၊ ILO၊ UNESCO ၊ UNICEF ၊ World Bank စသည့် ဖွံ့ဖြိုးရေးမိတ်ဖက်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ ဗီယက်နမ် အလုပ်သမား၊ မသန်စွမ်းနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး Dao Ngoc Dung က နှုတ်ခွန်းဆက်အဖွင့်အမှာစကားပြောကြားပြီး အာဆီယံ TVET ကောင်စီဥက္ကဋ္ဌ Dr. Isidro Lapena က အာဆီယံ TVET ကောင်စီကိုဖွဲ့စည်းမှုကိုတင်ပြ၍ အစည်းအဝေးကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များ၏ အခန်းကဏ္ဍ၊ ကိုဗစ် – ၁၉ အလွန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိကခေါင်းဆောင်များ၏ အခန်းကဏ္ဍ ၊ ၂၁ ရာစု ကျွမ်းကျင်မှုအခြေခံသည့် အနာဂတ်လေ့ကျင့်သင်ကြားရေးစနစ် အဆင်သင့်ဖြစ်စေရန် ဆောင်ရွက်ခြင်းကဏ္ဍခေါင်းစဉ်များဖြင့် ကျင်းပရာ သက်ဆိုင်ရာကဏ္ဍအလိုက် တက်ရောက်လာကြသည့် အာဆီယံဝန်ကြီးများက ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ က ၂၁ ရာစု ကျွမ်းကျင်မှုများအတွက် သင်ကြားခြင်းနှင့် လေ့လာသင်ယူခြင်း ပြောင်းလဲလာသဖြင့် ချဉ်းကပ်မှုပုံစံသစ်များ လိုအပ်လာခြင်းကြောင့် မိမိတို့နိုင်ငံ၏ အခြေအနေပေါ်မူတည်၍ ပညာရေးနှင့် လေ့ကျင့်ရေးစနစ်များတွင် ၂၁ ရာစု ကျွမ်းကျင်မှုများရှိစေရေး မည်ကဲ့သို့ မြှင့်တင်ဆောင်ရွက်မည်ကို ဆွေးနွေးရာတွင် မိမိတို့၏ ပညာရေးနှင့် လေ့ကျင့်ရေးစနစ်သည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအရ အရည်အသွေးမြင့် ရာသက်ပန်ပညာရေးဆိုင်ရာ အခွင့်အလမ်း တန်းတူရရှိရေး မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ၂၁ ရာစု ကျွမ်းကျင်မှုများ မြင့်မားလာမည်ဖြစ်ကြောင်း၊ အခြေခံပညာရေးသင်ရိုးညွှန်းတမ်းအသစ်ရေးဆွဲခြင်းတွင် ၂၁ ရာစု ကျွမ်းကျင်မှုများ၊ soft skills နှင့် တွေးခေါ်ကြံဆမှုအဆင့်မြင့်မားသော ကျွမ်းကျင်မှုများဖြင့် စုပေါင်းထားသော အသိပညာ၊ ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများပါဝင်သော လုပ်ရည်ကိုင်ရည်များ ရရှိရေး လေ့ကျင့်သင်ကြားပေးမည် ဖြစ်ပါကြောင်း။

ထို့အပြင် ကလေးများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုအဖွဲ့အစည်းအပါအဝင် လုပ်ငန်းခွင်မှ သင်ယူသူများအားလုံးအတွက် ၂၁ ရာစု TVET ဆိုင်ရာ ဘက်စုံသင်ရိုးညွှန်းတမ်း နှင့် အရည်အသွေးအာမခံမှုရှိပြီး လုပ်သားဈေးကွက်လိုအပ်ချက်နှင့် လိုက်လျောညီထွေရှိသော TVET အစီအစဉ်များမှတစ်ဆင့် ၂၁ ရာစု ကျွမ်းကျင်မှုရရှိရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အလုပ်သမားရေးရာရှုထောင့်အနေဖြင့် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု "စံ" ရေးဆွဲခြင်းကို စတင်အခြေပြု၍ informal ၊ ကာလတိုနှင့် လုပ်ငန်းအခြေပြုသင်တန်းများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းနှင့် ကျွမ်းကျင်မှုလက်မှတ်ထုတ်ပေးခြင်းတို့ကို အသိအမှတ်ပြုပေးလျက်ရှိပါကြောင်း။

အဆိုပါဆောင်ရွက်ချက်များသည် လုပ်သားဈေးကွက် လိုအပ်ချက်ပြည့်မီစေရန် အလုပ်ရှင်များ တိုက်ရိုက်ပါဝင်ဆောင်ရွက်မှုနှင့်အတူ ၂၁ ရာစု TVET ဆိုင်ရာ ဘက်စုံသင်ရိုးညွှန်းတမ်းနှင့် အရည်အသွေးအာမခံမှုရှိပြီး လုပ်သားဈေးကွက်လိုအပ်ချက်နှင့် လိုက်လျောညီထွေရှိသော TVET အစီအစဉ်များ ရရှိရေးအတွက် မရှိမဖြစ်လိုအပ်သော လုပ်ဆောင်ချက်များ ဖြစ်ပါကြောင်း။

TVET စနစ် ပိုမိုအားကောင်းလာစေရန် အလုပ်အကိုင်ရှာဖွေသူများနှင့် အလုပ်ရှင်များအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးပုံစံအမျိုးမျိုးကို မြန်မာနိုင်ငံ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအစည်းအဝေးတွင် HRD Stakeholder များအားလုံး၊ အာဆီယံနိုင်ငံများ၏ လက်ရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ပါဝင်ဆွေးနွေးခဲ့ပြီး အာဆီယံဒေသတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို သတ်မှတ်ချက်များနှင့်အညီ အရည်အသွေးမြင့်မားစွာဖြင့် အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းအဖြေရှာနိုင်ခဲ့ပြီး မြန်မာနိုင်ငံအတွက် HRD အကောင်အထည်ဖော်ဆောင်ရွက်ရန် အကြံဉာဏ်ကောင်းများ ရရှိခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ဗီယက်နမ်နိုင်ငံ အလုပ်သမား၊ မသန်စွမ်းနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး Dao Ngoc Dung က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် HRD Stakeholder များအားလုံးက အာဆီယံနိုင်ငံများ၏ လတ်တလော ဆောင်ရွက်နေသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ပါဝင်ဆွေးနွေးခဲ့ပြီး အာဆီယံဒေသတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အာဆီယံလမ်းညွှန်ချက်များနှင့်အညီ အရည်အသွေးပြည့်ဝစွာဖြင့် အကောင်အထည်ဖော်နိုင်ရန် ဝိုင်းဝန်းအဖြေရှာနိုင်ခဲ့ကာ မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် အကြံဉာဏ်ကောင်းများ၊ အတွေ့အကြုံကောင်းများ ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ဆိုင်ရာ ခရီးသွားလုပ်ငန်းကုစားမှုအစီအစဉ်အပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ ရှင်းလင်းတင်ပြ

**နေပြည်တော် စက်တင်ဘာ ၁၆**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ကာလအတွင်းနှင့် ကိုဗစ်– ၁၉ အလွန်ကာလများတွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာစေရေးနှင့် ဦးမော့လာစေရေးအတွက် ကိုဗစ်– ၁၉ ဆိုင်ရာ ခရီးသွားလုပ်ငန်းကုစားမှု အစီအစဉ်ကို နိုင်ငံတော်မှ ထုတ်ပြန်ထားရှိသည့် COVID–19 Economic Relief Plan (CERP) အပေါ် အခြေခံ၍ ရေးဆွဲခဲ့ပြီးဖြစ်ရာ အဆိုပါအစီအစဉ်အပေါ် ဝန်ကြီးဌာနမှ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြ ဆွေးနွေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ Video Conferencing ဖြင့် ကျင်းပသည်။



အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးတင်လတ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် ညီနောင်အသင်း (၁၁) သင်းတို့မှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များက Video Conferencing ဖြင့် Online မှ ပါဝင်တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ယခုအချိန်တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုသည် Second Wave အဖြစ် ထပ်မံရိုက်ခတ်ခြင်းဖြစ်ပြီး ရောဂါပိုးကူးစက်ဖြစ်ပွားမှုနှုန်းသည်လည်း သိသိသာသာ မြင့်တက်လာသည့်အတွက် ပြည်တွင်းပြည်ပ ခရီးသွားလာမှုများ ရပ်တန့်သွားပြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ဆက်စပ်လုပ်ငန်းများအပေါ်တွင် ယခုအချိန်ထိ ဆုံးရှုံးမှုများ၊ ကြီးမားသောရိုက်ခတ်မှုများ ကြုံတွေ့နေရပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အဆင့် ရေးဆွဲထုတ်ပြန်ထားသည့် COVID–19 Economic Relief Plan (CERP) ၏ နောက်ဆက်တွဲအဖြစ် ကိုဗစ်–၁၉ ကာလအတွင်းနှင့် အလွန်ကာလတွင် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့ဖွံ့ဖြိုးလာစေရန် အကောင်အထည်ဖော် ဆောင်ရွက်မည့် အဓိက ဗျူဟာ (၃)ရပ် ပါဝင်သည့် COVID– 19 Economic Relief Plan ကိုရေးဆွဲပြီး ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန် လမ်းပြမြေပုံအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းအပြင် ကိုဗစ်–၁၉ အလွန်ကာလ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးကောင်းမွန်ရန်အတွက် COVID–19 Impact Assessment Survey ကောက်ယူပြီး Myanmar Tourism Strategic Recovery Roadmap (2015–2025) ကို နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း LuxDev ၏ အကူအညီဖြင့် ပြည်တွင်းပြည်ပပညာရှင်များ ပါဝင်သော အဖွဲ့ဖြင့် ရေးဆွဲလျက်ရှိပါကြောင်း။

ယခုဖြစ်ပွားနေသည့် ကိုဗစ်–၁၉ ရိုက်ခတ်မှုများ၊ လုပ်ငန်းများ ပြန်လည်စတင်သည့်အခါ ကြုံတွေ့ရမည့် New Normal Situation အတွက် အခြေအနေများကိုပါ ဘက်စုံထောင့်စုံစဉ်းစားပြီး အနာဂတ် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကောင်းဆုံးဖြစ်အောင် ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ ရှေ့ဆက်ပြီး ဈေးကွက်အသစ်များနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေး မဟာဗျူဟာအသစ်များ ဖော်ထုတ်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် စီမံခန့်ခွဲမှုအဆင့် ဝန်ထမ်းများအတွက် သင်တန်းများနှင့် ပညာသင်ဆုများ ဆောင်ရွက်ပေးခြင်း၊ New Normal အတွက် SOP များနှင့်အညီ ကျန်းမာရေးဆိုင်ရာ ဘေးကင်းလုံခြုံမှု သင်တန်းများ ဖွင့်လှစ်ခြင်း၊ ဟိုတယ်နှင့်ခရီးသွားဘာသာရပ်ကို သင်ကြားပို့ချနေသည့် သင်တန်းကျောင်းများကို ထောက်ပံ့ကူညီခြင်း စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တက်ရောက်နေကြသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း (၁၁) သင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအနေဖြင့် မိမိတို့ဆောင်ရွက်ခဲ့သော၊ ဆောင်ရွက်ဆဲလုပ်ငန်း အတွေ့အကြုံများကို အခြေခံပြီး ယခုဖြစ်ပွားနေသည့် COVID–19 Second Wave ကာလကို ကြံ့ကြံ့ခံနိုင်စေရန် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးတင်လတ်နှင့် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်တို့က ကိုဗစ်– ၁၉ ဆိုင်ရာ ခရီးသွားလုပ်ငန်း ကုစားမှု အစီအစဉ်ပါ အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်က ၎င်းကုစားမှု အစီအစဉ်အပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း ၁၁ သင်းတို့မှ တာဝန်ရှိသူများက ကိုဗစ်–၁၉ ဆိုင်ရာ ခရီးသွားလုပ်ငန်းကုစားမှု အစီအစဉ်အပေါ် မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို အခြေခံ၍ အသီးသီးအကြံပြု ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပထမအကြိမ် မြန်မာ–ကိုရီးယား ကုန်သွယ်ရေးနှင့် စက်မှု ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေးတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၆**

ပထမအကြိမ် မြန်မာ–ကိုရီးယား ကုန်သွယ်ရေးနှင့်စက်မှု ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေး (1st Meeting of Joint Commission for Trade and Industrial Cooperation) ကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမမှ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး Mr. Sung Yunmo တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြသည်။






### အရှိန်အဟုန်ဖြင့် တိုးတက်လာ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ယခုကဲ့သို့ နှစ်နိုင်ငံ အစည်းအဝေးများ ကျင်းပခြင်းဖြင့် မြန်မာနှင့် ကိုရီးယားနိုင်ငံတို့အကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဟု မိမိအနေဖြင့် အခိုင်အမာ ယုံကြည်ပါကြောင်း၊ ကိုဗစ်– ၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းလုံး၌ စီးပွားရေးကျဆင်းလျက်ရှိရာ မိမိတို့နှစ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် စီးပွားရေးအကျပ်အတည်းများကို ကျော်လွှားသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍများတွင် နီးကပ်စွာဆက်လက်ပူးပေါင်း ဆောင်ရွက်သွားလိုပါကြောင်း၊ ယနေ့ကျင်းပသော မြန်မာ–ကိုရီးယား ကုန်သွယ်ရေးနှင့်စက်မှု ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေးမှ တစ်ဆင့် နှစ်နိုင်ငံအစိုးရအချင်းချင်းနှင့် ပုဂ္ဂလိကကဏ္ဍများအကြား ခိုင်မာသည့်ကွန်ရက်ကို တည်ထောင်ကာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး Mr.Sung Yunmo က ကိုရီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများစွာတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကြောင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာခြင်းဖြစ်ကြောင်း၊ Korea Desk ထူထောင်ပြီးနောက် မြန်မာနိုင်ငံရှိ ကိုရီးယားစီးပွားရေးလုပ်ငန်းများကို ပိုမိုပံ့ပိုးကူညီပေးနိုင်မည့်အပြင် မြန်မာ့ထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်ရေးအတွက်လည်း အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုနှင့်စွမ်းအင်ကဏ္ဍများတွင်သာမက အခြားကဏ္ဍများ၌ပါ ပိုမိုပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုများ တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Joint General Trade Working Group Committee ပူးတွဲအဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက Joint General Trade Working Group Committee အစည်းအဝေးတွင် နှစ်ဖက်ဆွေးနွေးခဲ့သည့် ကိစ္စရပ်များဖြစ်သည့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုရည်မှန်းချက်ပန်းတိုင် ချမှတ်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာရှိသောကုန်စည်များ ပိုမိုတင်ပို့နိုင်ရေး၊ ကုန်သွယ်မှုဆိုင်ရာဖြေလျှော့မှု အစီအမံများနှင့် Korea Desk တည်ထောင်ခြင်းဆိုင်ရာကိစ္စရပ်များ၏ ဆွေးနွေးညှိနှိုင်းရရှိမှုများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

### ဆွေးနွေးညှိနှိုင်းရရှိမှုများ ရှင်းလင်း

ထို့နောက် Joint Industry Working Group Committee ပူးတွဲအဖွဲ့ခေါင်းဆောင် ကိုရီးယားသမ္မတနိုင်ငံဘက်မှ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန၊ Department of Industry Policy ၊ ညွှန်ကြားရေးမှူးချုပ် Mr.Hwang Soo–sung က Joint Industry Working Group Committee အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်အကြောင်းအရာအလိုက် (Myanmar– Korea Apparel Testing Research Institute– MKATRI) ၊ (Technology Advice and Solutions from Korea– TASK) စီမံကိန်းများ၊ မြန်မာ့အထည်အလိပ်ကဏ္ဍတွင် ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံနိုင်ရေး၊ စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးမှုဆိုင်ရာကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မော်တော်ယာဉ်နှင့်သက်ဆိုင်သည့် ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် MSMEs အစရှိသည့် ကိစ္စရပ်များမှ ဆွေးနွေးညှိနှိုင်းရရှိမှုများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် Joint Energy Working Group Committee ပူးတွဲအဖွဲ့ခေါင်းဆောင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မိမိခိုင်က Joint Energy Working Group Committee အစည်းအဝေးတွင် နှစ်ဖက်ဆွေးနွေးခဲ့ကြသည့် ဒလ သဘာဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စီမံကိန်း၊ ကျောက်ဖြူ LNG လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း၊ ရွှေတောင်ဓာတ်အားပေးစက်ရုံစီမံကိန်း၊ သဘာဝဓာတ်ငွေ့လုပ်ကွက်များရှာဖွေတူးဖော်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် Economic Innovation Partnership Program (EIPP)၊ KOICA နှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ အစရှိသည့်ကိစ္စရပ်များမှ ဆွေးနွေးညှိနှိုင်းရရှိမှုများအား ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် နှစ်နိုင်ငံ ပြည်ထောင်စုဝန်ကြီးများက နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး ကုန်သွယ်ရေး၊ စက်မှု၊ စွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရန်၊ စီးပွားရေး၊ လူမှုရေးတို့အား ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရန် ပြောကြားပြီး ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

### ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ယခုအစည်းအဝေးသည် ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ Mr. Moon Jae–in ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်စေရန်အတွက် လက်မှတ်ရေးထိုးခဲ့သည့် ကုန်သွယ်ရေးနှင့်စက်မှု ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင် ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ပြီး နှစ်နိုင်ငံအကြား ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုအရ နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုချောမွေ့စေရေး၊ ကုန်သွယ်ရေး၊ စက်မှု၊ စွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍများတွင် ယခင်ထက် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးနိုင်ခဲ့ကြ၍ မြန်မာ– ကိုရီးယား နှစ်နိုင်ငံစလုံးအတွက် အလွန်အကျိုးဖြစ်ထွန်းစေပြီး အောင်မြင်သည့် အစည်းအဝေးတစ်ခုဖြစ်သည်။ ယနေ့ကျင်းပသည့် ပူးတွဲကော်မရှင် အစည်းအဝေးမတိုင်မီ သက်ဆိုင်ရာကဏ္ဍအလိုက် Joint Working Group Committee အစည်းအဝေးများကိုလည်း စက်တင်ဘာ ၁၁ ရက်တွင် ကျင်းပခဲ့သည်။

ဒုတိယအကြိမ် မြန်မာ–ကိုရီးယား ကုန်သွယ်ရေးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေးအား ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပသွားရန် ညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာ ပထမအဆင့် တိုက် ၃၉ လုံးမှ မြေညီထပ်အခန်းများ အွန်လိုင်းမှ မဲနှိုက်နေရာချထား

**နေပြည်တော် စက်တင်ဘာ ၁၆**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ပျဉ်းမနား– တောင်ညိုလမ်းဘေး မြို့မဈေးအနီး၌ တည်ဆောက်လျက်ရှိသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းအိမ်ရာ စီမံကိန်း ပထမအဆင့် တိုက် ၃၉ လုံး၏ မြေညီထပ်အခန်းများ မဲနှိုက်နေရာချထားမှုကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပပြီး အခန်းဝယ်ယူခွင့်ရရှိသူများ သိရှိစေရန် Facebook Page မှ တိုက်ရိုက်ထုတ်လွှင့်သည်။

ဝယ်ယူခွင့်ရရှိသူများကိုယ်စား မဲနှိုက်နေရာချထားမှုနှင့် ပတ်သက်ပြီး အခန်းနေရာချထားရေးကော်မတီ အတွင်းရေးမှူး ဌာနကြီးမှူး ဦးစိုးဝင်းက “ ဒီနေ့ မြေညီထပ်အခန်း ၁၅၆ ခန်း အားလုံးကို မဲနှိုက်ပြီး ဖြစ်ပါတယ်။ မူအရကတော့ အခန်းလျှောက်ထားတဲ့ ဝန်ထမ်းကိုယ်တိုင် မဲနှိုက်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အခုကာလမှာ ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုများနေတော့ နေရာချထားရေးကော်မတီက ကြီးကြပ်ပြီး မဲနှိုက်ပေးလိုက်တာ ဖြစ်ပါတယ်။ လက်ရှိ အနေအထားမှာ မြေညီထပ်နဲ့ ပထမထပ်က ရောင်းလို့ကုန်ပြီ ဖြစ်ပါတယ်။ ဒုတိယထပ်နဲ့ တတိယထပ်ကတော့ ရောင်းဖို့ကျန်ပါသေးတယ်။ အခုမဲနှိုက်ပြီးသားအခန်းတွေကို အောက်တိုဘာလလောက်မှာ အပ်နိုင်ဖို့ ကြိုးစားနေပါတယ်။ ကိုဗစ်– ၁၉ ရောဂါအခြေအနေနဲ့ ရာသီဥတုအခြေအနေတွေကြောင့် နောက်ကျကောင်း နောက်ကျနိုင်ပါတယ်။ မဲပေါက်သူတွေရဲ့ တိုက်နံပါတ်နဲ့ အခန်းတွေကိုလည်း ဖုန်းနဲ့ဆက်သွယ်အကြောင်းကြားပါမယ်” ဟု ပြောကြားသည်။



### ကြေညာပေးထား

ယနေ့ မဲနှိုက်သည့် တိုက် ၃၉ လုံး၏ မြေညီထပ် အခန်း ၁၅၆ ခန်းကို အခန်းဝယ်ယူခွင့်ရရှိသူများကိုယ်စား အငြိမ်းစားဝန်ထမ်းအိမ်ရာများ တည်ဆောက်ရေးဦးစီးကော်မတီက မဲနှိုက်၍ နေရာချထားမှုများ ဆောင်ရွက်ခဲ့ပြီး မဲပေါက်သူများ၏ တိုက်နံပါတ်နှင့် အခန်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ Facebook Page တွင် ကြေညာပေးထားသည်။

ယခုတည်ဆောက်လျက်ရှိသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာ စီမံကိန်းသည် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ပျဉ်းမနား–တောင်ညိုလမ်းဘေး မြို့မဈေးအနီးရှိ နေပြည်တော် စည်ပင်သာယာရေးကော်မတီပိုင် မြေဧက ၂၀၀ အနက်မှ မြေဧက ၇၀ ပေါ်တွင် တည်ဆောက်လျက်ရှိပြီး ပထမအဆင့်အနေဖြင့် တိုက်ခန်းပေါင်း ၃၀၀၀ ကျော်ကို စတင်တည်ဆောက်နေကြောင်း သိရသည်။

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာအခန်းများမှာ လေးခန်းတွဲ၊ လေးထပ်ပုံစံဖြစ်ပြီး အကျယ်စတုရန်းပေ ၆၅၀ ဖြစ်ကာ အိပ်ခန်း နှစ်ခန်း၊ ဧည့်ခန်း၊ မီးဖိုဆောင်၊ ရေချိုးခန်း၊ အိမ်သာ၊ ဝရန်တာနှင့် အရေးပေါ်လှေကားတို့ကို ထည့်သွင်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“အခုမဲဖောက်တဲ့ တိုက် ၃၉ လုံးရဲ့ တည်ဆောက်မှုအပိုင်းကတော့ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်။ ဒုတိယအကြိမ်အနေနဲ့ တိုက် ၆၉ လုံးကို ဆက်လက်တည်ဆောက်နေပြီဖြစ်ပါတယ်။ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာနဲ့ ပတ်သက်ပြီး မြေညှိခြင်းလုပ်ငန်းတွေကတော့ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ရေသွယ်တန်းတဲ့လုပ်ငန်း၊ လျှပ်စစ်မီးနဲ့ ရေမြောင်းတူးတဲ့လုပ်ငန်းတွေကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီဇင်ဘာလမတိုင်ခင် ပြီးစီးအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အိမ်ရာတည်ဆောက်ပြီးတဲ့ အချိန်မှာလည်း ရေရှည်တည်တံ့ခိုင်မြဲရေးကို နေပြည်တော်စည်ပင်သာယာရေးကော်မတီနဲ့ အိမ်ရာထိန်းသိမ်းရေး အဖွဲ့ဖွဲ့စည်းပူးပေါင်းပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်” ဟု နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဌာနကြီးမှူး (အင်ဂျင်နီယာ) ဦးတင်အောင်ငွေက ပြောသည်။

### တည်ဆောက်သွားမည်

ယခုတည်ဆောက်လျက်ရှိသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်း ပထမအပိုင်းကို အောက်တိုဘာလတွင်လည်းကောင်း၊ စီမံကိန်း ဒုတိယအပိုင်းကို ဒီဇင်ဘာလတွင်လည်းကောင်း၊ စီမံကိန်း တတိယအပိုင်းကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် လည်းကောင်း အချိန်မီပြီးစီးရန် ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်–၁၉ ရောဂါနှင့် ရာသီဥတုကြောင့် မျှော်မှန်းထားသည့်ကာလ ကျော်လွန်နိုင်ကြောင်း၊ သို့သော်လည်း သတ်မှတ်သည့်ကာလတွင် အချိန်မီပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအိမ်ရာစီမံကိန်းဧရိယာအတွင်း၌ ကုန်တိုက်ထည့်သွင်း တည်ဆောက်ရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း၊ အနာဂတ်တွင် ဆောင်ရွက်မည့် နေပြည်တော် အဝေးပြေးကားဂိတ် စီမံကိန်းသည် ယခုအိမ်ရာစီမံကိန်းအနီးတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုက် ၃၉ လုံးမှ ဝယ်ယူပြီး ပထမထပ်အခန်း ၁၄၈ ခန်းကို စက်တင်ဘာ ၁၇ ရက်တွင် လည်းကောင်း၊ ဒုတိယထပ်အခန်း ၁၂၄ ခန်းနှင့် တတိယထပ်အခန်း ၁၁ခန်းတို့ကို စက်တင်ဘာ ၁၈ ရက်တွင်လည်းကောင်း မဲနှိုက်နေရာချထားမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီ Facebook Page မှ ထုတ်လွှင့်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း–မျိုးမင်းနိုင်၊ ဓာတ်ပုံ–မျိုးသူဟိန်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် အဆင့်မြင့်ညီလာခံတက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၆

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့တွင် စက်တင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ အွန်လိုင်းဖြင့် ကျင်းပလျက်ရှိသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် အဆင့်မြင့်ညီလာခံ (ASEAN High–Level Ministerial Conference on Human Resource Development) သို့ တက်ရောက်၍ Panel Discussion တွင် ပါဝင်ဆွေးနွေးသည်။** (ယာပုံ)




**စိန်ခေါ်မှုများကို ရင်ဆိုင်နေကြရ**

ပြည်ထောင်စု ဝန်ကြီးက ဆွေးနွေးရာတွင် ယနေ့မျက်မှောက်ခေတ်ကာလ၌ မျိုးဆက်သစ်လူငယ်များမှာ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ဂလိုဘယ်လိုက်ဖေးရှင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် ပြောင်းလဲနေသော လုပ်သားဈေးကွက်တို့၏ကြီးမားသော စိန်ခေါ်မှုများကို ရင်ဆိုင်နေကြရပါကြောင်း၊ သို့ဖြစ်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၏ အရေးပါပုံ၊ အလုပ်အကိုင်ကောင်းများ ရရှိရေးအတွက် ပြည်တွင်းပြည်ပ ယှဉ်ပြိုင်နိုင်စွမ်းရှိသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းရေး၊ လူသားကောင်းတစ်ဦးဖြစ်ရေး၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ တာဝန်ယူမှု တာဝန်ခံမှု၊ ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုတို့နှင့်စပ်လျဉ်း၍ လူငယ်များကို သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ပါကြောင်း၊ အဆိုပါအရည်အသွေးများမှာ ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည်နှင့် ဘဝတစ်သက်တာ သင်ယူမှုအတွက် အရေးပါလှပါကြောင်း၊ သာယာဝပြောသော အနာဂတ်ဘဝ တည်ထောင်ရန် အလုပ်အကိုင်ကောင်းများ ရရှိရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်လာပါကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် ပြဿနာဖြေရှင်းမှုစွမ်းရည်၊ သင်ယူမှုစွမ်းရည်၊ ဆက်သွယ်မှုစွမ်းရည်၊ ကိုယ်ရည်ကိုယ်သွေးနှင့် လူမှုရေးဆိုင်ရာ စွမ်းရည်များသည်လည်း အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများအပါအဝင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက် ဖြစ်လာနေပြီဖြစ်ပါကြောင်း၊ အရည်အသွေးရှိသော ပညာရေးနှင့်နည်းပညာနှင့် သက်မွေးပညာရေးတို့သည် လုပ်သားဈေးကွက် လိုအပ်ချက်စွမ်းရည်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း။

**အခွင့်အလမ်းများကို အသုံးချ**

အရည်အသွေးရှိသောပညာရေးအတွက် အခြေခံပညာသည် အခမဲ့ဖြစ်သင့်ပါကြောင်း၊ မူလတန်းပြီးမြောက်သော ကလေးတိုင်း ရေးတတ်၊ ဖတ်တတ်၊ တွက်တတ်ရမည်ဖြစ်ပြီး အလယ်တန်း၊ အထက်တန်းပညာရေးအဆင့်သို့ ဖြစ်စေ၊ အဆင့်တူ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းများသို့ဖြစ်စေ ကူးပြောင်းတက်ရောက်နိုင်စေရမည်ဖြစ်ပါကြောင်း၊ လူတိုင်းသည် လုပ်ငန်းခွင်မဝင်မီ သက်ဆိုင်ရာ နည်းပညာနှင့် သက်မွေးစွမ်းရည်များ ရရှိအောင် သင်ယူလေ့ကျင့်ပြီး ဖြစ်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ လုပ်ငန်းခွင်အရည်အသွေးများ ပိုမိုတိုးတက်စေရန် ဘဝတစ်သက်တာ သင်ယူမှုအခွင့်အလမ်းများကို အသုံးချရင်း တက္ကသိုလ်ပညာရေးကိုလည်း ဆက်လက် သင်ယူနိုင်ခွင့်ရှိရမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍသည်လည်း မိမိတို့၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးကဏ္ဍများနှင့် ချိတ်ဆက်လျက် ပြည်သူပိုင်နှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု၊ ကျောင်းနှင့် စက်ရုံပူးပေါင်းဆောင်ရွက်မှုများကို အားပေးသွားသင့်ပါကြောင်းနှင့် သိပ္ပံပွဲခင်းများ၊ နည်းပညာပြပွဲများနှင့် အလုပ်အကိုင်ပြပွဲများကျင်းပပေးခြင်းဖြင့် လူငယ်များအတွက် မိမိတို့၏ အသိအမြင်ဗဟုသုတများကို ဖလှယ်ခွင့်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေခွင့်ရရှိစေပြီး မိမိတတ်ကျွမ်းသော ပညာရပ်၊ အရည်အသွေးနှင့် စွမ်းရည်တို့ကို လုပ်ငန်းခွင်နှင့် ချိတ်ဆက်နိုင်ခွင့်များကို ဖန်တီးပေးကြရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ပါဝင်ဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Panel Discussion အမေးအဖြေကဏ္ဍတွင် ပါဝင်ဆွေးနွေးသည်။

**အာဆီယံကြေညာစာတမ်းကြေညာ**

အဆိုပါ အာဆီယံဝန်ကြီးများအဆင့် အဆင့်မြင့်ညီလာခံတွင် အလုပ်အကိုင်ဆိုင်ရာ ပြောင်းလဲနေသော ကမ္ဘာကြီးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အာဆီယံကြေညာစာတမ်း (ASEAN Declaration on Human Resources Development for the Changing World of Work) ကိုလည်း စတင်ကြောင်း ကြေညာခဲ့သည်။ **သတင်းစဉ်**

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၁၆**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ Online Meeting စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ အတွင်းရေးမှူး၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် စလျှင်စချင်း မသန်စွမ်းများနှင့် မသန်စွမ်းသူမိသားစုများ အများနည်းတူ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ချေးငွေများကို သက်သာသော အတိုးနှုန်းထားဖြင့် ထုတ်ချေးနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများနှင့် ထောက်ပံ့ငွေများ ပေးအပ်နိုင်ရေး ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းဇော်က ချေးငွေများ ထုတ်ချေးနိုင်ရေးနှင့် စပ်လျဉ်း၍ ရှေ့ဆက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ အခြေအနေများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့က လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးကြသည်။

မသန်စွမ်းသူများဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် ဒုတိယသမ္မတ(၂) ဦးစီးသော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစီးသော လုပ်ငန်းကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့အပြင် ဆပ်ကော်မတီ ကိုးခုဖြစ်သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ပညာရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ အလုပ်အကိုင်ရေးရာ ဆပ်ကော်မတီ၊ သုတေသန ဆပ်ကော်မတီ၊ စောင့်ကြည့်အကဲဖြတ် ဆပ်ကော်မတီ၊ မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်များရေးရာ ဆပ်ကော်မတီ၊ သတင်းအချက်အလက် နည်းပညာနှင့် လွယ်ကူစွာသွားလာနေထိုင်အသုံးပြု နိုင်ရေးဆိုင်ရာ ဆပ်ကော်မတီ၊ သဘာဝဘေးနှင့်အခြားအရေးပေါ် အခြေအနေဆိုင်ရာ ဆပ်ကော်မတီနှင့် တရားမျှတမှုရရှိပိုင်ခွင့်ဆိုင်ရာ ဆပ်ကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်းကိုလည်း ရေးဆွဲ၍ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ် တော်လှန်ရေး

တို့ပြည်တို့ရွာ၊ တို့နေရာကား
ချိန်ခါတစ်ကွေ့၊ သာယာမွေ့ခဲ့။
တိုင်းရင်းသားစုံ၊ သွေးချင်းဆုံပြီး
မကြုံစဖူး၊ အလှထူးခဲ့။
ပင်လုံခြေပြု၊ တို့တွေစုပြီး
မမှုရန်စွယ်၊ တွန်းလှန်ဖယ်ခဲ့။
နယ်ချဲ့သဘောက်၊ ရွံ့မကြောက်ဘဲ
တစ်ယောက်မကျန်၊ တို့တော်လှန်ခဲ့။
လွတ်လပ်အောင်ပန်း၊ တို့ဆင်မြန်းပြီး
တင့်ဆန်းထယ်ထယ်၊ ကမ္ဘာ့လယ်၌
စဉ်ဝယ်ဝံ့ကြွား၊ တို့ထင်ရှားခဲ့။
သမိုင်းစဉ်လာ၊ ရှိခဲ့တာမို့
ဘယ်ခါမပျက်၊ လက်ချင်းယှက်၍
နှိပ်စက်လာသူ၊ ဘုံရန်သူအား
သွင်မူဟန်ပြောင်း၊ ဉာဏ်သစ်လောင်းပြီး
ထပ်လောင်းခါမီ၊ တိုက်ပွဲချီစို့။
တို့သိပညာ၊ တတ်လိမ္မာဖြင့်
သူ၊ ငါ ကိုယ်စီ၊ ဉာဏ်မျှော်ရည်၍
ခန္တီတရား၊ လက်ကိုင်ထားပြီး
နေစားသမ္မ၊ အစုစုကို
အပြုဖက်တွင်၊ အကောင်းမြင်ပြီး
သင်လေကြိုးစား၊ အိုပြည်သားတို့။ ။

**မောင်ဇေယျ**


❑ *ရှေ့ဖုံးမှ*

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေး လေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့အနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး မလေးရှားနိုင်ငံမှ ယနေ့အထိ ကယ်ဆယ်ရေးလေယာဉ် (၁၄) ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**အမုန်းစကားမပြောရ။**

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# ကိုဗစ် - ၁၉ ခေတ်ခွဲအတည်ပြုလူနာများနှင့် ပြည်သူများအတွက် အသိပညာပေးအစီအစဉ်

## သတင်းအဖွဲ့



ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကိုဗစ်–၁၉ ရောဂါ ကုသရေးဌာနရှိ ဆေးစတို၌ ဆရာမများ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

မြန်မာနိုင်ငံ၌ ကိုဗစ် – ၁၉ ရောဂါ ၂၀၂၀ ပြည့်နှစ် မတ်လတွင် စတင်ဝင်ရောက်လာခဲ့သည်။ ကိုဗစ် – ၁၉ ရောဂါ မြန်မာနိုင်ငံကို စတင်ဝင်ရောက်လာသည့် အချိန်မှစပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်တွင် ပြည်တွင်းကူးစက်မှုများ များပြားလာသည့်အတွက် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များကလည်း ဆေးရုံများ၊ Quarantine Center များတွင် အစဉ်တစိုက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ခေတ်ခွဲအတည်ပြုလူနာတွေ့ရှိမှု များပြားလာသည့်အတွက် မြောက်ဥက္ကလာပမြို့နယ်ရှိ ဝေဘာဂီ အထူးကုဆေးရုံ၊ တောင်ဥက္ကလာပမြို့နယ်ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးနှင့် ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ ကိုဗစ်စင်တာများ၌ လူနာများကို ကုသပေးနေမှုများနှင့်စပ်လျဉ်းပြီး ပြည်သူများသိရှိနိုင်ရန် မြန်မာ့ရုပ်မြင်သံကြားမှ သတင်းအဖွဲ့က ဆက်သွယ်မေးမြန်းထားမှုများကို တင်ပြလိုက်ပါသည် –

**ပါမောက္ခဒေါက်တာဇော်ဝေစိုး**
**ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)**

ကိုဗစ် – ၁၉ ကုသမှုအပိုင်းအနေနဲ့ ရန်ကုန်မှာဆိုရင် ဝေဘာဂီ၊ တောင်ဥက္ကလာပနဲ့ ဖောင်ကြီး ကိုဗစ်စင်တာတို့ ရှိပါတယ်။ အဲဒါတွေရဲ့ အနေအထားကို ကြည့်မယ်ဆိုရင် ဝေဘာဂီနဲ့ တောင်ဥက္ကလာပက လူနာ ၇၀ စီ ဆံ့တဲ့အတွက် လူနာ ၁၄၀ ဆံ့ပါတယ်။ ICU (Intensive care unit – ICU)



ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကိုဗစ်–၁၉ ရောဂါ ကုသရေးဌာနရှိ ခေတ်ခွဲခန်းအဆောက်အအုံကို တွေ့ရစဉ်။

အနေနဲ့ ခုတင် ၂၀ လောက် ရှိပါတယ်။ ဖောင်ကြီး ကိုဗစ်စင်တာအနေနဲ့ အားလုံးပြင်ဆင်ပြီးရင် လူနာ ၁၀၀၀ ကျော်ထားနိုင်မှာ ဖြစ်ပါတယ်။ အထူးကြပ်မတ်ကုသဆောင် (ICU) အနေနဲ့ လူနာ ၄၀ ထားနိုင်မှာဖြစ်ပါတယ်။

ယခု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီး ဒဂုံဆိပ်ကမ်းမြို့နယ်မှာရှိတဲ့ ရိုးမအိမ်ရာကို Asymptomatic Hospital (ရောဂါလက္ခဏာမပြင်းထန်တဲ့လူနာတွေ၊ ရောဂါလက္ခဏာမရှိတဲ့ လူနာတွေကို ထားတဲ့ဆေးရုံ) အဖြစ်နဲ့ ကိုဗစ် – ၁၉ ခေတ်ခွဲအတည်ပြုလူနာတွေထားဖို့အတွက် စီစဉ်နေပါတယ်။ အဲဒီမှာ ရေချိုးခန်းနဲ့ အိမ်သာပါတဲ့ ပေ ၂၀ ပတ်လည်အခန်းတွေ ရှိပါတယ်။ ဒီလိုမျိုး အခန်းပေါင်း ၁၅၀ လောက်ရှိပါတယ်။ အခန်း ၁၅၀ မှာ တစ်ခန်းကို ၂ ယောက်နှုန်းနဲ့ ထားမယ်ဆိုရင် လူနာ ၆၀၀ ဆံ့မှာ ဖြစ်ပါတယ်။ ဒီလူတွေကို ပြုစုကုသစောင့်ရှောက်မယ့် ဆရာဝန်/ ဆရာမတွေကိုလည်း အိမ်ရာရဲ့ ဘေးကပ်လျက်မှာ နေထိုင်ဖို့ စီစဉ်ထားပါတယ်။ ဆရာဝန်/ ဆရာမတွေ အတွက် အခန်းပေါင်း ၃၂ ခန်း စီစဉ်ထားပါတယ်။ ဒီနေရာမှာ ရောဂါလက္ခဏာမပြင်းထန်တဲ့ လူနာတွေကို ကုသဖို့ စီစဉ်ထားပါတယ်။

ဒါပေမယ့် ကျွန်တော်တို့တွက်ချက်မှုအရ ဒီလူနာ ၆၀၀ နဲ့ မလောက်ပါဘူး။ တစ်နေ့ကို ယခုလို မျိုး ၁၅၀/ ၂၀၀ ခေတ်ခွဲအတည်ပြုလူနာတွေ ထွက်ပေါ်နေတာနဲ့ ကာဗာဖြစ်အောင် အနည်းဆုံး ၁၅၀၀ / ၂၀၀၀ လျာထားဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ယခု သုဝဏ္ဏဘောလုံးအကယ်ဒမီကျောင်းမှာထားဖို့ အစီအစဉ်ရှိပါတယ်။

### ရောဂါပြင်းထန်သူတွေကို ကုသပေးနေ

အလားတူ ရိုးမအိမ်ရာထဲမှာ ဆက်ပြီးထားနိုင်တဲ့ အခန်းတွေရှိပါသေးတယ်။ ဒါတွေကို ကျွန် တော်တို့ ဆက်ပြီးတိုးချဲ့မယ်ဆိုရင် လူ ၁၀၀၀ / ၁၅၀၀ လောက် ထားနိုင်မှာဖြစ်ပါတယ်။ ဖောင်ကြီး၊ တောင်ဥက္ကလာနဲ့ ဝေဘာဂီတို့မှာ ရောဂါပြင်းထန်တဲ့သူတွေကို ကုသပေးနေပါတယ်။ ဒီလို ရောဂါပြင်းထန်တဲ့သူတွေကို ကုသပေးဖို့အတွက် ခုတင် ၁၂၀၀ နီးပါးရှိပါတယ်။ အထူးကြပ်မတ်ကုသဆောင် (ICU) အနေနဲ့ ဝေဘာဂီမှာ ၁၂ ခုတင်နဲ့ တောင်ဥက္ကလာမှာ ၁၂ ခုတင် စုစုပေါင်း ၂၄ ခုတင် ရှိပါတယ်။ ဖောင်ကြီးက ခုတင် ၄၀ နဲ့ဆိုရင် ICU ၆၄ ခုတင် ရှိပါတယ်။ ဒါတွေနဲ့ ကုသပေးနေပါတယ်။ ဒီအနေအထားကိုကြည့်ပြီး ကျွန်တော်တို့ စီစဉ်နေတာက ယခုလာမယ့် တစ်ရက်/ နှစ်ရက်ကစပြီး ရောဂါလက္ခဏာပြင်းထန်တဲ့သူတွေကို ဖောင်ကြီး၊ ဝေဘာဂီနဲ့ တောင်ဥက္ကလာဆေးရုံတွေမှာ ကုသပေးမှာဖြစ်ပါတယ်။

ကိုဗစ် – ၁၉ ရောဂါရဲ့ ၇၀ ရာခိုင်နှုန်း သို့မဟုတ် ၇၅ ရာခိုင်နှုန်းက ရောဂါလက္ခဏာမပြင်းထန်ပါဘူး။ ရောဂါလက္ခဏာမရှိပါဘူး။ ဒီလူနာတွေကို နှစ်ပတ်ထားမယ်ဆိုရင် ရောဂါလက္ခဏာမရှိတဲ့အတွက် သူများကိုလည်း မကူးနိုင်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ဒီလူနာတွေကို နှစ်ပတ် ဆေးရုံ တင်ထားဖို့ လိုပါတယ်။ ဒီ နှစ်ပတ်လောက် ဆေးရုံတင်နိုင်မယ့် နေရာတွေကို စီစဉ်နေပါတယ်။ ကျွန်တော်တို့ ဒီလိုမျိုး ရောဂါလက္ခဏာ ၇၀ ရာခိုင်နှုန်းရှိတဲ့ လူနာတွေကို Asymptomatic Hospital တွေနဲ့ ထားနိုင်ဖို့လုပ်နေပါတယ်။ ရောဂါလက္ခဏာပြင်းထန်တဲ့သူတွေကို ကျွန်တော်တင်ပြခဲ့တဲ့ ဆေးရုံသုံးရုံမှာ ကုသဖို့စီစဉ်ထားပါတယ်။ ယခုလို ဆောင်ရွက်နေတာကနေ ကျွန်တော်တို့ နိုင်နိုင်နင်းနင်း ထိန်းချုပ်နိုင်ပြီဆိုရင် ဒီရောဂါကို ကျော်လွှားသွားနိုင်မှာ ဖြစ်ပါတယ်။ ဒီလို ကျော်လွှားသွားနိုင်ဖို့အတွက် အစွမ်းကုန်ကြိုးစားလျက်ရှိပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်သူလူထုကို တောင်းဆိုချင်တာက ဒီအချိန်မှာ ယခု တစ်ပတ်/ နှစ်ပတ် အတွင်းမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားထားသလို ကိုဗစ် – ၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေ၊ ညွှန်ကြားချက်တွေနဲ့အညီ နေပေးကြပါ။ တစ်ယောက်နဲ့ တစ်ယောက် ခြောက်ပေကွာအောင် နေပါဆိုလည်း နေပေးကြပါ။ တစ်ယောက်ချင်း၊ တစ်ဦးချင်းစီရဲ့ စည်းကမ်းနဲ့ လိုက်နာမှု အသိစိတ်ခေတ်က အရေးကြီးပါတယ်။

### တစ်ဦးချင်းစီက ထိန်းဖို့လို

ဒီကိစ္စက ဆေးကုလို့ရတဲ့ ကိစ္စမဟုတ်ပါဘူး။ ကျွန်တော်တို့ ကုသဖို့လုပ်နေတာက ရောဂါပျောက်ဖို့ မဟုတ်ပါဘူး။ ယခုကုသဖို့ လုပ်နေတာတွေက ရောဂါကို ထိန်းဖို့ဖြစ်ပါတယ်။ ဒီလိုထိန်းတာက ကျွန်တော်တို့ ကုသတဲ့ ဝန်ထမ်းတွေ/ ဆရာဝန်တွေကမှ ထိန်းနိုင်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ရှိနေတဲ့ တစ်ယောက်ချင်း၊ တစ်ဦးချင်းစီက ထိန်းနိုင်မှ ဖြစ်မှာပါ။ ထိန်းဖို့လိုပါတယ်။ ကိုယ်ရှူထုတ်လိုက်တဲ့လေကို သူများတွေ မရှူဖို့လိုပါတယ်။ သူများတွေ ရှူထုတ်လိုက်တဲ့ လေကိုလည်း ကိုယ်က မရှူဖို့လိုပါတယ်။ ကိုယ်ဆီက ရောဂါပိုး သူများဆီ မကူးဖို့လိုပါတယ်။ သူများဆီက ရောဂါပိုး ကိုယ့်ဆီ မကူးဖို့လိုပါတယ်။ ဒါတွေကို တကယ်စောင့်ထိန်းလိုက်နာရမယ့် ကျွန်တော်တို့ ရန်ကုန်မြို့မှာ ရှိနေတဲ့ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီတိုင်းက ဒါကို အတိအကျ နှစ်ပတ်လိုက်နာကြရင် ဒီရောဂါကို ကျွန်တော်တို့ နိုင်ပါပြီ။

ဒါကိုနိုင်အောင် ကျွန်တော်တို့ လုပ်ရပါမယ်။ ဒီလိုမျိုး တစ်ဦးချင်း၊ တစ်ယောက်ချင်းစီတိုင်းက ထိန်းသိမ်းရင် တစ်ဖက်ကနေ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ကနေ အားလုံးပူးပေါင်းပြီးထိန်းရင် ဒီရောဂါကို နိုင်မှာဖြစ်ပါတယ်။

ဒီအချိန်မှာ လိုက်နာရင် လိုက်နာ၊ မလိုက်နာရင် ကျွန်တော်တို့ တစ်တိုင်းတစ်ပြည်လုံး ဒီရောဂါ ကူးစက်ခံရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအချိန်က သိပ်ကိုအရေးကြီးတဲ့ အချိန်ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအပါအဝင် ဌာနပေါင်းစုံက အတိအကျ ဒါတွေကို လိုက်နာပေးပြီး နှစ်ပတ် အသေအချာ လုပ်လိုက်မယ်ဆိုရင် နိုင်မှာဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ရင် ဒါကိုကျော်လွှားဖို့ ခက်ပါပြီ။

*(ဆက်လက်ဖော်ပြပါမည်)*



ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကိုဗစ်–၁၉ ရောဂါ ကုသရေးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်၊ ဆရာမများအား YRTA ယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးစဉ်။



ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကိုဗစ်–၁၉ ရောဂါ ကုသရေးဌာနရှိ အထူးကြပ်မတ်ကုသဆောင်များ၌ လူနာများ ကုသမည့်စက်ပစ္စည်းများနှင့် ခုတင်များ ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

# မလိုအပ်ဘဲနဲ့ ခရီးမသွားပါနဲ့



ခရီးသွားလာတာနဲ့ ပတ်သက်လို့ ပထမဦးဆုံး ရခိုင်မှာ ရောဂါပြန့်ပွားနေပြီ၊ စစ်တွေမှာ တော်တော်များများတွေ့ပြီဆိုတာသိတဲ့အခါမှာ ရခိုင်ဘက်ကနေပြီးတော့ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ခရီးမထွက်ဖို့ဆိုပြီး ပိတ်ပင်လိုက်ပါတယ်။ ပိတ်ပင်လိုက်တဲ့အခါ ရခိုင်ပြည်နယ်က ကျွန်မတို့ပြည်သူတွေက ထွက်ချင်ကြတယ်။ ကျွန်မတို့က ထွက်ခွင့်မပေးဘူး။ အဲဒီတုန်းက ကျွန်မရှင်းပြပါတယ်။ ကျွန်မတို့ရဲ့ ရခိုင်က ပြည်သူတွေကို အငြိုးအတေးနဲ့လည်း မဟုတ်ပါဘူး။ ဒီလိုပြန့်သွားရင် အားလုံးအတွက် အန္တရာယ်ရှိတဲ့အပြင် တစ်တိုင်းပြည်လုံးမှာ ပြဿနာဖြစ်နေရင် ရခိုင်ပြည်နယ်အတွက်လည်း ဦးစားပေးပြီး သတ်သတ်မှတ်မှတ်လုပ်ပေးဖို့ ပိုပြီးတော့ ခက်ပါလိမ့်မယ်။ ဒါကြောင့် ကျွန်မတို့က တကယ်ရောဂါပြန့်ပွားမှုများနေတဲ့နေရာတွေကို ဦးစားပေးပြီးတော့ သေသေချာချာလုပ်ပေးနိုင်အောင် ဒီလို ကန့်သတ်ရတာပါ။

အခုလည်း ရန်ကုန်တိုင်းမှာဆိုရင် ဒီလိုပါပဲ။ ရန်ကုန်တိုင်းအတွင်းမှာဆိုရင် တစ်တိုင်းပြည်လုံးမှာ ရောဂါပြန့် ပွားမှု အခြေအနေက အမြန်ဆုံးပဲဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်မတို့ အကန့်အသတ်တွေ လုပ်တာပါ။ ရန်ကုန်တိုင်းပြင်ပကိုလည်း မလိုအပ်ဘဲနဲ့ မသွားပါနဲ့။ သွားရင်လည်း တခြား တိုင်းတွေ၊ ပြည်နယ်တွေက စည်းမျဉ်းစည်းကမ်းအရ စစ်ဆေးတာတို့၊ Quarantine လုပ်တာတို့ သတ်မှတ်ပါလိမ့်မယ်။ အဲဒီအခါ အဲဒီအတိုင်းပဲ လိုက်နာရမှာဖြစ်ပါတယ်။

**( Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၁၀ ရက်နေ့တွင် COVID–19 ရောဂါ ပြန့်ပွားမှုကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရေးနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၃၁၉ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၈၂၁ ဦး ရှိသွားပြီ

**နေပြည်တော် စက်တင်ဘာ ၁၆**

ယနေ့တွင် ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၃၁၉ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၈၂၁ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ ရှိသူ ၃၈၂၁ ဦးအနက် သေဆုံးသူ ၄၀၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၉၀၈ ဦးနှင့် စက်တင်ဘာ ၁၅ ရက်မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၁၆ ရက်မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၈၀ ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၉၁၆၉၆ | ၃၈၂၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၉၀၈ | ၄၀ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၉၁၆၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၉၀၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၆– ၉–၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

## COVID–19 Call Center အချိန်ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၁၆**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ(**အစား**) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

### ၁၆-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၇၈၈၄၇၁ | ၄၀၆၈၇၀၄ | ၂၀၀၁၉၇ |
| ၂။ | အိန္ဒိယ | ၅၀၂၅၀၆၃ | ၃၉၄၂၃၆၀ | ၈၂၁၂၄ |
| ၃။ | ဘရာဇီး | ၄၃၈၄၂၉၉ | ၃၆၇၁၁၂၈ | ၁၃၃၂၀၇ |
| ၄။ | ရုရှား | ၁၀၇၉၅၁၉ | ၈၉၀၁၁၄ | ၁၈၉၁၇ |
| ၅။ | ပီရူး | ၇၃၈၀၂၀ | ၅၈၀၇၅၃ | ၃၀၉၂၇ |
| ၆။ | ကိုလံဘီယာ | ၇၂၈၅၉၀ | ၆၀၇၉၇၈ | ၂၃၂၈၈ |
| ၇။ | မက္ကဆီကို | ၆၇၆၄၈၇ | ၄၈၁၀၆၈ | ၇၁၆၇၈ |
| ၈။ | တောင်အာဖရိက | ၆၅၁၅၂၁ | ၅၈၃၁၂၆ | ၁၅၆၄၁ |
| ၉။ | စပိန် | ၆၀၃၁၆၇ | စိစစ်ဆဲ | ၃၀၀၀၄ |
| ၁၀။ | အာဂျင်တီးနား | ၅၇၇၃၃၈ | ၄၃၈၈၈၃ | ၁၁၈၅၂ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၆ – ၉ – ၂၀၂၀


| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၇၂၉၃၄ | ၂၀၇၈၅၈ | ၄၇၃၂ |
| အင်ဒိုနီးရှား | ၂၂၈၉၉၃ | ၁၆၄၁၀၁ | ၉၁၀၀ |
| စင်ကာပူ | ၅၇၅၁၅ | ၅၆၈၈၄ | ၂၇ |
| မလေးရှား | ၁၀၀၃၁ | ၉၂၃၅ | ၁၂၈ |
| မြန်မာ | ၃၈၂၁ | ၉၀၈ | ၄၀ |
| ထိုင်း | ၃၄၉၀ | ၃၃၁၆ | ၅၈ |
| ဗီယက်နမ် | ၁၀၆၃ | ၉၃၁ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၅ | ၂၇၄ | ၀ |
| ဘရူနိုင်း | ၁၄၅ | ၁၃၉ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

# အွန်လိုင်းမှတစ်ဆင့် MRTV ကို ကြည့်ရှုခံစားပါ

ခင်ရတနာ

**ပြောင်းလဲလာသည့် နည်းပညာခေတ်တွင် လုပ်ငန်းဆောင်တာများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် လိုက်ပါပြောင်းလဲခြင်းက လုပ်ငန်းများ အရှိန်အဟုန်မပျက် ရပ်တည်နိုင်ရန်အတွက် သော့ချက်ဖြစ်သည်။ စိန်ရတုနှစ်ကြိုဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အွန်လိုင်း မီဒီယာဖြင့်လည်း ပရိသတ်များအတွက် တင်ဆက်ပေးလျက်ရှိသည်။**

၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အွန်လိုင်းမီဒီယာ ပလက်ဖောင်းကို စတင်ခဲ့သည်။ www.mrtv.gov.mmတွင် ပြည်တွင်း၊ ပြည်ပ သတင်းများ၊ အားကစားနှင့် ဖျော်ဖြေမှုများ၊ အသိပညာ မြှင့်တင်ရေး အစီအစဉ်များ၊ သုတရသ အစီအစဉ်များဖြင့် ကဏ္ဍအလိုက် လွှင့်တင်ထားသည်ကို မြင်တွေ့ရသည်။ MRTV Webportal မှ MRTV Facebook, You Tube, Live Stream နှင့် Sound Cloud များက အချိန်နှင့်တစ်ပြေးညီ ပြည်တွင်း၊ ပြည်ပ သတင်းများကို ထုတ်လွှင့်လျက်ရှိသည်။ လူမှုကွန်ရက် ဖေ့စ်ဘွတ်စာမျက်နှာဖြစ်သည့် MRTV ကိုလည်း အားပေးသူပေါင်း ကိုးသန်းကျော် ရှိလာခဲ့ပြီဖြစ်သည်။




- ❒ MRTV Webportal မှ MRTV Facebook, You Tube, Live Stream နှင့် Sound Cloud များက အချိန်နှင့်တစ်ပြေးညီ ပြည်တွင်း၊ ပြည်ပ သတင်းများကို ထုတ်လွှင့်လျက်ရှိ၊ လူမှုကွန်ရက် ဖေ့စ်ဘွတ်စာမျက်နှာဖြစ်သည့် MRTV ကိုလည်း အားပေးသူပေါင်း ကိုးသန်းကျော် ရှိလာခဲ့ပြီ
- ❒ ဝက်ဘ်ဆိုက်၏ မူလစာမျက်နှာအတွင်း Election 2020 ကဏ္ဍကို သီးသန့်ဖော်ပြထားသဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဆိုင်ရာ သတင်း အချက်အလက်များအားလုံးကို သီးသန့်ဝင်ရောက်ဖတ်ရှုနိုင်မည်ဖြစ်

### MRTV ဝက်ဘ်ဆိုက်ကနေ ဘာတွေရနိုင်မလဲ

ပြည်တွင်းနှင့် နိုင်ငံတကာမှ ထူးခြားသည့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် Latest News ကဏ္ဍတွင် ဖတ်ရှုနိုင်ပါသည်။ MRTV မှ နေ့စဉ်ထုတ်လွှင့်နေသည့် သတင်းအစီအစဉ်များကိုလည်း ဝက်ဘ်ဆိုက်တွင် နေ့စွဲအလိုက် ပြန်လည်ကြည့်ရှုနိုင်သကဲ့သို့ ဒေါင်းလုပ်ခ် (Download) ရယူသိမ်းဆည်းနိုင်စေရန် တစ်ပုဒ်ချင်း ပြန်လည်လွှင့်တင်ထားရှိသည်။

Live Stream Menu အောက်တွင် MRTV Channel ကို Live Streaming ထုတ်လွှင့်ပေးထားခြင်းကြောင့် ရုပ်မြင်သံကြားနှင့် တစ်ပြိုင်တည်း အစီအစဉ်များအားလုံးကို တိုက်ရိုက်ကြည့်ရှုနိုင်သည်။ MRTV အပြင် MITV, Hluttaw, NRC နှင့် Farmers ရုပ်သံလိုင်း ငါးလိုင်းနှင့် မြန်မာ့အသံရေဒီယို၊ မြန်မာနိုင်ငံအထက်ပိုင်း တိုင်းရင်းသား ရေဒီယို၊ မြန်မာနိုင်ငံအောက်ပိုင်း တိုင်းရင်းသား ရေဒီယိုဖြစ်သည့် ရေဒီယိုသုံးလိုင်းကိုလည်း www.mrtvlivestream.tv ၌ livestreaming လွှင့်တင်ထားသဖြင့် Android Mobile Devices မှ တိုက်ရိုက်ကြည့်ရှုနိုင်ပြီ ဖြစ်ပါသည်။

"သတင်းထူးတွေကို ပရိသတ်တွေ အချိန်နဲ့ တစ်ပြေးညီ သိရှိစေဖို့အတွက် New Media တွေဖြစ်တဲ့ ဝက်ဘ်ပေါ်တယ်နဲ့ ဖေ့စ်ဘွတ်၊ You Tube တို့ကနေ လွှင့်တင်ပေးနေပါတယ်။ ပုံမှန်သတင်းအပြည့်အစုံကိုလည်း New Media ပေါ်မှာ ပြန်တင်ပေးတယ်။ ဒါကြောင့် အွန်လိုင်းကနေ သတင်းထူးတွေကို အချိန်မဆိုင်း ကြည့်နိုင်သလို တီဗွီသတင်းအပြည့်အစုံကိုလည်း အချိန်နဲ့ တစ်ပြေးညီကြည့်ရှုနိုင်ပါတယ်"ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်က ပြောကြားသည်။

သတင်းဗီဒီယိုများ၊ ထူးခြားဆန်းပြားသည့် သတင်းဦးများနှင့် နိုင်ငံတော်အကြီးအကဲများ၏ မိန့်ခွန်းစုစည်းမှုများက MRTV ဝက်ဘ်ဆိုက်ကို အားဖြည့်ပေးထားသည်။ တိုင်းရင်းသားရုပ်သံလိုင်းများကိုလည်း အွန်လိုင်းတွင် ဝင်ရောက်နားဆင်ကြည့်ရှုနိုင်သကဲ့သို့ ဝန်ကြီးဌာနအသီးသီးမှ ပြည်သူအတွက် ထုတ်ပြန်ချက်၊ ပန်ကြားချက်များကိုလည်း ဖတ်ရှုနိုင်ကြမည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝက်ဘ်ဆိုက်တွင် သတင်းများ၊ တိုက်ရိုက်ထုတ်လွှင့်တင်ဆက်မှုများ၊ တိုင်းရင်းသားဘာသာစကားဖြင့် တင်ဆက်မှုများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးတင်ဆက်ထားသည့် အစီအစဉ်များအားလုံးကို ဝင်ရောက်ကြည့်ရှုနိုင်မည် ဖြစ်သည်။

### ရွေးကောက်ပွဲဆိုင်ရာ အချက်များ တစ်နေရာတည်းရယူ

ဝက်ဘ်ဆိုက်၏ မူလစာမျက်နှာအတွင်း Election 2020 ကဏ္ဍကို သီးသန့်ဖော်ပြထားသဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များအားလုံးကို သီးသန့်ဝင်ရောက်ဖတ်ရှုနိုင်မည် ဖြစ်သည်။ ယင်းကဏ္ဍတွင် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးတေးသီချင်းများ၊ ရွေးကောက်ပွဲအကြောင်း သိကောင်းစရာများ ပညာပေးအစီအစဉ်၊ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများနှင့် ဆန္ဒမဲပေးသူများ၏ အခွင့်အရေးများကို ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။ ရွေးကောက်ပွဲကျင်းပရန် နီးကပ်လာသည်နှင့် နိုင်ငံရေးပါတီများ၏ ပြည်သူထံတင်ပြချက်များနှင့် ရွေးကောက်ပွဲအတွက် ရက်ပေါင်း ၆၀ Count Down အစီအစဉ်များကိုလည်း လွှင့်တင်လျက်ရှိပါသည်။

### ကမ္ဘာ့ကပ်ရောဂါနှင့် နောက်ဆုံးရသတင်းများ


Covid-19 Pandemic ကဏ္ဍတွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးရလဒ်သတင်းများ၊ ကျန်းမာရေး အသိပညာပေးဆွေးနွေးမှုများ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုဗစ်-၁၉ ရောဂါ အကြောင်းကို အပြန်အလှန် ဆွေးနွေးထားသည့် အွန်လိုင်းဆွေးနွေးမှုများ၊ နိုင်ငံအသီးသီးမှ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများ ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ရန် နည်းလမ်းများနှင့် ဆောင်ရွက်ထားရှိမှု အစီအမံများအားလုံးကို တစ်နေရာတည်းမှာပင် ဝင်ရောက်ကြည့်ရှုနိုင်ခြင်းကြောင့် သတင်းအချက်အလက် ရရှိလိုသူများအတွက် အဆင်ပြေစေမည် ဖြစ်သည်။


ထို့ပြင် လူအများ စိတ်ဝင်စားသည့် ကိုဗစ်-၁၉ ကူးစက်ခံရသည့် လူဦးရေစာရင်းများ၊ ကူးစက်သူများ၏ ဒေသနှင့် အချက်အလက်များ၊ ကျန်းမာရေးအခြေအနေများနှင့် အရေးပေါ်တုံ့ပြန်ရေးအစီအမံများကို အလျင်မြန်ဆုံးသိရှိနိုင်ရန် အားထားရသည့် ဝက်ဘ်ဆိုက်တစ်ခုလည်းဖြစ်သည်။


### ကဏ္ဍပေါင်းများစွာထဲက နှစ်သက်ရာရွေးချယ်နိုင်

ဝက်ဘ်ဆိုက်တွင် နိုင်ငံတော်အကြီးအကဲများ၏ မိန့်ခွန်းများ၊ နိုင်ငံတကာရေးရာသတင်းများ၊ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ခရီးသွားလာရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှုထိန်းသိမ်းရေး၊ အလုပ်သမားအရေး၊ အားကစား၊ ဖျော်ဖြေရေး၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတို့အပြင် နိုင်ငံရေးဆိုင်ရာ ဆွေးနွေးခြင်းကဏ္ဍ၊ အမျိုးသမီးများဆိုင်ရာ ဆွေးနွေးခြင်းကဏ္ဍ၊ စီးပွားရေးဆိုင်ရာ ဆွေးနွေးအဖြေရှာခြင်းကဏ္ဍ စသည်ဖြင့် သီးသန့်ကဏ္ဍငယ်များ ခွဲခြားကြည့်ရှုနိုင်သည်ကိုလည်း မြင်တွေ့ရသည်။

*စာမျက်နှာ ၉ သို့*









*စာမျက်နှာ ၈ မှ*


ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များ၊ သဘာဝဘေးကြုံတွေ့နေရသည့် ဒေသများ၏ သတင်းအချက်အလက်များကိုလည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အွန်လိုင်းမီဒီယာများတွင် ကြည့်ရှုနိုင်သည်။ ကိုဗစ်-၁၉ ရောဂါ ပထမဆုံး စတင်တွေ့ရှိရသည့် သတင်းမျိုးတွင် လူမှုကွန်ရက်၌ ကြည့်ရှုသူသိန်းနှင့်ချီ၍ မြင်တွေ့ရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ လူနာများ စံချိန်တင် မြင့်တက်လာခဲ့သည့် သတင်း၊ နိုင်ငံတကာ အားကစားသတင်းအချို့မှာ ပရိသတ်များစိတ်ပါဝင်စားမှု အများဆုံးဖြစ်သည်ကိုလည်း Viewer, Like နှင့် Share ပြုလုပ်သူဦးရေအရ သိမြင်နိုင်သည်။


**ကိုဗစ်-၁၉ ကာလ ပြည်သူများအတွက် အပန်းဖြေစရာ**


အွန်လိုင်းမှတစ်ဆင့် ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုခံစားနိုင်ရန် မြန်မာ့ရုပ်ရှင်ရာပြည့်အစီအစဉ်များ၊ ရန်ကုန်တက္ကသိုလ်ရာပြည့်အစီအစဉ်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုအထိမ်းအမှတ် အစီအစဉ်ကောင်းများကိုလည်း တိုက်ရိုက်ထုတ်လွှင့် တင်ဆက်ပေးနေသည်ကိုလည်း သတိပြုမိသည်။ သောကြာနေ့ညတိုင်း လွှင့်တင်ပေးသည့် မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲအမှတ်-၃ဆိုလျှင် လူမှုကွန်ရက်မှ ကြည့်ရှုအားပေးသူ ခြောက်သိန်းကျော်အထိ ရှိနေသည်ကိုလည်း မြင်တွေ့ရသည်။

**တိုက်ရိုက်အစီအစဉ်များကို ကြည့်ရှုသူများပြား**

တိုက်ရိုက်ရိုက်ကူး ထုတ်လွှင့်တင်ဆက်ခြင်းအစီအစဉ်တွင် နိုင်ငံအတွက် ထူးခြားသည့် အခမ်းအနားများကို တင်ဆက်ပေးလျက်ရှိရာ ပြီးခဲ့သည့်ရက်ပိုင်းက ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး တိုက်ရိုက်တင်ဆက်မှုကို အွန်လိုင်းမှ ကြည့်ရှုသူတစ်သိန်းကျော် ရှိခဲ့သည်ကိုလည်း တွေ့ရှိရသည်။




MRTV အွန်လိုင်းအစီအစဉ်များအတွက် နေ့စဉ်သတင်းနှင့် အစီအစဉ်များ ပုဒ်ရေ ၁၈၀ ခန့် တင်ဆက်ပေးလျက်ရှိပြီး ယင်းတို့တွင် တီဗွီသတင်း၊ ရေဒီယိုသတင်းနှင့် ဓာတ်ပုံသတင်းများပါဝင်သည်။ သတင်းထူးမရှိသည့် နေ့ရက်များတွင် MRTV Facebook page သို့ ဝင်ရောက်ကြည့်ရှုသူ ခြောက်ထောင်မှ တစ်သောင်းကြားတွင်ရှိပြီး ထူးခြားသည့် သတင်းများ တင်ဆက်ရသည့်အခါ ကြည့်ရှုသူ သုံးသောင်းမှ ငါးသောင်းကျော်အထိ ရှိနေသည်။

MRTV တွင် သတင်းအချက်အလက်များ ပိုမိုအားကောင်းစေရန် အနယ်နယ်အရပ်ရပ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှ စုဆောင်းတင်ဆက်သည့် သတင်းရုပ်ပုံ၊ သတင်းစာသား၊ ရုပ်သံတို့ကို အွန်လိုင်းမှ တင်ဆက်ပေးလျက်ရှိသည်။ နိုင်ငံတကာသတင်းဌာနစိတ်မှလည်း နိုင်ငံတကာသတင်းများကို AFP, NHK, CCTV, APU စသည့် သတင်းဌာနများမှရယူကာ ဘာသာပြန်ဆို၍ အွန်လိုင်းတွင် ကမ္ဘာ့သတင်းထူးများအဖြစ် တင်ဆက်ပေးလျက်ရှိသည်။

**သတင်းမှန်ကန်မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့်မီဒီယာ**

MRTV ၏ မီဒီယာပလက်ဖောင်းအသစ် New Media တွင် အယ်ဒီတာလမ်းညွှန်ချက်များထားရှိပြီး နိုင်ငံပိုင်မီဒီယာပီသစွာ သတင်းမှန်ရရှိရေးအတွက် မှန်ကန်မှုရှိခြင်း၊ အချက်အလက်ပြည့်စုံခြင်းနှင့် ဘက်မလိုက်ဘဲ မျှတမှုရှိခြင်း၊ သတင်းရင်းမြစ်ခိုင်မာခြင်းတို့ကို သတိထားဆောင်ရွက်နေသည်ကိုလည်း မြင်တွေ့ရသည်။


မူလက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အွန်လိုင်းသတင်းဌာနအတွက် ဝန်ထမ်း ၁၄ ဦးသာရှိခဲ့ရာမှ New Media အသွင်ကူးပြောင်းနိုင်စေရေးအတွက် ဝန်ထမ်းအင်အား ၂၇ ဦးဖြင့် သတင်းလွှင့်တင်မှုများကို ဆောင်ရွက်နေပြီး တစ်နိုင်ငံလုံးက သတင်းဗျူရိုများမှ သတင်းထောက်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ မြန်မာ့သတင်းစဉ်မှ ထုတ်ပြန်သည့် နိုင်ငံတော်သတင်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ အမြို့မြို့အနယ်နယ်မှ သတင်းထောက်များမှ ရေးသားပေးပို့ကြသည့် သတင်းများနှင့် ဝန်ကြီးဌာနများ၏ Official Page များမှ လွှင့်တင်ပေးသည့် သတင်းများကို Credit ပေးကာ အချိန်နှင့်တစ်ပြေးညီ ပြန်လည်ထုတ်လွှင့်ဖော်ပြပေးပြီး နေ့စဉ်တင်ဆက်လျက်ရှိသည်။

MRTV Facebook page စာမျက်နှာသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနတစ်ခုလုံးကို ကိုယ်စားပြုပြီး ရုပ်သံလိုင်းများနှင့် ရေဒီယိုလိုင်းများမှ ထုတ်လွှင့်သည့် သတင်းနှင့် အစီအစဉ်များကို လွှင့်တင်ပေးလျက်ရှိသည်။ လူငယ်များအတွက် စိတ်ဝင်စားစေမည့် ဘောလုံးပွဲတိုက်ရိုက်ပြသမှုများ၊ နာရီစဉ်သတင်းများနှင့် နိုင်ငံတကာသတင်းများကို တိုက်ရိုက်လွှင့်တင်ပေးခဲ့ရာမှ ပိုမိုအဆင်ပြေစေရန်အတွက် MRTV-LIVE Page မှ တိုက်ရိုက်တင်ဆက်မှုများကို ဝင်ရောက်ကြည့်ရှုနိုင်သည်။

MRTV ဝက်ဘ်ဆိုက်နှင့် လူမှုကွန်ရက်ဖေ့စ်ဘွတ်စာမျက်နှာများမှ နေ့စဉ်သတင်းများကို ဝေဝေဆာဆာဖြင့် တင်ဆက်လျက်ရှိရာ အားပေးသူများပြားလာသည်နှင့်အမျှ အွန်လိုင်းအဖွဲ့များစုဖွဲ့ကာ သတင်းနှင့် အစီအစဉ်အကျဉ်း (ဓာတ်လမ်းတို)များ လွှင့်တင်ပေးနိုင်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုဖြင့် အွန်လိုင်းပလက်ဖောင်းများမှတစ်ဆင့် ဒစ်ဂျစ်တယ်မီဒီယာကို သတင်းဌာနအသီးသီးက အကောင်အထည်ဖော်လျက်ရှိရာ ခိုင်မာမှန်ကန်၍ ဘက်မလိုက်မျှတသည့် သတင်းများ၊ ပညာပေးအစီအစဉ်များနှင့် သုတ ရသများစွာကို အွန်လိုင်းမှတစ်ဆင့် အသုံးပြုသူများထံ အရောက်တင်ဆက်နေပြီဖြစ်ပါကြောင်း။ ။

**MRTV Facebook page စာမျက်နှာသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနတစ်ခုလုံးကို ကိုယ်စားပြုပြီး ရုပ်သံလိုင်းများနှင့် ရေဒီယိုလိုင်းများမှ ထုတ်လွှင့်သည့် သတင်းနှင့် အစီအစဉ်များကို လွှင့်တင်ပေးလျက်ရှိသည်။ လူငယ်များအတွက် စိတ်ဝင်စားစေမည့် ဘောလုံးပွဲတိုက်ရိုက်ပြသမှုများ၊ နာရီစဉ်သတင်းများနှင့် နိုင်ငံတကာသတင်းများကို တိုက်ရိုက်လွှင့်တင်ပေးခဲ့ရာမှ ပိုမိုအဆင်ပြေစေရန်အတွက် MRTV-LIVE Page မှ တိုက်ရိုက်တင်ဆက်မှုများကို ဝင်ရောက်ကြည့်ရှုနိုင်**



# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၅-၉-၂၀၂၀) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၁၆-၉-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ

၁။ (၁၅-၉-၂၀၂၀) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၁၆-၉-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအတွင်း COVID-19 ဓာတ်ခွဲ စစ်ဆေးချက်များအရ -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲ နမူနာ (၁,၀၉၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၃၆၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဒုတိယ အသုတ် ဓာတ်ခွဲနမူနာ (၂၀၁) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး)မှ ဒုတိယ အသုတ် ဓာတ်ခွဲနမူနာ (၁၉၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၁၆) ခု နှင့်
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၅၃၈) ခု

စုစုပေါင်း ဓာတ်ခွဲနမူနာ (၂,၄၂၄) ခုတို့အား ထပ်မံ စစ်ဆေးပြီးစီးခဲ့ရာ

- COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၄) ဦးတွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၁၆-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃,၆၃၆)ဦး ရှိပြီဖြစ်ပါသည်။

၃။ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၈၈)နှစ်အရွယ် သွေးတိုးရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါအခံရှိသူ အမျိုးသမီး (Case-2347) သည် ပြင်းထန်အဆုတ်ရောင် ရောဂါကြောင့် ရုတ်တရက် အသက်ရှူလမ်းကြောင်းပျက်စီးခြင်းဖြင့် (၁၅-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁:၂၈) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၄။ COVID-19 ကုသရေးဌာန (ဖောင်ကြီး) တွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၈၉) နှစ်အရွယ် သွေးတိုးရောဂါအခံရှိသူ အမျိုးသမီး (Case-1589) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက်အသက်ရှူလမ်းကြောင်း ပျက်စီးခြင်းဖြင့် (၁၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၂၅) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၅။ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၅၁) နှစ်အရွယ် နှလုံးသွေးကြောကျဉ်း ရောဂါအခံရှိသူ အမျိုးသား (Case-3122) သည် ပြင်းထန်အဆုတ်ရောင် ရောဂါကြောင့် ရုတ်တရက် အသက်ရှူ လမ်းကြောင်းပျက်စီးခြင်းဖြင့် (၁၄-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၃:၃၀) နာရီ အချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၆။ သန်လျင်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၆၈) နှစ် အရွယ် ပန်းနာရင်ကျပ်ရောဂါ၊ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါအခံရှိသူ အမျိုးသား (Case-3258) သည် ပြင်းထန်အဆုတ်ရောင် ရောဂါကြောင့် ရုတ်တရက် အသက်ရှူလမ်းကြောင်း ပျက်စီးခြင်းဖြင့် (၁၄-၉-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၅) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၇။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၃၉)ဦး ရှိပြီဖြစ်ပါသည်။

၈။ (၁၅-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁,၉၂၇) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၂၉၁) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၇၂၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲ နမူနာ (၄၄၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) မှ ဓာတ်ခွဲ နမူနာ (၄၇၆) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၄၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၄၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၃၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တီးတိန်မြို့မှ ဓာတ်ခွဲနမူနာ (၁၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၁၆) ခု နှင့်
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၅၃၈) ခု

စုစုပေါင်း (၄,၅၉၇) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၃၇) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာ (၂၀၃) ဦး တွေ့ရှိကြောင်းကို (၁၅-၉-၂၀၂၀) ရက်နေ့၊ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၁၅-၉-၂၀၂၀) ရက်နေ့ ည(၈) နာရီမှ (၁၆-၉-၂၀၂၀)ရက်နေ့၊**
**နံနက်(၈:၀၀)နာရီအထိ**

| | |
|---|---|
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) | (၁,၀၉၄) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ(ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ | (၃၆၄) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ(ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ | (၂၀၁) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး) မှ(ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ | (၁၉၉) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ | (၁၆) ခု |
| (၁၅-၉-၂၀၂၀) အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ | (၅၃၈) ခု |
| (၁၅-၉-၂၀၂၀) ရက်နေ့တွင် ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂,၄၂၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁၃၄) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၅-၉-၂၀၂၀) ရက်နေ့ ည(၈) နာရီမှ (၁၆-၉-၂၀၂၀)ရက်နေ့၊**
**နံနက်(၈:၀၀)နာရီအထိ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁၃၄) ဦး | (၃,၆၃၆) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၀) ဦး | (၈၃၂) ဦး |
| သေဆုံးလူနာ | (၄) ဦး | (၃၉) ဦး |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၆-၉-၂၀၂၀) ရက်နေ့၊ ညနေ (၃:၀၀)နာရီ

၁။ (၁၅-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာစုစုပေါင်း (၄,၅၉၇) ခုအနက် အတည်ပြုလူနာ (၃၃၇) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာဇံမြို့နယ် | ၈ |
| | | မဟာအောင်မြေမြို့နယ် | ၂ |
| | | အမရပူရမြို့နယ် | ၃ |
| | | ငါန်းဇွန်မြို့နယ်* | ၁ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | အလုံမြို့နယ် | ၃ |
| | | ဗဟန်းမြို့နယ် | ၂ |
| | | ဗိုလ်တထောင်မြို့နယ် | ၅ |
| | | ဒဂုံမြို့နယ် | ၁ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် | ၃ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် | ၂ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် | ၁၀ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၂ |
| | | ဒလမြို့နယ် | ၂၇ |
| | | ဒေါပုံမြို့နယ် | ၁ |
| | | လှိုင်မြို့နယ် | ၁၄ |
| | | လှိုင်သာယာမြို့နယ် | ၂၀ |
| | | ထန်းတပင်မြို့နယ် | ၁ |
| | | အင်းစိန်မြို့နယ် | ၂၈ |
| | | ကမာရွတ်မြို့နယ် | ၅ |
| | | ကော့မှူးမြို့နယ် | ၇ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၁၀ |
| | | လမ်းမတော်မြို့နယ် | ၁၁ |
| | | လသာမြို့နယ် | ၉ |
| | | မရမ်းကုန်းမြို့နယ် | ၇ |
| | | မင်္ဂလာဒုံမြို့နယ် | ၃ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၅ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၇ |
| | | ပန်းဘဲတန်းမြို့နယ် | ၁၄ |
| | | ပုဇွန်တောင်မြို့နယ် | ၂ |
| | | စမ်းချောင်းမြို့နယ် | ၅ |
| | | ဆိပ်ကြီးခနောင်တိုမြို့နယ် | ၁ |
| | | ရွှေပြည်သာမြို့နယ် | ၁၁ |
| | | တောင်ဥက္ကလာပမြို့နယ် | ၉ |
| | | တာမွေမြို့နယ် | ၁၁ |
| | | သာကေတမြို့နယ် | ၈ |
| | | သန်လျင်မြို့နယ် | ၁ |
| | | သင်္ဃန်းကျွန်းမြို့နယ် | ၁၇ |
| | | တွံတေးမြို့နယ် | ၄ |
| | | ရန်ကင်းမြို့နယ် | ၂ |
| ၃ | ဧရာဝတီတိုင်းဒေသကြီး | အင်္ဂပူမြို့နယ် | ၁ |
| | | ကန်ကြီးထောင့်မြို့နယ်* | ၁ |
| | | ကျောင်းကုန်းမြို့နယ် | ၉ |
| | | ကျုံပျော်မြို့နယ် | ၁ |
| | | မအူပင်မြို့နယ်* | ၁ |
| | | ညောင်တုန်းမြို့နယ်* | ၁ |
| | | ပုသိမ်မြို့နယ် | ၂ |
| | | ဖျာပုံမြို့နယ် | ၄ |
| | | ဝါးခယ်မမြို့နယ်* | ၁ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ပဲခူးမြို့နယ်* | ၁ |
| | | ဒိုက်ဦးမြို့နယ် | ၁ |
| | | ကဝမြို့နယ် | ၇ |
| | | ဖြူးမြို့နယ်* | ၁ |
| ၅ | မွန်ပြည်နယ် | ဘီးလင်းမြို့နယ် | ၁ |
| | | ကျိုက်မရောမြို့နယ်** | ၁ |
| | | ကျိုက်ထိုမြို့နယ်* | ၂ |
| | | မော်လမြိုင်မြို့နယ်* | ၂ |
| | | သထုံမြို့နယ် | ၂ |
| ၆ | နေပြည်တော် | ဇမ္ဗူသီရိမြို့နယ် | ၂ |
| | | ပုဗ္ဗသီရိမြို့နယ် | ၁ |
| ၇ | ရခိုင်ပြည်နယ် | ကျောက်ဖြူမြို့နယ် | ၁ |
| | | စစ်တွေမြို့နယ် | ၇ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | အရာတော်မြို့နယ် | ၁ |
| ၉ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ဆီဆိုင်မြို့နယ်* | ၁ |
| ၁၀ | တနင်္သာရီတိုင်းဒေသကြီး | မြိတ်မြို့နယ် | ၃ |
| | | စုစုပေါင်း | ၃၃၇ |

*မြို့နယ်များမှ (Stay at Home) သတ်မှတ်ထားသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိပါသဖြင့် အသွားအလာကန့်သတ်ထားရှိပါသည်။
**ပြည်ပခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ဒိုက်ဦးမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ကမ္ဘောဇဘဏ် ပေးပို့လှူဒါန်း

**ဒိုက်ဦး စက်တင်ဘာ ၁၆**

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကာကွယ်ရေး အတွက် ယနေ့နံနက်က ဒိုက်ဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူ ပြုပစ္စည်း ခုနစ်မျိုးနှင့် ပြည်သူ့ဆေးရုံ အထွေထွေ အသုံးပြုရန်အတွက် ငွေကျပ် သိန်း ၅၀ တို့ကို ပေးအပ် လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ် (ဒိုက်ဦး)ဘဏ်ခွဲတာဝန်ခံ ဒေါ်ထက်စုရည်နှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေး စောင့်ရှောက်မှု ပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူ ပြုပစ္စည်းများဖြစ်သည့် ဆေးရုံသုံး နှာခေါင်းစည်း အခုရေ ၃၀၀၀၀၊ ခေါင်းစွပ် ၂၀၀၀၊ မျက်နှာအကာ ၅၀၀၊ လက်အိတ် ၅၀၀၀ ၊ လက်သန့်ဆေးရည် ဘူးကြီး ၅၀၀၊ မျက်မှန် ၁၀၀ နှင့် ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၀ နှင့် ဒိုက်ဦးမြို့ ပြည်သူ့ဆေးရုံကြီး အထွေထွေ အသုံးပြုနိုင်ရန်အတွက် ငွေကျပ် သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်းအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်းတို့က လက်ခံရယူကြပြီး(ဝဲပုံ)ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငွေကျပ် ၆၃၉၈၂ သိန်း လှူဒါန်းထားကြောင်း သိရသည်။

**ကိုကျော်**

# မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၂၀၇ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၁၆**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၂၀၇ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် ယနေ့တွင် ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက် မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက် မှ ၁၆ ရက်အထိ ၆၃၆၈ ဦး စုစုပေါင်း ၇၇၅၃၁ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၁၅၇ ဦး၊ အမျိုးသမီး ၅၀ စုစုပေါင်း ၂၀၇ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ တာဝန်ရှိသူများက ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# သီပေါမြို့အဝင်၊ အထွက် ကိုဗစ်-၁၉ ကျန်းမာရေးစစ်ဆေးရေးဂိတ်၌ အသုံးပြုရန် အပူချိန်တိုင်းစက်နှင့် အလှူငွေများလှူဒါန်း

**သီပေါ စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် မန္တလေး-သီပေါ-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မန်ဟဲအိုရီယမ်တယ် ဟိုင်းဝေးတိုးဂိတ်အနီး ကိုဗစ်-၁၉ ကျန်းမာရေးစစ်ဆေးရေးဂိတ်၌ အသုံးပြုရန် အလိုအလျောက် အပူချိန်တိုင်း စက်ကိရိယာနှင့် အလှူငွေ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့် အညီ မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်း၊ ကိုဗစ်-၁၉ ပရဟိတကွန်ရက်




အဖွဲ့ခေါင်းဆောင် ဦးမျိုးမြင့်လွင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက လှူဒါန်းမှုအပေါ် ဂုဏ်ပြုစကားပြောကြားပြီး အလှူရှင်များကိုယ်စား ဦးစောနိုင်(ပြည့်ဖြိုးအောင်)က အပူချိန်တိုင်း စက်ကိရိယာ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးထံ အလှူရှင်များက အပူချိန်တိုင်း စက်ကိရိယာတစ်စုံနှင့် ကိုဗစ်-၁၉ ရှေ့တန်းကျန်းမာရေး စစ်ဆေးရေးဂိတ်၌ စေတနာအလျောက် ပါဝင်ကူညီဆောင်ရွက်ကြသော ကြက်ခြေနီတပ်ဖွဲ့၊ ပရဟိတစေတနာ့ဝန်ထမ်းများ၏ အာဟာရရိက္ခာအတွက် ငွေကျပ် ၁၃ သိန်းကို ပေးအပ်လှူဒါန်းသည်။ (ဝဲပုံ)

သီပေါမြို့ အဝင်၊ အထွက် ကိုဗစ်-၁၉ ကျန်းမာရေးစစ်ဆေးရေးဂိတ်တွင် အလိုအလျောက် ကိုယ်အပူချိန်တိုင်းတာစက်တစ်လုံးကို အမည်မဖော်လိုသူတစ်ဦးက လှူဒါန်းခဲ့ပြီး ယခုလှူဒါန်းမှုအပါအဝင် ကိုယ်ပူချိန်တိုင်းစက်နှစ်လုံးဖြင့် ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**



❖ *ကျောဖုံးမှ*

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၆-၉-၂၀၂၀) ရက်နေ့ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ**

| | |
|---|---|
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၁၇) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၂) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၄၄) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၈) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ထီးတိန်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁၈၅) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၆-၉-၂၀၂၀) ရက်နေ့ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁၈၅) ဦး | (၃,၈၂၁) ဦး |
| ဆေးရုံဆင်း | (၇၆) ဦး | (၉၀၈) ဦး |
| သေဆုံးလူနာ | (၁) ဦး | (၄၀) ဦး |

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

❍ *ကျောဖုံးမှ*

သင်္ဘောသား ခုနစ်ဦး၊ အိန္ဒိယနိုင်ငံမှ လာရောက်သည့် MV Melbourne Spirit သင်္ဘောပေါ်မှ သင်္ဘောသား နှစ်ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှလာရောက်သည့် MV Koto Anggerik သင်္ဘောပေါ်မှ သင်္ဘောသား ၁၈ ဦး၊ စင်ကာပူနိုင်ငံမှ လာရောက်သည့် MV Haoyue သင်္ဘောပေါ်မှ သင်္ဘောသား နှစ်ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လာရောက်သည့် MV Maersk Songkhil သင်္ဘောပေါ်မှ သင်္ဘောသား ၁၃ ဦး စုစုပေါင်း သင်္ဘောရှစ်စင်းပေါ်မှ သင်္ဘောသား ၆၅ ဦး တာဝန်ပြီးဆုံး ထွက်လာရာ ယမန်နေ့ညနေပိုင်းက မြို့မဆိပ်ကမ်းမှတစ်ဆင့် ကော့သောင်းမြို့သို့ ဝင်ရောက်လာပြီး ဟိုတယ်၌ အသွားအလာကန့်သတ် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

သင်္ဘောများပေါ်မှ တာဝန်ပြီးဆုံးထွက်လာသည့် အဆိုပါမြန်မာသင်္ဘောသား ၆၅ ဦးမှာ ကော့သောင်းမြို့တွင် ကြိုတင်ရောက်ရှိနေသည့် MV .KORYU-8 သင်္ဘောပေါ်သို့ တာဝန်ထမ်းဆောင်မည့် အင်ဂျင်နီယာ ဦးစည်သူမင်းလွင်ပါ သင်္ဘောသား ငါးဦး ၊ M.V NYMPH သင်္ဘောပေါ် တက်ရောက်မည့် ကပ္ပတိန် ဦးငြိမ်းဇော်ဌေးပါ သင်္ဘောသား ကိုးဦး၊ MT Super Eastern သင်္ဘောပေါ်သို့ sign on တက်ရောက်မည့် ကပ္ပတိန် ဦးဖြိုးကိုကိုပါ သင်္ဘောသား ကိုးဦး၊ MT Eastern One သင်္ဘောပေါ် တက်ရောက်မည့် ကပ္ပတိန် ဦးထွန်းလင်းဟိန်းပါ သင်္ဘောသား ခုနစ်ဦး၊ MV Melbourne Spirit သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန် ဦးရဲသူရနိုင်ပါ သင်္ဘောသား သုံးဦး၊ MV Koto Anggerik သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန် ဦးလှသူပါ သင်္ဘောသား ၁၇ ဦး ၊ MV Maersk Songkhil သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန် ဦးဇာနည်ထွေးပါ သင်္ဘောသား ၁၃ ဦးတို့ဖြင့် တာဝန်လွှဲပြောင်းယူခဲ့သူများဖြစ်ပြီး MV Haoyue သင်္ဘောပေါ်သို့ တာဝန်ထမ်းဆောင်မည့် သင်္ဘောသားမရှိကြောင်း သိရသည်။

သင်္ဘောများပေါ်မှ ထွက်လာသည့် မြန်မာသင်္ဘောသား ၆၅ ဦးအား ဆိပ်ကမ်း၌ တာဝန်ရှိဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ကာ ကော့သောင်းမြို့နှင့် မြိတ်မြို့တို့တွင် ဟိုတယ်အသွားအလာကန့်သတ် ၂၁ ရက်ထားရှိပြီး ၎င်းတို့၏ တံတွေးနမူနာများကို ရန်ကုန်အမျိုးသားကျန်းမာရေး ဓာတ်ခွဲဌာနသို့ ပို့ဆောင်ဓာတ်ခွဲ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၆**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။ **မိုး/ဇလ**

# လစ်ဗျားကမ်းခြေတွင် တရားမဝင် ရွှေ့ပြောင်းသွားလာသူ ၂၀ ကျော် ရေနစ်သေဆုံး

**ထရီပိုလီ စက်တင်ဘာ ၁၆**

လစ်ဗျားကမ်းခြေ၌ တရားမဝင်ရွှေ့ပြောင်းသွားလာသူ ၂၀ ကျော် ရေနစ်သေဆုံးခဲ့ကြောင်း နိုင်ငံတကာရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အဖွဲ့အစည်းက စက်တင်ဘာ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ ဖြစ်ရပ်က မြေထဲပင်လယ်အတွင်း၌ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးစွမ်းရည်ကို ထပ်မံတိုးမြှင့်ရန် လိုအပ်လာသည့်အခြေအနေကို ဖော်ပြလျက်ရှိကြောင်း နိုင်ငံတကာ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာအဖွဲ့အစည်းက တွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။

၂၀၁၁ ခုနှစ်က လစ်ဗျားစစ်အာဏာသိမ်းခေါင်းဆောင် ကဒါဖီ ဖြုတ်ချခံခဲ့ရပြီးနောက်တွင် လစ်ဗျားနိုင်ငံသည် ငြိမ်ဝပ်ပိပြားမှုမရှိတော့ဘဲ ကသောင်းကနင်း အခြေအနေများပေါ်ပေါက်ခဲ့ကာ ထောင်နှင့်ချီသော တရားမဝင်ရွှေ့ပြောင်းသွားလာသူများသည် မြေထဲပင်လယ်ကို ဖြတ်ကျော်ကာ ဥရောပသို့ သွားရောက်ရန် ကြိုးပမ်းခဲ့ ကြသည်။

၂၀၂၀ ပြည့်နှစ်အတွင်း မြေထဲပင်လယ်လမ်းကြောင်းပေါ်တွင် တရားမဝင်ရွှေ့ပြောင်းသွားလာသူ ရာနှင့်ချီသေဆုံးခဲ့ပြီး အချို့ပျောက်ဆုံးသွားခဲ့သည်။

၂၀၁၉ ခုနှစ်တွင် တရားမဝင်ရွှေ့ပြောင်းသွားလာသူ ၈၂၂၅ ဦးအား ကယ်ဆယ်နိုင်ခဲ့ပြီး လစ်ဗျားနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဗဟိုမြေထဲပင်လယ်လမ်းကြောင်းပေါ်တွင် ရွှေ့ပြောင်း သွားလာသူ ၂၇၀ သေဆုံးခဲ့ပြီး ၉၈၂ ဦးပျောက်ဆုံးလျက်ရှိကြောင်း နိုင်ငံတကာရွှေ့ပြောင်းသွားလာမှုဆိုင်ရာအဖွဲ့အစည်းက ပြောကြားခဲ့သည်။

ဆင်ဟွာ



၂၀၁၉ ခုနှစ်က လစ်ဗျားကမ်းခြေအနီးရှိ ကယ်ဆယ်ရေးသင်္ဘောပေါ်တွင် ရွှေ့ပြောင်းသွားလာသူ အမြောက်အမြားကို တွေ့ရစဉ်။

# အမေရိကန်ရှိ ကလေးငယ်ပေါင်း ၅၅၀၀၀၀ နီးပါး ကိုဗစ် – ၁၉ ကူးစက်ခံထားရ



**ဝါရှင်တန် စက်တင်ဘာ ၁၆**

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် – ၁၉ ရောဂါ ကျရောက်ခဲ့ချိန်မှစတင်ကာ ကလေးငယ် ၅၅၀၀၀၀ နီးပါးအထိ ရောဂါကူးစက်ရပြီး ဆေးကုသမှုခံယူခဲ့ရကြောင်း အမေရိကန် ကလေးငယ်များဆိုင်ရာ ဆေးရုံအသင်းက အစီရင်ခံစာတစ်စောင် ထုတ်ပြန်ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ဩဂုတ်လ ၂၇ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ ကလေးငယ် ၇၂၉၉၃ ဦးအထိ ကိုဗစ် – ၁၉ ကူးစက်ခံခဲ့ရပြီး ယင်းပမာဏသည် ရက်သတ္တနှစ်ပတ်အကြာတွင် ကလေးငယ်များအတွင်း ကိုဗစ်–၁၉ ကူးစက်ခံရမှု ၁၅ ရာခိုင်နှုန်းတိုးလာခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။ အမေရိကန်ပြည်ထောင်စုအတွင်း ကိုဗစ်–၁၉ ကူးစက်ခံရသည့် ကလေးငယ်အရေအတွက်စုစုပေါင်းမှာ ၅၄၉၄၃၂ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။ ကလေးငယ်များ ရောဂါကူးစက်ခံရမှုပမာဏသည် တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားမှုအရေအတွက်၏ ၁၀ ရာခိုင်နှုန်း ရှိသည်ဟု အစီရင်ခံစာတွင်ဆိုထားသည်။

အမေရိကန်ရှိ ပြည်သူ ၁၀၀၀၀၀ လျှင် ၇၂၉ ဦးနှုန်း ရောဂါကူးစက်ခံရခြင်းဖြစ်ပြီး ကိုဗစ်–၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသမှုခံယူကြရသူများအနက် ၀ ဒသမ ၆ ရာခိုင်နှုန်းမှ ၃ ဒသမ ၆ ရာခိုင်နှုန်းမှာ ကလေးငယ်များဖြစ်ကြောင်း ကလေးငယ်များဆိုင်ရာ အမေရိကန်အကယ်ဒမီအဖွဲ့နှင့် ကလေးများဆိုင်ရာ ဆေးရုံအသင်း၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အေအက်ဖ်ပီ

# ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ အသစ်ဖြစ်ပွားမှုဆိုင်ရာ သတင်းဖော်ပြချက် မရှိသည်မှာ သီတင်းပတ်နှစ်ပတ်ထိ ရောက်ရှိလာ

**ဟနွိုင်း စက်တင်ဘာ ၁၆**

ဗီယက်နမ်နိုင်ငံတွင် စက်တင်ဘာ ၁၆ ရက်က ကိုဗစ်-၁၉ အသစ်ဖြစ်ပွားမှုဆိုင်ရာ သတင်းဖော်ပြချက်မရှိကြောင်း၊ လတ်တလောတွင် ကိုဗစ်-၁၉ ဖြစ်ပွားသူ ၁၀၆၃ ဦးဖြင့်သာ ရပ်တန့်လျက်ရှိကြောင်း ကျန်းမာရေးဆိုင်ရာဝန်ကြီးဌာနက သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

နောက်ထပ် ကိုဗစ်-၁၉ ရောဂါခံစားနေရသူ ငါးဦးလည်း ရောဂါလက္ခဏာအားလုံး ကင်းရှင်းသွားပြီဖြစ်ကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူမှာ စက်တင်ဘာ ၁၆ ရက်အထိ ၉၃၆ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဆက်လက် သတင်းထုတ်ပြန်ခဲ့သည်။

တစ်ချိန်တည်းမှာပင် လူပေါင်း ၃၂၅၀၀ သီးသန့် ကန့်သတ်စောင့်ကြည့်ခံ ထားရကြောင်း အဆိုပါ ဝန်ကြီးဌာနက ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်မှုမရှိသည်မှာ သီတင်းပတ်နှစ်ပတ်အထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြချက်အရ သိရသည်။

ဆင်ဟွာ

# ကိုဗစ် – ၁၉ ကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေး ခန့်မှန်းထားသည်ထက် ပိုမိုထိခိုက်နိုင်ဖွယ်ရှိ

**ဘန်ကောက် စက်တင်ဘာ ၁၆**

ထိုင်းနိုင်ငံ၌ ကိုဗစ် – ၁၉ ရောဂါကို ကောင်းစွာထိန်းချုပ်ထားနိုင်သော်လည်း ရောဂါကြောင့် နိုင်ငံ့စီးပွားရေး ထိခိုက်ကျဆင်းမှုအခြေအနေမှာ ကြိုတင်ခန့်မှန်းထားသည်ထက် ပိုမိုပြင်းထန်ခဲ့ကြောင်းနှင့် စီးပွားရေးပြန်လည်နာလန်ထူရန် ခက်ခက်ခဲခဲကြိုးပမ်းနေရဆဲ ဖြစ်ကြောင်း သိရသည်။

ကိုဗစ် – ၁၉ ရောဂါကြောင့် ထိုင်းနိုင်ငံ၏ နှစ်စဉ် ဂျီဒီပီမှာ ၈ ရာခိုင်နှုန်းအထိ ကျဆင်းဖွယ်ရှိကြောင်း အာဆီယံဖွံ့ဖြိုးတိုးတက်ရေးဘဏ်က ပြောကြားခဲ့သည်။ ပြင်ပဝယ်လိုအားမှာလည်း လာမည့်ကာလများတွင် ဆက်လက်အားနည်းဖွယ်ရှိနေကြောင်း အာဆီယံဖွံ့ဖြိုးတိုးတက်ရေးဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးမိတ်ဖက်နိုင်ငံအချို့တွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုလျော့ကျလာသည့် အခြေအနေကြောင့် ရောဂါထိန်းချုပ်ရေးကန့်သတ်ချက်ဖြေလျှော့မှုများနှင့်အတူ ဖြည်းဖြည်းချင်း စီးပွားရေးနာလန်ထူလာပြီဖြစ်သော်လည်း နိုင်ငံအများအပြားတွင် စီးပွားရေးဆိုင်ရာ လှုပ်ရှားမှုများမှာ ကိုဗစ်–၁၉ မကျရောက်မီအချိန်ကနှင့်စာလျှင် တိုးတက်မှု သိသိသာသာ နှေးကွေးနေဦးမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ ပြည်ပသို့ တင်ပို့ကုန်များနှင့် ဝန်ဆောင်မှုများမှ ဝင်ငွေရရှိမှုမှာ ပိုမိုလျော့ကျသွားဖွယ်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် ၂၂ ဒသမ ၃ ရာခိုင်နှုန်း ဝင်ငွေလျော့ကျသွားပြီးနောက် ၂၀၂၁ ခုနှစ်တွင် ၇ ဒသမ ၆ ရာခိုင်နှုန်း ပြန်တက်လာမည်ဟုခန့်မှန်းထားကြောင်း အာဆီယံဖွံ့ဖြိုးတိုးတက်ရေးဘဏ်၏ ဖော်ပြချက်အရ သိရသည်။

ဘန်ကောက်ပို့စ်



ထိုင်းနိုင်ငံရှိ လမ်ချာဘန်ဆိပ်ကမ်း၌ ကုန်တင်သင်္ဘောများ ဆိုက်ကပ်ရပ်နားထားစဉ်။

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ငါးသန်းကျော်လာ

နယူးဒေလီ စက်တင်ဘာ ၁၆

**အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုနှုန်းသည် အလွန်လျင်မြန်သောနှုန်းဖြင့် ဆက်လက်ပြန့်ပွားလျက်ရှိရာ ယခုအခါ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက် ငါးသန်းကျော်လာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။**

၁၁ ရက်အတွင်း ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုသည် တစ်သန်းခန့်ရှိလာကြောင်း မှတ်တမ်းတင်ဖော်ပြမှုနှင့်အတူ အိန္ဒိယနိုင်ငံတွင် ယခုအခါ ကိုဗစ်-၁၉ ကူးစက်သူ ၅ ဒသမ ၀၂ သန်းအထိ ရောက်ရှိလာသည်။ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်မှုအရေအတွက်သည် ၆ ဒသမ ၅၉ သန်းရှိသည်။

အိန္ဒိယနိုင်ငံသည် အချိန်ကာလတစ်ခုအထိအတော်ကြာကြာ နေ့စဉ်ကိုဗစ်- ၁၉ ကူးစက်မှုကမ္ဘာ့အများဆုံး မှတ်တမ်းတင်ခဲ့ပြီး စက်တင်ဘာ ၁၆ ရက်အထိ ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်မှုသည် ၉၀၀၀၀ ခန့်ရှိကာ သေဆုံးသူ ၁၂၉၀ ရှိလာခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်မှုတစ်သန်းပြည့်ရန် ၁၆၇ ရက်ကြာခဲ့ပြီး နောက်ထပ်ကူးစက်မှု တစ်သန်းထပ်မံပြည့်ရန် ၂၁ ရက်သာကြာမြင့်ခဲ့ရာ အမေရိကန်နှင့် ဘရာဇီးတို့ထက် ကိုဗစ်- ၁၉ ကူးစက်မှု ပိုမိုမြန်ဆန်ကြောင်း အိန္ဒိယတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

လွန်ခဲ့သော ၂၉ ရက်က အိန္ဒိယနိုင်ငံသည် အမေရိကန်နှင့် ဘရာဇီးနိုင်ငံပြီးလျှင် ကိုဗစ်- ၁၉ ကူးစက်မှု တတိယအများဆုံး နိုင်ငံဖြစ်ခဲ့သော်လည်း ယခုလအစောပိုင်းတွင် ဘရာဇီးနိုင်ငံကို ကျော်လွန်လာပြီး ကမ္ဘာ့ ကိုဗစ်-၁၉ ကူးစက်မှု ဒုတိယအများဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ စမ်းသပ်စစ်ဆေးမှု တစ်နေ့လျှင် တစ်သန်းနီးပါးပြုလုပ်လျက်ရှိကြောင်း၊ ယခုလိုပြုလုပ်မှုသည် လုံလောက်မှုမရှိသေးကြောင်းနှင့် ကိုဗစ်- ၁၉ ကူးစက်ခံရသူအရေအတွက်သည် ယခုထက် ပိုမိုများပြားနိုင်ခြေရှိကြောင်း ကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် စက်တင်ဘာ ၁၆ ရက်အထိ ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူပေါင်း ၈၂၀၆၆ ဦးရှိလာပြီး အမေရိကန်ပြည်ထောင်စု၏ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူစုစုပေါင်း ၁၉၅၀၀၀ ထက် ထက်ဝက်လျော့နည်းကြောင်း သိရသည်။

**အေအက်ဖ်ပီ**



အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ်နမူနာရယူနေစဉ်။





# လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဆူဂါကို လွှတ်တော်က ဝန်ကြီးချုပ်အဖြစ် ရွေးချယ်

**တိုကျို စက်တင်ဘာ ၁၆**

ဂျပန်နိုင်ငံ၏ အဓိကအာဏာရပါတီဖြစ်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် ဆူဂါ ယိုရှီဟီဒဲကို လွှတ်တော်က ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်လိုက်ကြောင်း ကြေညာလိုက်သည်။

အသက် ၇၁ နှစ်ရှိ ဆူဂါသည် ကျန်းမာရေးကြောင့် ရာထူးမှ အနားယူမည့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇို အာဘေးနေရာကို လွှဲပြောင်းလက်ခံရရှိခဲ့သည်။

ဆူဂါသည် အာဘေးကို အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်အနေဖြင့် ခုနစ်နှစ်ကျော်ကြာအောင် ပံ့ပိုးပေးခဲ့သည်။ ဆူဂါက ကိုဗစ်-၁၉ ကိုကာကွယ်ရန်နှင့် နိုင်ငံ၏စီးပွားရေး ပြန်လည်တိုးတက်ကောင်းမွန်လာရန် အာဘေး၏ မူဝါဒများကို ဆက်လက်ရှေ့တိုးလုပ်ဆောင်မည်ဖြစ်ကြောင်း၊ ထို့အတူ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ရန် ကတိပြုခဲ့သည်။

ဆူဂါကို ဘုရင်က ဝန်ကြီးချုပ်အဖြစ် ချီးမြှောက်ပြီးနောက် သတင်းစာရှင်းလင်းပွဲကျင်းပမည် ဖြစ်ကြောင်းနှင့် ပထမဆုံး ဝန်ကြီးအစည်းအဝေး ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆူဂါအစိုးရအဖွဲ့ဝင် ဝန်ကြီးထက်ဝက်ကျော်သည် အာဘေးအစိုးရအဖွဲ့ဝင်များပင် ဖြစ်ကြသည်။ ထိုကဲ့သို့ အာဘေးအစိုးရအဖွဲ့ဝင် လူဟောင်းထက်ဝက်ကျော်ပါဝင်မှုက ဆူဂါသည် ဝန်ကြီးချုပ်အာဘေး၏ မူဝါဒများအား ဆက်လက်ကျင့်သုံးမည်ကို ဖော်ပြသည့် ပုံရိပ်တစ်ခုလည်းဖြစ်သည်။

အေဆိုတာရိုသည် ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။ ၎င်းသည် အဆိုပါ နေရာတွင် ခုနစ်နှစ်ကျော် တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။

ကာတိုကက်ဆု နိုဘူ သည် ကျန်းမာရေးဝန်ကြီး ရာထူးကို စွန့်လွှတ်ခဲ့ပြီး ဆူဂါ၏နေရာ အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် နေရာကို လက်ခံခဲ့သည်။

မိုတီဂီ တိုရှီမစ်ဆုသည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး၊ အမေရိကန်နှင့် ဗြိတိန်တို့၏ ကုန်သွယ်ရေးခေါင်းဆောင်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

အာဘေး၏ ညီငယ်ကီရှီနိုဘူအိုသည် ကာကွယ်ရေးဝန်ကြီးအဖြစ် ထမ်းဆောင်မည်ဖြစ်သည်။

တာကီဒါရိုတာက ဆက်သွယ်ရေးနှင့် ရုပ်သံထုတ်လွှင့်ရေးဌာနကို တာဝန်ယူမည့်သဘောရှိသည်။ ဟာဂီဥတကိုအီချီသည် ပညာရေးဝန်ကြီးအဖြစ် ဆက်လက်ရှိနေမည်ဖြစ်သည်။ တာမူရာနိုရီဟီဆာသည် ကျန်းမာရေးဝန်ကြီးအဖြစ် အစိုးရအဖွဲ့ထဲဝင်ရောက်မည်ဖြစ်သည်။ ကာဂျီယာမာဟီရိုရှီသည် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ဝန်ကြီး ကိုအိဇုမိရှင်ဂျီရိုက ၎င်း၏တာဝန်ကို ဆက်လက်ထမ်းဆောင်မည်ဖြစ်သည်။ အိုကွန်နိုဂီဟာချီရိုက အမျိုးသားရဲဘက်ဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူမည်ဖြစ်သည်။ ဟီရာအီ တာကူရာသည် အစိုးရ၏ ဒစ်ဂျစ်တယ်နည်းပညာပိုင်းကို တာဝန်ယူမည်ဖြစ်သည်။

နီရှီမူရာယာဆူတိုရှီသည် ဂျပန်နိုင်ငံ၏ ကိုဗစ်- ၁၉ ထိန်းချုပ်မှုဆိုင်ရာတွင် တာဝန်ထမ်းဆောင်မည်ဖြစ်သလို စီးပွားရေးပြန်လည်ထူထောင်ရေးအတွက်လည်း ချိန်ညှိလုပ်ဆောင်မည်ဖြစ်သည်။ ကိုနိုတာရိုသည် ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ဟာရှိမိုတု ဆီကိုသည် ရွှေ့ဆိုင်းထားသော တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲကို တာဝန်ယူမည်ဖြစ်သည်။ အီနိုရှင်ဂျီသည် ၂၀၂၅ ခုနှစ်တွင် အိုဆာကာတွင် ကျင်းပမည့် ကမ္ဘာ့ကုန်သွယ်ရေးအကြီးအကဲအဖြစ် တာဝန်ယူမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အာရှစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှစ်ပေါင်း ၆၀ အတွင်း ပထမဆုံးအကြိမ်ကျဆင်းမည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်ခန့်မှန်း

**မနီလာ စက်တင်ဘာ ၁၆**

ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်တွင် အာရှစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နှစ်ပေါင်း ၆၀ အတွင်း ပထမဆုံးအနေဖြင့် ကျဆင်းမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြားလိုက်သည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ စီးပွားရေးပညာရှင်များက အာရှ- ပစိဖိတ်ဒေသအတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးသည် အနုတ် ၀ ဒသမ ၇ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်း ပြောကြားထားသည်။ စီးပွားရေးကျဆင်းမှုတွင် ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့ကဲ့သို့သော ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများ မပါဝင်ကြောင်း သိရသည်။


၁၉၆၁ ခုနှစ်က ကမ္ဘာ့စီးပွားပျက်ကပ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည့်နောက်ပိုင်းတွင် အခုတစ်ကြိမ်သည် ပထမဆုံး စီးပွားရေးကျဆင်းမှုဖြစ်လာမည့်သဘောဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်က စီးပွားရေးတိုးတက်မှု ၅ ဒသမ ၁ ရာခိုင်နှုန်း ရှိခဲ့သောကြောင့် ယခုခန့်မှန်းချက်ကိန်းဂဏန်းသည် သိသိသာသာကျဆင်းလာသည်ကို ပြသလျက်ရှိသည်။ ကိုဗစ် - ၁၉ ကူးစက်ပြန့်ပွားမှုများဆက်လက်ဖြစ်နေသည့် အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ကိုးရာခိုင်နှုန်း ကျဆင်းလာမည်ဟု မျှော်လင့်ရကြောင်းနှင့် အရှေ့တောင်အာရှတွင် စီးပွားရေးကျဆင်းမှု ၃ ဒသမ ၈ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားပြီး စီးပွားရေးကျဆင်းမှုတွင် ခရီးသွားလုပ်ငန်းထိခိုက်မှုသည် အကြီးမားဆုံး အကြောင်းရင်းဖြစ်သည်။

သို့သော် တရုတ်နိုင်ငံက လက်ရှိအခြေအနေနှင့်ကွဲလွဲမည်ဟု မျှော်လင့်ရကြောင်းနှင့် စီးပွားရေးလှုပ်ရှားမှုများ ပုံမှန်ပြန်ဖြစ်လာနေသောကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်တွင် ၁ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာမည်ဟု မျှော်လင့်ရသည်။

အာရှဖွံ့ဖြိုးရေးဘဏ်က ကိုဗစ်-၁၉ ရောဂါအချိန်ကြာလာသည်နှင့်အမျှ အကြီးမားဆုံး ဆိုးကျိုးအန္တရာယ်အဖြစ် ဆက်လက်ရှိနေဦးမည်ဟု သတိပေးထားသော်လည်း နောက်နှစ်တွေမှာ စီးပွားရေး တိုးတက်မှုအားကောင်းလာမည်ဟု ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**





အာရှစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အကျဘက်သို့ဖော်ပြနေသော ပုံတစ်ပုံကိုတွေ့ရစဉ်။

# ဂါဇာရှိ ဟားမားစ်အဖွဲ့အခြေစိုက်စခန်းများကို အစ္စရေး လေကြောင်းမှ တိုက်ခိုက်

**ဂျေရုဆလင် စက်တင်ဘာ ၁၆**

အစ္စရေးတိုက်လေယာဉ်များသည် စက်တင်ဘာ ၁၆ ရက်တွင် ဂါဇာကမ်းခြေဒေသကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။ အစ္စရေးတောင်ပိုင်းတွင် ပါလက်စတိုင်းဘက်မှ ဒုံးကျည်ဖြင့်ပစ်ခတ်ခဲ့မှုကို လက်တုံ့ပြန်သည့်အနေဖြင့် တိုက်ခိုက်မှု ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အစ္စရေးလေကြောင်း တိုက်ခိုက်မှုအတွင်း ဂါဇာကမ်းခြေဒေသရှိ ဟားမားစ်လှုပ်ရှားမှုအဖွဲ့ အခြေစိုက်စခန်းတစ်ခုကို ထိမှန်ခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

လေကြောင်းတိုက်ခိုက်မှုအတွင်း ထိခိုက်သေဆုံးမှုနှင့်ပတ်သက်၍ သတင်းဖော်ပြမှု မရှိသေးပေ။

လေကြောင်းတိုက်ခိုက်မှုမဖြစ်ပွားမီ နာရီအနည်းငယ်အကြာက ဂါဇာရှိ စစ်သွေးကြွများက အစ္စရေးကမ်းခြေမြို့ဖြစ်သည့် အက်ရှ်ဒွတ်ကို ဒုံးကျည်ပစ်ခတ်မှုတစ်ခုပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ် -၁၉ ကန့်သတ်ချက်အောက်မှာ စိုးရိမ်မှု၊ စိတ်ဖိစီးမှုတို့နှင့် နေထိုင်နေရသည့် ဗြိတိန်ပြည်သူများ

ခြူးစန္ဒီမွေး

မကြာသေးမီအချိန်ကပဲ ဗြိတိန်နိုင်ငံမှာ ကိုဗစ် – ၁၉ ကူးစက်မှုဟာ တစ်ကျော့ပြန် များပြားလာတဲ့အတွက် ကူးစက်မှုနှုန်းလျော့ကျရေး ကန့်သတ်ချက်အသစ်တစ်ဖန်ပြန်လည်အသက်သွင်းရပါတော့တယ်။

### စည်းကမ်းအသစ်တွေစတင်

ကန့်သတ်ချက် အသစ်ဟာ စက်တင်ဘာ ၁၄ ရက်ကစပြီး ဗြိတိန်နိုင်ငံတွင် စတင်ကျင့်သုံးတာဖြစ်ပါတယ်။ အဆိုပါ ကန့်သတ်ချက်အရ ဒေသအများစုမှာ လူဦးရေ ခြောက်ဦးထက်ပိုပြီး စုဝေးလို့မရပါဘူး။ အင်္ဂလန်၊ ဝေလနယ်နဲ့ စကော့တလန်တို့မှာ ကိုဗစ် – ၁၉ ကူးစက်မှုများပြားလာခြင်းကို ထိန်းချုပ်နိုင်ရေး စည်းမျဉ်းအသစ်နဲ့ စတင်လုပ်ဆောင်နေပြီပဲဖြစ်ပါတယ်။ လူခြောက်ဦးထက်ပိုပြီး စုဝေးလာခဲ့ရင် ရဲတွေအနေနဲ့ လူစုခွဲနိုင်ဖို့ အမိန့်ပေးထားပါတယ်။ စက်တင်ဘာ ၁၃ ရက်ကစလို့ ဗြိတိန်နိုင်ငံမှာ နေ့စဉ်ကူးစက်မှုနှုန်းဟာ သုံးရက်ဆက်တိုက် ၃၀၀၀ ကျော်လာတာကိုတွေ့ရပါတယ်။ စည်းမျဉ်းအသစ်ကြောင့် အပြင်မှာ လူစုလူဝေးပြုလုပ်တာတွေ၊ တွေ့ဆုံပွဲတွေပြုလုပ်တာမျိုးရှိလာရင် ရဲတွေအနေနဲ့ ဘယ်လိုကိုင်တွယ်ရမလဲဆိုတာကို ရှင်းရှင်းလင်းလင်း သိလာနိုင်ပါတယ်။

### ဒဏ်ရိုက်သွားမယ်

သတ်မှတ်ထားတဲ့ အရေအတွက်နဲ့ အလုပ်သွား၊ ကျောင်းသွားတာကလွဲလို့ လူခြောက်ဦးထက်ပိုပြီး စုဝေးခဲ့မယ်ဆိုရင် ဒါဟာ တရားဥပဒေကိုချိုးဖောက်တာဖြစ်သွားပါပြီ။ ဒီလိုမျိုးတရားဥပဒေကို ချိုးဖောက်ပြီး လူစုလူဝေးလုပ်ခဲ့မယ်ဆိုရင် ရဲတွေက လူစုခွဲသွားမှာဖြစ်ပြီး ပါဝင်သူတိုင်းကိုလည်း ပေါင် ၁၀၀ ကနေပေါင် ၃၂၀၀ အထိ ဒဏ်တပ်သွားနိုင်ပါတယ်။ လိုင်စင်မရှိဘဲ ဂီတပွဲတွေ ကျင်းပခဲ့မယ်ဆိုရင် ပေါင် ၁၀၀၀၀ အထိ ဒဏ်ရိုက်သွားမှာပဲ ဖြစ်ပါတယ်။ အခုအချိန်မှာ ဗိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ဆောင်နေတဲ့အချိန် ဖြစ်တာကြောင့် ပြည်သူများအနေနဲ့ ခန်းမမှာ ကျင်းပတဲ့ပွဲဖြစ်ဖြစ်၊ ကွင်းပြင်ကျယ်မှာ လုပ်တဲ့ပွဲပဲဖြစ်ဖြစ် ဘယ်ပွဲမှ တက်ရောက်ခြင်းမပြုကြဖို့ ပြည်ထဲရေးဝန်ကြီး ပရီတီပတ်တယ်က တိုက်တွန်းထားပါတယ်။

### ဒုတိယလှိုင်းကိုမျှော်လင့်ထားကြ

မကြာသေးမီ သီတင်းပတ်များကစလို့ ဗြိတိန်မှာ ကင်းလှည့်မှုတွေ တိုးမြှင့်လုပ်ဆောင်ခဲ့ပြီး ကိုဗစ် – ၁၉ ကာလမှာ တရားမဝင်လူစုလူဝေး ပြုလုပ်မှုတွေကိုနှိမ်နင်းခဲ့ပါတယ်။ မကြာသေးမီအချိန်အတွင်းက ဗြိတိန်ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းရဲ့ စစ်တမ်းကောက်ယူမှုတွေအရတော့ အင်္ဂလန်မှာရှိတဲ့ဆရာဝန် ၈၆ ရာခိုင်နှုန်းဟာ လာမယ့်ခြောက်လအတွင်း ကိုဗစ်–၁၉ ဒုတိယအကျော့ ထပ်ဖြစ်မှာကို မျှော်လင့်ထားကြတယ်လို့ ဖြေကြားခဲ့ကြပါတယ်။ ဆရာဝန်နဲ့ ဆေးဘက်ဆိုင်ရာကျောင်းသား ၈၀၀၀ ကို မေးမြန်းကြည့်ရာမှာ ၅၃ ဒသမ ၆၆ ရာခိုင် နှုန်းကတော့ ဒုတိယအကျော့ အသေ



ကိုဗစ်– ၁၉ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ စားသုံးသူများ၏ လုံခြုံရေးအတွက် ဖန်တီးပေးထားသည့် လန်ဒန်ရှိ စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

**“ကိုဗစ် - ၁၉ ကန့်သတ်ချက်တွေများလာမှုနဲ့အတူ ပြည်သူတွေမှာ စိတ်ဖိစီးမှု၊ စိုးရိမ်မှုနဲ့ ပူပင်သောကတွေလည်း တိုးလာရပါတယ်။ ကူးစက်မှုတွေများပြားလာပြီး အသွားအလာ ပိတ်ဆို့ကန့်သတ်မှုတွေလည်း တိုးလာတာကြောင့် ပြည်သူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးမှာလည်း ထိခိုက်မှုတွေရှိလာတယ်လို့ သုတေသီတွေက ပြောပါတယ်။ လာမယ့်လတွေအတွင်း ကူးစက်မှုတွေများလာတာကြောင့် ကန့်သတ်မှုတွေ ပိုတိုးလာခဲ့မယ်ဆိုရင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုပြန်ပြီး ထိခိုက်လာလိမ့်မယ်လို့ သုတေသီတွေက ပြောပါတယ်”**

အချာပဲ ဖြစ်လာမယ် လို့ယုံကြည်ကြောင်း ဖြေကြားခဲ့ကြပြီး ၃၂ ဒသမ ၀၅ ရာခိုင်နှုန်းကတော့ ဖြစ်နိုင်ခြေရှိတယ်လို့ ယူဆကြောင်း ဖြေကြားခဲ့ကြပါတယ်။ လာမယ့်နှစ်အစောပိုင်းမှာ ဗိုင်းရပ်စ်ကူးစက်မှုဟာ အထွတ်အထိပ်သို့ ပြန်လည်ရောက်ရှိနိုင်တယ်လို့ ယူဆသူကတော့ ၅၀ ရာခိုင်နှုန်းရှိပါတယ်။

### ကူးစက်မှုတွေရပ်တန့်ဖို့ လုပ်ဆောင်ရမယ့်အချိန်

အခုအချိန်ဟာ ကူးစက်မှုတွေကိုရပ်တန့်ဖို့ အစိုးရအနေနဲ့လုပ်ဆောင်ရမယ့်ကာလပဲလို့ ဗြိတိန်ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းမှ အကြီးအကဲဖြစ်သူ ချာအန်နက်ပေါလ်ကပြောပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်တွေ၊ လတွေတုန်းက ကိုဗစ် – ၁၉ ဆေးစစ်ပေးမှုတွေနဲ့ ရောဂါရှိတဲ့သူတွေနဲ့ ထိတွေ့မှုရှိတဲ့သူနောက် ခြေရာခံလိုက်တဲ့ နေရာမှာ အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့ခြင်း မရှိပါဘူး။ ဒါ့အပြင် ပြည်သူတွေ လုပ်ဆောင်သင့်တဲ့အရာနဲ့မလုပ်ဆောင်သင့်တဲ့အရာကို အသိပေးရာမှာလည်း ပြတ်ပြတ်သားသားမရှိဘဲ ရှုပ်ထွေးမှုတွေနဲ့ လုံးချာလိုက်နေခဲ့ ရပါတယ်။ ဒါကြောင့်လည်း ဗိုင်းရပ်စ်ကူးစက်မှုဟာ လျင်လျင်မြန်မြန်ပဲ ပျံ့နှံ့ခဲ့ရတာပါလို့ သူက ဆက်ပြောပါတယ်။ အခုအခါမှာတော့ စည်းကမ်းတင်းကျပ်မှုတွေ လုပ်ဆောင်နေပြီး စည်းကမ်းချက်ချိုးဖောက်တဲ့သူကိုတွေ့ပါက အရေးပေါ်လိုင်းမဟုတ်တဲ့ ဖုန်းကိုအသုံးပြုပြီး အကြောင်းကြားဖို့ ဟမ့်ရှိုင်းယားအနောက်မြောက်ပိုင်းက လွှတ်တော်အမတ်ဖြစ်သူ ကစ်မော့လ်ဟောက်စ်က ပြည်သူတွေကို တိုက်တွန်းထားပါတယ်။

### ပြည်သူများ၏ ပူပင်သောကများ

ကိုဗစ် –၁၉ ကန့်သတ်ချက်တွေ များလာမှုနဲ့အတူ ပြည်သူတွေမှာစိတ်ဖိစီးမှု၊ စိုးရိမ်မှုနဲ့ ပူပင်သောကတွေလည်းတိုးလာရပါတယ်။ ကူးစက်မှုတွေ များပြားလာပြီး အသွားအလာ ပိတ်ဆို့ကန့်သတ်မှုတွေလည်း တိုးလာတာကြောင့် ပြည်သူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးမှာလည်း ထိခိုက်မှုတွေရှိလာတယ်လို့ သုတေသီတွေက ပြောပါတယ်။ လာမယ့်လတွေအတွင်းကူးစက်မှုတွေများလာတာကြောင့် ကန့်သတ်မှုတွေ ပိုတိုးလာခဲ့မယ်ဆိုရင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုပြန်ပြီး ထိခိုက်လာလိမ့်မယ်လို့ သုတေသီတွေက ပြောပါတယ်။

### လေ့လာမှုတွေပြုလုပ်

ကပ်ရောဂါကြောင့် ပြည်သူတွေရဲ့စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို ဘယ်လိုထိခိုက်သလဲဆိုတာကို လေ့လာကြည့်ရာမှာတော့ အသွားအလာပိတ်ဆို့ကန့်သတ်မှုတွေကနေဦးစတင်ပြုလုပ်တဲ့ အချိန်က လူ ၅၇ ရာခိုင်နှုန်းဟာ စိတ်ပူပန်မှု လက္ခဏာတွေပြသတယ်လို့ သိရပါတယ်။ ၆၄ ရာခိုင်နှုန်းကတော့ သာမန်စိတ်ဖိစီးမှုလက္ခဏာတွေသာပြတယ်လို့ ဖြေကြားခဲ့ကြပါတယ်။ အသွားအလာပိတ်ဆို့ကန့်သတ်မှုတွေ ဖြေလျှော့ပေးလိုက်တဲ့အခါမှာတော့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဟာ အခြေအနေပြန်လည်တိုးတက်ကောင်းမွန်လာပါတယ်။

### သတိပေးထား

ကူးစက်မှုတွေ မြင့်တက်လာတဲ့အခါနဲ့ တစ်နိုင်ငံလုံးအနှံ့ တင်းကျပ်တဲ့စည်းကမ်းတွေ ပြန်လည်ချမှတ်လာတဲ့အခါ ပြည်သူတွေရဲ့စိုးရိမ်ပူပန်မှုဟာ တစ်ဖန်ပြန်ပြီး ဆိုးလာနိုင်တယ်လို့ သိပ္ပံပညာရှင်တွေက သတိပေးခဲ့ကြပါတယ်။ လန်ဒန်ဘုရင့်ကောလိပ်က ပြုလုပ်တဲ့ လေ့လာမှုတွေအရ ယခုနှစ် အစောပိုင်းမှာထုတ်ပြန်ခဲ့တဲ့ နေအိမ်မှာပဲနေရမယ်ဆိုတဲ့ ကန့်သတ်ချက်တွေကြောင့် အရွယ်ရောက်ပြီးသား ပြည်သူ ၃၀၀၀ ဟာ စိတ်ပိုင်းဆိုင်ရာခံစားမှုတွေ ရှိကြပါတယ်။

### အမျိုးသမီးနဲ့လူငယ်တွေကို အများဆုံးထိခိုက်

အမျိုးသမီးနဲ့လူငယ်တွေဟာ ကိုဗစ် – ၁၉ ကြောင့် ထိခိုက်မှုတွေမှာ အဆိုးဆုံးပါပဲလို့ သုတေသီတွေက ရှာဖွေတွေ့ရှိခဲ့ကြပါတယ်။ အမျိုးသမီးနဲ့လူငယ်တွေဟာ လုပ်ငန်းခွင်မှာ လုံခြုံစိတ်ချရမှုမရှိခြင်းနဲ့ ကြုံတွေ့နေရပြီး လုပ်ငန်းခွင်ကနေ ဗိုင်းရပ်စ်ကူးစက်လာမှာကို စိုးရိမ်နေကြရသလို အထီးကျန်မှုနဲ့ အိမ်တွင်းအကြမ်းဖက်ခံရမှုတွေနဲ့ရင်ဆိုင်နေရတယ်လို့ လေ့လာမှုတွေအရ သိရပါတယ်။

### အားပျော့သွားခြင်းမရှိသေး

နောက်ထပ်သီးခြားလေ့လာမှု တစ်ခုကတော့ အိုင်ယာလန်မှာရှိတဲ့ မေနော့တက္ကသိုလ်က ပြုလုပ်ခဲ့တာဖြစ်ပြီး ပုံနှိပ်ဖော်ပြခဲ့ခြင်းတော့ မရှိသေးပါဘူး။ အဲဒီလေ့လာမှုမှာ အသွားအလာပိတ်ဆို့ကန့်သတ်ထားပြီး နေအိမ်မှာပဲနေရမယ်လို့ ကန့်သတ်ထားစဉ် ယူကေက လူပေါင်း ၁၄၀၀၀ ရဲ့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေကို စစ်တမ်းကောက်ယူမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ရလဒ်တွေအရတော့ အမျိုးသမီးတွေနဲ့ လူငယ်တွေမှာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ပိုပြီးကြုံတွေ့ရတယ်ဆိုတာကို တွေ့ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်နှောင်းပိုင်းက အစပြုခဲ့တဲ့ ကိုဗစ် – ၁၉ ဟာ နိုင်ငံအသီးသီးကပြည်သူတွေကို ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကိုသာမက စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကိုပါ နှိပ်စက်နေတာကတော့ ယနေ့အထိ အားပျော့သွားခြင်း မရှိသေးပါဘူး။ ။ **ကိုးကား – ဆင်ဟွာ၊ သည်ဂါဒီးယန်း**

---

## နိုင်ငံတကာသတင်းတိုထွာ

### ဘရူနိုင်းနိုင်ငံ၌ ၁၃ ရက်ဆက်တိုက် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူမရှိ

**ဘန်ဒါဆီရီဘီဂါဝမ် စက်တင်ဘာ ၁၆**

ဘရူနိုင်းနိုင်ငံတွင် ပြီးခဲ့သည့် စက်တင်ဘာ ၃ရက်မှ စက်တင်ဘာ ၁၆ ရက်အထိ ၁၃ ရက်ဆက်တိုက် ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူမရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် စုစုပေါင်းမှာ ၁၄၅ ဦး အထိ ရှိပြီဖြစ်သည်။

ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ ရောဂါကူးစက်ခံရပြီးနောက် ရောဂါပျောက်ကင်းပြီးပြန်လည်ကျန်းမာလာသူအရေအတွက်စုစုပေါင်း ၁၄၁ ဦး ရှိကြောင်း သိရသည်။ လက်ရှိတွင် အမျိုးသား ကန့်သတ်စောင့်ကြည့်ဌာနတွင် ကုသမှုဆက်လက်ခံယူနေသူ တစ်ဦးသာရှိကြောင်း ဖော်ပြထားသည်။

ပြည်ပသို့ခရီးထွက်ခွာပြီးနောက် နိုင်ငံသို့ပြန်လည်ရောက်ရှိလာကာ အစိုးရကစီစဉ်ပေးသည့် သတ်မှတ်နေရာများတွင် ကန့်သတ်စောင့်ကြည့်မှုခံယူနေသူ ၃၈၅ ဦး ရှိသည်။ နိုင်ငံအတွင်း ကိုဗစ်–၁၉ ကြောင့် သေဆုံးသူသုံးဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

### တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်– ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၃ ဦး တွေ့ရှိ

**ဆိုးလ် စက်တင်ဘာ ၁၆**

တောင်ကိုရီးယားနိုင်ငံတွင် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူ ၁၁၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက် စုစုပေါင်းမှာ ယခုအခါ ၂၂၅၀၄ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

နေ့စဉ်ရောဂါကူးစက်ဖြစ်ပွားမှုသည် ရက်သတ္တနှစ်ပတ်ဆက်တိုက်ကြာအောင် ၂၀၀ အောက် ရှိခဲ့သော်လည်း ပြီးခဲ့သည့် ဩဂုတ် ၁၄ ရက်မှစတင်ကာ နေ့စဉ်ရောဂါကူးစက်ဖြစ်ပွားသူ ရာဂဏန်းအထိ တိုးလာခဲ့သည်။

အသစ်ထပ်မံကူးစက်ခံရသူများအနက် ၄၉ ဦးမှာ ဆိုးလ်မြို့ဒေသခံများဖြစ်ပြီး ၂၄ ဦးမှာ ဂျယ်အွန်ဂျီပြည်နယ်မှ ဖြစ်ကာ ရှစ်ဦးမှာ ပြည်ပမှ ကူးစက်ခံလာရခြင်းဖြစ်ကြောင်း သိရသည်။ လတ်တလောတွင် ရောဂါကြောင့် ထပ်မံသေဆုံးသူ မရှိပေ။

အေအက်ဖ်ပီ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၅၂ ရက် သာ**

**လိုတော့သည်။**

## ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✓) ခြစ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ ရက်

မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးရာတွင် ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✓) ခြစ်၍ ဆန္ဒပြုရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘောလ်ပင်ဖြင့် အမှတ်အသား (✓) ခြစ်၍ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲ နမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများ

**၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ**
**ပြည်သူ့လွှတ်တော်**
**သစ်သီးတိုင်းဒေသကြီး**
**ညောင်သီးမြို့နယ်မဲဆန္ဒနယ်**

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် "အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | ✓ |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ -------------------

အမည်၊ ----------------------------

နမူနာ - ၁

**၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ**
**ပြည်သူ့လွှတ်တော်**
**သစ်သီးတိုင်းဒေသကြီး**
**ညောင်သီးမြို့နယ်မဲဆန္ဒနယ်**

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် "အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | ✓ | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ -------------------

အမည်၊ ----------------------------

နမူနာ - ၂

**၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ**
**ပြည်သူ့လွှတ်တော်**
**သစ်သီးတိုင်းဒေသကြီး**
**ညောင်သီးမြို့နယ်မဲဆန္ဒနယ်**

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် "အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ✓ ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ -------------------

အမည်၊ ----------------------------

နမူနာ - ၃

**မှတ်ချက်။** အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မိုးကြီးမည့် သတိပေးချက်

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်များအရ အရှေ့ဘက်မှလာသော အပူပိုင်းမုန်တိုင်း "နို"(NOUL) သည် အနောက်ဘက်သို့ ရွေ့လျားကာ၊ ဗီယက်နမ်ကမ်းခြေကို ဖြတ်ကျော်ပြီး၊ ၎င်း၏အကြွင်းအကျန် တိမ်တိုက်များ ဖြတ်သန်းလာနိုင်မှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းတို့ကြောင့်လည်းကောင်း၊ စက်တင်ဘာ ၁၉ ရက်မှ စက်တင်ဘာ ၂၂ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ဒေသအလိုက် မိုးကြီးခြင်းနှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

ယင်းကာလအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၄ နာရီအတွင်း မိုးရေချိန် သုံးလက်မ (၇၇-မီလီမီတာ)နှင့်အထက်၊ နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၂၄ နာရီအတွင်း မိုးရေချိန် ၁ ဒသမ ၅ လက်မ (၃၈-မီလီမီတာ)နှင့်အထက် ရွာသွန်းနိုင်သည်။

မိုး/ဇလ

# ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၆

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ အတွင်းရေးမှူး (၂)၊ ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဦးဦးသန်းဌေးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –



**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မိဘပြည်သူများခင်ဗျား –**

ကျွန်တော်ကတော့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ အတွင်းရေးမှူး(၂) ဦးဦးသန်းဌေး ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိကြတဲ့ မဲဆန္ဒရှင် တိုင်းရင်းသား မိဘပြည်သူအပေါင်း ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ပါတီဖွဲ့စည်းတည်ထောင်ခြင်းနှင့် ရည်ရွယ်ချက်။**

ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို ၂၀၁၀ ပြည့်နှစ်၊ ဇွန်လတွင် ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တရားဝင်နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်သွင်းလျှောက်ထားခဲ့ရာ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ (၉) ရက်နေ့မှစ၍ မှတ်ပုံတင်ခွင့်ပြုခဲ့ကာ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ မှတ်ပုံတင် အမှတ်မှာ (၃၇) ဖြစ်ပါတယ်။ ကျွန်တော်တို့ ခမီလူမျိုးစုတွေဟာ ရခိုင်ပြည်နယ် မြောက်ပိုင်းမြို့နယ်များတွေမှာ အဓိကပျံ့နှံ့နေထိုင်ကြပြီးတော့ လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့တဲ့ လူမျိုးစုဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းခြမ်းမှ လူမျိုးစုပါတီငယ်တစ်ခုဖြစ်ပြီး နိုင်ငံသား အခွင့်အရေး၊ တိုင်းရင်းသား အခွင့်အရေးများ အခြားသော ပြည်ထောင်စုဖွား တိုင်းရင်းသားများနဲ့အတူ တန်းတူညီမျှ တရားမျှတ လွတ်လပ်ခံစားခွင့်ရရှိရေးအတွက် နိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းတည်ထောင်ရခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ခမီလူမျိုးစုများအနေဖြင့် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ (Civil and Political Rights )များ တန်းတူညီမျှရေးလိုလားသည့်အတွက် ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို ဖွဲ့စည်းတည်ထောင်ကြရခြင်း ဖြစ်ပါတယ်။ ဒီကနေ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ခေတ်ရေစီးကြောင်း အခြေအနေ အချိန်အခါအရ မိမိတို့ ခမီလူမျိုးတွေရဲ့ National Identity (ခေါ်) အမျိုးသားအမှတ်အသားလက္ခဏာ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်ရန် အလို့ငှါ နိုင်ငံရေးပါတီအဖြစ် တည်ရှိလာရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ရုံးချုပ်ကတော့ အမှတ်(၁၄၄)၊ ဆင်ကူးလမ်း၊ အကွက်(၁)ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်မှာ ဖွင့်လှစ်ထားပါတယ်။

**ပါတီမူဝါဒများ**

ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ ဖြိုးတိုးတက်ရေးပါတီရဲ့ ပါတီမူဝါဒကတော့ (၄)ချက် ရှိပါတယ် –

(၁) ကမ္ဘာ့နိုင်ငံများအလယ်၌ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထာဝရခိုင်မာစွာ ရပ်တည်နိုင်ရေးအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး ပူးပေါင်းလက်တွဲဆောင်ရွက်ရန်။

(၂) စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ် ပီပြင်စွာ ဖော်ဆောင်ကြရာတွင် တိုင်းရင်းသားအချင်းချင်း လက်တွဲဆောင်ရွက်ရန်။

(၃) ခမီလူမျိုးစုတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်ပြီး အခြားသော လူမျိုးစုများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးများကိုလည်း အားပေးကူညီသွားရန်။

(၄) မိမိတို့၏ ဓလေ့ထုံးစံ ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ခေတ်နှင့် လျော်ညီစွာ တီထွင်လေ့ကျင့်ပြုစုပျိုးထောင်မှုများ ဆောင်ရွက်ရန်။

တို့ဖြစ်ပါတယ်။

**ပါတီ၏ ရှေ့လုပ်ငန်းစဉ် အခြေခံမူများ**

ဆက်လက်ပြီး ပါတီရဲ့ မူဝါဒအပေါ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် အခြေခံမူများကတော့

(၁) ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအားလုံးသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဖြစ်သော တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုအားဖြင့် ကမ္ဘာ့အလယ်တွင် ခိုင်မာစွာရပ်တည်သွားနိုင်ရေး ဆောင်ရွက်ရန်။

(၂) ပါတီစုံဒီမိုကရေစီဖော်ဆောင်ရာတွင် တိုင်းရင်းသားအချင်းချင်း တန်းတူရည်တူရှိမှု၊ အပြန်အလှန် လေးစားမှု၊ ပုဂ္ဂိုလ်ရေးပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကို အခြေခံ၍ ဆောင်ရွက်ရန်။

(၃) မိမိလူမျိုးစုနှင့် အခြားတိုင်းရင်းသားလူမျိုးစုများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အားသွန်ခွန်စိုက် ဆောင်ရွက်ရန်။

(၄) ပထဝီဒေသကွဲပြားခြားနားမှုအရ လူမျိုးအမည်နာမ အမျိုးမျိုးကွဲပြားနေသော မိမိတို့ လူမျိုးစုများအား တစ်စုတစ်စည်းတည်းဖြစ်အောင် ဆောင်ရွက်သွားရန်။

(၅) မိမိတို့ လူမျိုးစုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ပါက အခြားသော တိုင်းရင်းသားလူမျိုးစုများနှင့်ဖြစ်စေ၊ အခြားသော တိုင်းရင်းသားအဖွဲ့အစည်းနှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်သွားရန်တို့ ဖြစ်ပါတယ်။

အထက်က ကျွန်တော့်အနေနဲ့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ ပါတီဖွဲ့စည်းရခြင်း၊ ရည်ရွယ်ချက်၊ ပါတီမူဝါဒ၊ ရှေ့လုပ်ငန်းစဉ်များကို အကျဉ်းချုပ် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အခုဆက်လက်ပြီးတော့ ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အလံ (သို့မဟုတ်) ခမီအမျိုးသားအလံတော်နှင့် ခမီအမျိုးသားဖွံ့ ဖြိုးတိုးတက်ရေးပါတီရဲ့ သင်္ကေတ (Logo) ကို တင်ပြသွားမည်ဖြစ်ပါတယ်။

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အလံတော်ကို အစိမ်းရောင်၊ အဖြူရောင်၊ အပြာရောင် အရောင်(၃)မျိုးဖြင့် အချိုးညီစွာ အလျားလိုက် ကန့်လန့်ဖြတ်ရောစပ်ထားပြီး အထက်ကွက်မှာ အပြာရောင်၊ အလယ်ကွက်မှာ အဖြူရောင်နဲ့ အောက်ခြေမှာတော့ အစိမ်းရောင် ဖြစ်ပါတယ်။ အလံတော်ရဲ့ အထက်ကွက် အပြာရောင် လက်ဝဲဘက်ထောင့်မှာ အနီရောင် မိုးသောက်ကြယ်ပြောင် တစ်လုံးပါ ပါတယ်။ ၎င်းမိုးသောက် ကြယ်ပြောင်ကို ခမီလူမျိုးတို့က “မဒီအာ့ဆီမ်လ်” ခေါ်ပါတယ်။

အလံတော်ရဲ့ အပြာရောင် အဓိပ္ပာယ်ဟာ မိုးကောင်းကင်ကို ရည်ညွှန်းပြီး အေးချမ်းတည်ငြိမ်သော သဘောကိုဆောင်ပါတယ်။ မိုးသောက်ကြယ်ပြောင် အနီရောင်ကတော့ ရဲရင့်တက်ကြွ ပြတ်သားခြင်း အဓိပ္ပာယ်ကို ဆောင်ပါတယ်။ အဖြူရောင်ကတော့ စိတ်ဓာတ်ဖြူစင်ခြင်းကို ညွှန်းဆိုပြီး ဖြူစင်ရိုးသားဖြောင့်မတ်ခြင်း အဓိပ္ပာယ်ကို ဆောင်ပါတယ်။ အလံတော်ရဲ့ အောက်ခြေ အစိမ်းရောင်ကတော့ ကမ္ဘာမြေကြီးကို ညွှန်းဆိုပြီး စိမ်းလန်းစိုပြည်တည်ငြိမ်သန့်ရှင်းခြင်း အဓိပ္ပာယ်ကို ဆောင်ပါတယ်။

**ပါတီ၏အထိမ်းအမှတ်တံဆိပ်**

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အထိမ်းအမှတ်တံဆိပ်ကတော့ ခမီဘာသာစကားနဲ့ “ဝမယက်” ခေါ်ပြီး မြန်မာလိုတော့ ငှက်ဝါဖြစ်ပါတယ်။ နောက်ခံအပြာရောင်နဲ့ သစ်ကိုင်းပေါ်မှာ နားနေတဲ့ ငှက်ဝါပုံကို ဖော်ထားပါတယ်။ တည်ကြည်ခြင်း၊ အေးချမ်းခြင်း သဘောကို ဆောင်ပါတယ်။

**ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆောင်ပုဒ်**

ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ကျင့်သုံးနေတဲ့ ပါတီဆောင်ပုဒ်ကတော့ **“စုပေါင်း ဆွေးနွေး တစ်ဦးချင်းတာဝန်ယူ”** ဖြစ်ပါတယ်။

ချစ်ခင်လေးစားအပ်သော ရခိုင်ပြည်နယ်ရှိ မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား–

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ(၈)ရက်နေ့မှာ ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေနဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းမြို့နယ် (၃)မြို့နယ် အတွင်းမှာ အမျိုးသားလွှတ်တော်(၁)နေရာ၊ ပြည်သူ့လွှတ်တော်(၁)နေရာနှင့် ပြည်နယ်အမှတ်(၁) မဲဆန္ဒနယ် (၁)နေရာ ဝင်ရောက် အရွေးချယ်ခံမှာ ဖြစ်ပါတယ်။ အရွေးချယ်ခံမည့် မြို့နယ်နှင့် ကိုယ်စားလှယ်လောင်းများကတော့ မြောက်ဦးမြို့နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်မှာ ဦးဖြူထွန်း၊ ကျောက်တော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှာ ဦးထွန်းလှကျော်နှင့် ဘူးသီးတောင်မြို့နယ်၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁)မှာ ဦးကံစိန်တို့ပဲ ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူများနဲ့ ရခိုင်ပြည်နယ်ရှိ မဲဆန္ဒရှင် တိုင်းရင်းသားညီအစ်ကိုအပေါင်းတို့ ခင်ဗျား –**

ကျွန်တော်တို့ ခမီလူမျိုးစုများဟာ ရခိုင်ပြည်မှာ နောင်တော် ရခိုင်လူမျိုးများနဲ့ ရှေးပဝေသဏီကတည်းက မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ သမိုင်းရှည်ကြာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြတဲ့ ဆွေမျိုးရင်းချာ ညီအစ်ကိုတွေဖြစ်ကြပါတယ်။ ဒီကနေ့ ပါတီစုံဒီမိုကရေစီစနစ်တွင် ရခိုင်ပြည်တွင်း မှီတင်းနေထိုင်ကြတဲ့ ရခိုင်ပြည်ဖွား ညီအစ်ကိုတိုင်းရင်းသားလူမျိုးစုများအားလုံး ငြိမ်းချမ်းသာယာ စည်ပင်ဝဖြိုးစေဖို့အတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိရေး တစ်ဦးနှင့်တစ်ဦး လူမျိုးစု တစ်စုနဲ့တစ်စု ရိုင်းပင်းကူညီဖေးမဆောင်ရွက်ရေးဟာ အင်မတန်မှ အရေးကြီးလှပါတယ်။

ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ ဖြိုးတိုးတက်ရေးပါတီအနေနဲ့ သမိုင်းပေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ပြည်နယ်အကျိုးပြု နိုင်ငံအကျိုးပြု လုပ်ငန်းတွေမှာ ကျရာအခန်းကဏ္ဍကနေ ပူးပေါင်းပါဝင်ဆောင်ရွက်ချင်ပါတယ်။ ကျွန်တော်တို့ ပါတီဟာ ရခိုင်မျိုးနွယ်စုဝင် လူမျိုးစုငယ် ပါတီတစ်ခုဖြစ်သည့်အားလျော်စွာ ရခိုင်ပြည်နယ်ရဲ့ အကျိုးစီးပွား၊ ပြည်ထောင်စုရဲ့ အကျိုးစီးပွားများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခွင့်ရရှိရေးအတွက် ငှက်ဝါအမှတ်တံဆိပ်ဖြစ်တဲ့ **ခမီအမျိုးသားဖွံ့ ဖြိုးတိုးတက်ရေးပါတီ** ကို ဆန္ဒမဲပေး အားပေးဝန်းရံပေးကြပါလို့ မေတ္တာရပ်ခံတိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ရခိုင်ပြည်နယ်သူ/သား မဲဆန္ဒရှင် မိဘပြည်သူ ညီအစ်ကိုမောင်နှမများနဲ့တကွ ပြည်ထောင်စုတစ်ဝန်း ညီနောင်တိုင်းရင်းသားများအားလုံး ဘေးဘယာဝေးကွာ၍ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# မြစ်သား၌ ရွေးကောက်ပွဲဆိုင်ရာအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်လှစ်

**မြစ်သား စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများအား ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်လုပ်ငန်းလမ်းညွှန် ဆင့်ပွားသင်တန်းကို ယနေ့နံနက် ၈ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံဟောင်း အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လမ်းညွှန်မှုအရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်ခြင်းဖြစ်ပြီး မြစ်သားမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာ အုပ်စုပေါင်း ၉၂ အုပ်စုရှိရာ တစ်အုပ်စုလျှင် သင်တန်းသား နှစ်ဦးနှုန်းဖြင့် သင်တန်းသား ၁၈၀ ကို ခြောက်ဖွဲ့ခွဲကာ တစ်ဖွဲ့လျှင် ၃၀ ဖြင့် တစ်ရက်လျှင် နှစ်ကြိမ် ပို့ချပေးခြင်းဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးထံမှ သိရသည်။

သင်တန်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အတွင်းရေးမှူး ဒေါ်ယဉ်မွန်ဖိုးနှင့် အဖွဲ့ခွဲဝင် ဦးကျော်မင်းဌေး၊ ဦးအောင်ကျော်စိုးတို့က မဲစာရင်းပြုစုခြင်း၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုလုပ်ငန်းလမ်းညွှန်၊ မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်များ ထုတ်ပြန်ကြေညာခြင်း၊ မြို့နယ်/ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ အခန်းကဏ္ဍ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ စသည့် ဘာသာရပ်များကို စက်တင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ သုံးရက်ဖွင့်လှစ် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမျိုးသားဒီမိုကရေစီအင်အားစုပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၆

**အမျိုးသားဒီမိုကရေစီအင်အားစုပါတီဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**ဒီမိုကရေစီမျှော်လင့်ချက် ပြည်သူ့အတွက် NDF**
အမျိုးသားဒီမိုကရေစီအင်အားစု
အမျိုးသားဒီမိုကရေစီအင်အားစု
အမျိုးသားဒီမိုကရေစီအင်အားစု
ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ ခရီးရှည်ချီတက်မည်
ရွှေခမောက်ဆောင်းသော တိုင်းရင်းအောင်နိမိတ် ပေါ်ထွန်းမည်
ပညာလူမှုစီးပွား မြှင့်တင်စေပါမည်
သာယာမည် မြန်မာပြည် ရာဇဝင်တွင်မည်
ပြည်ထောင်စုဘွား တိုင်းရင်းသားတို့ပြည်။
ဒီမိုကရေစီအောင်လံ လွှင့်ထူ မမိုတ်သုန်ဆောင်ရွက်မည်
ပြည်သူနဲ့ တစ်သွေးတစ်သားတည်း သစ္စာတရားတည်
မြန်မာပြည်အပြောင်းအလဲအတွက် ခမောက်ကိုယုံကြည်သည်
ရာဇဝင်မှာ စာတင်မည်
ဒီမိုကရေစီနိုင်ငံတော်သစ် မုချဖြစ်ရမည်
သမိုင်းသစ်ကို ပြောင်းလဲမည် ခမောက်တို့ပြန်လာပြီ
လွတ်လပ်မည် မျှတမည် အခွင့်အရေးသာတူညီ
ပြည်သူကို ကတိပေးထားသည်
ဒီမိုကရေစီကို ကူးပြောင်းရမည်
ခေတ်သစ်ဆီ တရားနဲ့အညီ ခမောက်ရှိနေပါသည်။
ရဲရင့်သည် ရှေ့သို့ချီ လူထုအတွက် ရင်ဆိုင်မည်
ဒီမိုကရေစီမျှော်လင့်ချက် ပြည်သူ့အတွက် NDF

**လေးစားအပ်တဲ့မဲဆန္ဒရှင် ပြည်သူများခင်ဗျား –**

ကျွန်တော်ကတော့ ဦးခင်မောင်ဆွေပါ။ အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီရဲ့ ဥက္ကဋ္ဌ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပါတီအနေနဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာ ကိုယ်စားလှယ် ၁၀၀ ကျော်လောက် ယှဉ်ပြိုင်သွားပါမယ်။ နိုင်ငံရေးဆယ်နှစ်တာခရီးရဲ့ ပထမငါးနှစ်တာကာလမှာ လွှတ်တော်ထဲကနေ ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျန်ငါးနှစ်မှာတော့ နိုင်ငံနဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို လွှတ်တော်ပြင်ပနိုင်ငံရေးနဲ့ မျက်ခြည်မပြတ် စောင့်ကြည့်ဆောင်ရွက်ခဲ့ပါတယ်။ စားဝတ်နေရေး မပြည့်စုံမှုဆိုတဲ့ လူမှုဒုက္ခတွေ ရှိနေသမျှ လူမှုလွတ်လပ်ခွင့်တွေကို မရနိုင်ဘူးလို့ ကျွန်တော်တို့ပါတီက ယုံကြည်တယ်။ ဒါကြောင့် အဲ့ဒီလူမှုဒုက္ခတွေကို မပယ်ရှားသမျှ ဒီမိုကရေစီလူ့ဘောင်ကိုမရောက်နိုင်ဘူးဆိုတဲ့ လူမှုအခြေပြုလွတ်လပ်ခွင့်ဝါဒကို ကိုင်စွဲထားပါတယ်။ စီးပွားရေးဘက်မှာတော့ တန်းတူညီမျှ စီးပွားရေးဘဝတွေ ဖြစ်လာအောင် ဈေးကွက်အခြေခံရောပြွမ်း စီးပွားရေးစနစ်နဲ့ သွားပါမယ်။ ဒါမှသာ လက်တစ်ဆုပ်စာ ချမ်းသာတဲ့သူတွေသာမက ဆင်းရဲတဲ့ အခြေခံလူတန်းစား အများစုကြီးကိုပါ ဘဝအာမခံချက်တွေ တစ်ပြေးညီ ရရှိစေဖို့ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား–**

အခုအချိန်မှာ မြန်မာ့နိုင်ငံရေးလိုအပ်ချက်တွေဟာ ပြောင်းခဲ့ပါပြီ။ ဒီမိုကရေစီလူ့ဘောင်ကို အရောက်သွားရေးသာမက ဖက်ဒရယ်ပြည်ထောင်စု ဖြစ်တည်ရေးဟာ အဓိကနိုင်ငံရေးလိုအပ်ချက်ကြီး ဖြစ်လာပါတယ်။

ဒီနေရာမှာ စီးပွားရေးနဲ့နိုင်ငံရေး ဒွန်တွဲနေတယ်လို့ ပြောလိုပါတယ်။ ဒါကြောင့် NDFပါတီဟာ စားဝတ်နေရေး အစရှိတဲ့ ပြည်သူတွေရဲ့ စီးပွားရေးဘဝ တိုးတက်ရေးကို အလေးအနက်ထား ဆောင်ရွက်သွားပါ့မယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျေးလက်ပြည်သူအများစုကြီးရဲ့ အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ စိုက်ပျိုးစီးပွားကို အဓိကထားပါမယ်။ ဒါကြောင့်မို့ ဒီနိုင်ငံမှာ ခေတ်မီနည်းပညာတွေနဲ့ စိုက်ပျိုးရေးကို တွန်းအားပေးပြီး ထိပ်တန်းဆန်တင်ပို့နိုင်ငံ အဖြစ်ရောက်အောင်လုပ်ရပါမယ်။ ဒါကြောင့်–

၁။ စိုက်ပျိုးစီးပွား တိုးတက်ရေးကို အဓိကထား ဆောင်ရွက်သွားရပါမယ်။
၂။ မြန်မာပြည်မြောက်ပိုင်း ရေခဲဖုံးလွှမ်းရာဒေသနဲ့ မြန်မာပြည်တောင်ပိုင်း အမြဲစိမ်းသစ်တောများဖုံးလွှမ်းရာ ကျွန်းစုတွေမှာ သဘာဝခရီးသွားလုပ်ငန်းနယ်မြေတွေအဖြစ် ထူထောင်သွားရပါမယ်။
၃။ စက်မှုလယ်ယာနဲ့ ဘက်စုံသုံးစက်ယန္တရားတွေကို ပြည်တွင်းမှာပဲ ဖက်စပ်ထုတ်လုပ်ပြီး အသေးစား၊ အလတ်စား၊ စက်မှုလုပ်ငန်းတွေ မြှင့်တင်ရေးကိုလည်း ဆောင်ရွက်သွားရပါမယ်။ NDFပါတီဟာ လွှတ်တော်ထဲရောက်ရင် စိုက်ပျိုးရေး၊ စက်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍကြီး သုံးရပ်ကို GDP အချိုးအစားအလိုက် ချိန်ညှိပြီးတော့ တိုးတက်ရေးအတွက် ဆွေးနွေးတင်ပြသွားပါ့မယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား –**

ကျွန်တော်တို့ NDF ပါတီဟာ ပြည်သူထံပါးက ဘယ်တော့မှ စွန့်ခွာသွားမှာ မဟုတ်ပါဘူး။ နိုင်ငံရေးပါတီတစ်ရပ်အနေနဲ့ အလုပ်သမားတွေ ဘဝအာမခံချက်မရှိတာကို လက်ပိုက်ကြည့်နေမယ့် ပါတီမျိုးလည်း မဟုတ်ပါဘူး။ ဒါကြောင့် အလုပ်သမားတွေဘက်က ရပ်တည်ပြီး ဥပဒေတွေ ပြင်ဆင်ရေးကို ဆောင်ရွက်သွားမယ်လို့ ကတိပြုပါတယ်။

ဥပမာပြောရရင်–

- ❖ အလုပ်သမားတွေ အလုပ်ခွင်မှ ရပ်နားခံရတဲ့အခါ လူမှုဖူလုံရေးဥပဒေနဲ့အညီ လုပ်ခလစာ ခံစားခွင့် ရှိစေရမယ်။
- ❖ လုပ်ငန်းခွင်ထဲမှာ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်ခံရပါက ဥပဒေအကာအကွယ်နဲ့ နစ်နာကြေးပါ ရရှိစေရမယ်။
- ❖ လုပ်သားများရဲ့ ဘဝအာမခံချက်ရှိစေဖို့ အလုပ်ရုံ၊ စက်ရုံများ ရေရှည်လည်ပတ်နိုင်ရေး အလေးထားပါမယ်။ ဒါကြောင့် နောင်ပေါ်လာမယ့် စက်မှုဇုန်တွေမှာ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးကို NDF ပါတီက ရည်ရွယ်ပြီး ပြောကြားရခြင်း ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား–**

NDF ပါတီဟာ တိုင်းရင်းသားပြည်သူအားလုံးရဲ့ အကျိုးစီးပွားကို ဦးထိပ်ထားပါတယ်။ ဒါကြောင့် ပြည်သူအားလုံးရဲ့ စီးပွားရေးဘဂ တိုးတက်ရေးကို နိုင်ငံရေးတာဝန်အဖြစ် ခံယူတယ်။ ပြည်သူကို လယ်စိုက်ကျွေးပြီး နိုင်ငံ့ဘဏ္ဍာရှာပေးနေတဲ့ လယ်သမားတွေကို လျစ်လျူရှုမထားနိုင်ပါဘူး။ ဒါကြောင့် –

- ❖ သိမ်းဆည်းခံ လယ်မြေတွေ ပြန်ရရေးနဲ့ မြေလွတ်မြေရိုင်း ခုတ်ထွင်စိုက်ပျိုးသူတွေအပါအဝင် ဘိုးစဉ်ဘောင်ဆက် လယ်လုပ်သူ နိုင်ငံသားမှန်သမျှ ဂရန်စနစ်နဲ့ လယ်ပိုင်စေရမယ်။
- ❖ စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ရရှိစေဖို့နဲ့ သဘာဝဘေး စစ်ဘေးကြောင့် လက်ငုတ်လက်ရင်း ပျောက်သူတွေအတွက် စိုက်ပျိုးစရိတ်ချေးငွေ ပြန်ဆပ်ခြင်းကို ကင်းလွတ်ခွင့် ပြုစေရမယ်။
- ❖ အကြွေးနွံနစ်ပြီး နာလန်မထူနိုင်ဖြစ်နေတဲ့ လယ်သမားတွေကို စိုက်ပျိုးစရိတ်ချေးငွေပြန်ဆပ်ဖို့ (၂)နှစ်တိတိ ဆိုင်းငံ့ပေးစေရမယ်။ ဒါကြောင့် နိုင်ငံတကာကပေးတဲ့ စိုက်ပျိုးရေးချေးငွေကို လယ်ယာကဏ္ဍကို တိုက်ရိုက်ရောက်ရှိရေး တောင်းဆိုပေးမယ်။
- ❖ ဆန်စပါးတင်ပို့ရာမှာ ကြားခံအဆင့်တွေ လျှော့ချပြီး ကုန်ထုတ်လုပ်မှုနဲ့ ဈေးကွက်တိုက်ရိုက်ချိတ်ဆက်ရေးအပြင် ဈေးကွက်အသစ်ရှာဖွေရေးတွေကိုပါ လွှတ်တော်ထဲမှာဆွေးနွေး သွားဖို့ ကတိပြုပါတယ်။

**မိဘပြည်သူများခင်ဗျား –**



ကျွန်တော်တို့ NDF ပါတီကတော့ ပြည်သူထံပါးက ဘယ်တော့မှ စွန့်ခွာသွားမှာ မဟုတ်ဘူးဆိုတဲ့အတိုင်း ပြည်သူ့အပေါ် နိုင်ငံရေးသစ္စာတည်မှာ ဖြစ်ပါတယ်။ ဒါကြောင့် NDF ပါတီအနေနဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝတွေ တိုးတက်စေဖို့ စားဝတ်နေရေး ပြေလည်ရေးကို နံပါတ်တစ်ထားပါမယ်။ လူမျိုးတွေရဲ့ ဘာသာစကား၊ စာပေနဲ့ ယဉ်ကျေးမှု၊ ကိုးကွယ်ရာဘာသာတွေကို အလေးထားစောင့်ရှောက်နိုင်ရပါမယ်။ ဒါကြောင့် တိုင်းချစ်ပြည်ချစ်၊ နိုင်ငံချစ်စိတ်တို့ရဲ့ အခြေတည်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသား အမျိုးသားရေးစိတ်ဓာတ် ဖွံ့ထွားရှင်သန်နိုင်ရေးကို နံပါတ်(၂)ထားပါမယ်။ နံပါတ် (၃)အနေနဲ့ကတော့ အချုပ်အခြာအာဏာ တည်တံ့ရေးကို တတိယထား ရပ်တည်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ပါတီရဲ့ ရပ်တည်ချက်ဟာ အမျိုးသားအကျိုးစီးပွားကို ထိပါးမခံရရေးဖြစ်လို့ပါပဲ။ ဒီလို ပြည်သူ့အပေါ် နိုင်ငံရေးသစ္စာတည်တဲ့ NDF ဟာ လွှတ်တော်တွေထဲ ရောက်ရင်လည်း ပြည်သူ့မျက်နှာတစ်ချက် အညိုးခံမယ့်ပါတီမျိုးလား။ ဘယ်တော့မှ အညိုးခံမှာ မဟုတ်ပါဘူးဆိုတာကို ရဲရဲကြီးကတိပေးရင်း နိဂုံးချုပ်ပါတယ်။

ခမောက်ကိုဆောင်း ပြောင်းကို ပြောင်းရမည်။

**NDF ကို မဲပေးကြစို့**

| | |
|---|---|
| ပြည်သူများရှေ့လှမ်းခဲ့ပြီ | NDF ပါတီ |
| အများအတွက်ရည်စူး ရှေ့သို့ချီ | ညီစေခမောက်ပါတီ |
| ပြည်သူများအတွက် အစဉ်ရပ်တည် | NDF ဖြစ်သည် |
| ညီနောင်သားချင်းများနဲ့အတူ | လက်တွဲလို့ညီညီ |
| အမျိုးသားရေးကို ထမ်းရွက်မည် | ဒီမိုကရေစီနဲ့အညီ |
| ပြည်ထောင်စုအတွက် အမှန်ဖြစ်သည် | ညီညာကြိုးစားမည် |

| | |
|---|---|
| NDF | အမျိုးသားဒီမိုကရေစီအင်အားစု |
| ပြည်သူ့အတွက် | အရှေ့ကကာကွယ် အစဉ်ရပ်မယ် |
| သတိပေး | အကျိုးများဆောင်ပါ ပြည်သူ့အရေး |
| ညီညွတ်မည် | တိုင်းရင်းသားစုံညီ အောင်ရမည် |

NDF NDF NDF NDF
NDF ကို မဲပေးကြစို့

| | |
|---|---|
| ပြည်သူများရှေ့လှမ်းခဲ့ပြီ | NDF ပါတီ |
| အများအတွက်ရည်စူး ရှေ့သို့ချီ | ညီစေခမောက်ပါတီ |
| ပြည်သူများအတွက် အစဉ်ရပ်တည် | NDF ဖြစ်သည် |
| ပြည်သူများရဲ့ရှေ့မှအတည် | လက်တွဲလို့ညီညီ |
| ကောင်းကျိုးသယ်ပိုး ထမ်းရွက်မည် | NDF ပါတီ |
| ပြည်သူများနဲ့လက်တွဲမည် | ညီစေ ရှေ့သို့ချီ |

| | |
|---|---|
| NDF | အမျိုးသားဒီမိုကရေစီအင်အားစု |
| ပြည်သူ့အတွက် | အရှေ့ကကာကွယ် အစဉ်ရပ်မယ် |
| ပြည်သူအကြား | မွေးဖွားလာသည် ခမောက်ပါတီ |
| အစဉ်ရပ်တည် | ပြည်သူဘက်မှာအမြဲရှိသည် |

NDF NDF NDF NDF
NDF ကို မဲပေးကြစို့

# အောင်မြေသာစံမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၅ ရက်က ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက် ၈၂လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြားရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း သေီဒါခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အောင်မြေသာစံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာကိုကိုကြီးနှင့် အောင်မြေသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်အောင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် သင်တန်းကို စတင်ပို့ချရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲစက်ဝန်းနှင့် မဟာဗျူဟာ စီမံကိန်းပန်းတိုင်များ ဘာသာရပ်ကို လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမင်းသူကလည်းကောင်း၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်မှုများ ဘာသာရပ်ကို မြို့နယ်ဥပဒေရုံးမှ ဦးစီးအရာရှိ ဦးနေမျိုးထွန်းက လည်းကောင်း၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့်ကျင့်ဝတ်၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်၊ ကြိုတင်မဲပေးခြင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်များ ထုတ်ပြန်ကြေညာခြင်း ဘာသာရပ်ကို မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်သင်းက လည်းကောင်း သက်ဆိုင်ရာဘာသာရပ်များအလိုက် သင်တန်းပို့ချကြသည်။

**ဇော်လင်းဦး (အောင်စံ)**

# အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၆

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ ဥက္ကဋ္ဌ ဦးဇော်မင်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**



ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား ညီအစ်ကို မောင်နှမများ မဲဆန္ဒရှင်မိဘပြည်သူများ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေ၊ ကိုဗစ်-၁၉ ရောဂါ ကင်းဝေးပါစေလို့ ဦးစွာဆုတောင်း မေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ၏ ဥက္ကဋ္ဌ ဦးဇော်မင်းဖြစ်ပါတယ်။

**၁။ ရည်ရွယ်ချက်**

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးဖြစ်ပါသည်။

ဤရည်ရွယ်ချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်ရန်အတွက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပြီး နိုင်ငံသူ နိုင်ငံသားများ စည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲ၍ အကောင်အထည်ဖော်ဆောင်မည်။

**၂။ ယုံကြည်ချက်**

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီသည် နိုင်ငံတော်ကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ယုံကြည်လက်ခံထား ပါသည်။

**မဲဆန္ဒရှင်များခင်ဗျား**

**၃။ မူဝါဒ**

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ၏ မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားရေးမူဝါဒ ။ ။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကို ထာဝစဉ်ဦးထိပ်ထားပြီး ဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းသာယာ သော နိုင်ငံတော်သစ်တစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားပါမည်။

(ခ) နိုင်ငံရေးမူဝါဒ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မွေးဖွားပြီး ဘိုးစဉ်ဘောင်ဆက် မှီတင်းနေထိုင်ကြသော နိုင်ငံသူ/ နိုင်ငံသားများအားလုံး၏ အကျိုးစီးပွားကိုဦးထိပ်ထား၍ စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးပါမည်။

(ဂ) စီးပွားရေးမူဝါဒ ။ ။ လွတ်လပ်ပြီး တရားမျှတသော ဈေးကွက်စီးပွား ရေးစနစ်ကို ကျင့်သုံးမည်။

(ဃ) နိုင်ငံခြားရေးမူဝါဒ ။ ။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို ဦးထိပ်ထားပြီး လွတ်လပ်၍ တက်ကြွသော ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပါမည်။

(င) ကာကွယ်ရေးမူဝါဒ ။ ။ အမိနိုင်ငံတော်အား ပြည်တွင်း/ပြည်ပ အန္တရာယ်များမှ အပြည့်အဝကာကွယ်နိုင်စွမ်းရှိအောင် အစဉ်ကြိုးပမ်း ဆောင်ရွက်သွားပါမည်။

(စ) လူ့အခွင့်အရေးဆိုင်ရာမူဝါဒ ။ ။ အခြေခံဥပဒေနှင့်အညီ နိုင်ငံသူ နိုင်ငံသားတိုင်း၏ အခြေခံလူ့အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ဖော်ဆောင်ပေးမည်။

(ဆ) ဘာသာရေးနှင့် လူမှုရေးဆိုင်ရာ မူဝါဒ ။ ။ ဘာသာတိုင်း၏ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို လေးစားစွာ လိုက်နာဖော်ဆောင်မည်။ လူမှုရေးပရဟိတလုပ်ငန်းများကို အားပေးကူညီဆောင်ရွက်မည်။

(ဇ) ပညာရေးမူဝါဒ ။ ။ တစ်မျိုးသားလုံးပညာရည်မြင့်မားပြီး နိုင်ငံတကာ အဆင့်မီအောင် ထာဝစဉ် ကြိုးပမ်းဆောင်ရွက်သွားမည်။ စွမ်းရည် မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်ကို အခြေခံ၍ အမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်မည်။

(ဈ) ပူးပေါင်းဆောင်ရွက်ရေးမူဝါဒ။ ။ ကျွန်ုပ်တို့ပါတီ၏ နိုင်ငံရေးမူဝါဒနှင့် ကိုက်ညီသော နိုင်ငံရေးပါတီ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားပါမည်။

(ည) ကျန်းမာရေးမူဝါဒ ။ ။ နိုင်ငံသူ/နိုင်ငံသားများအားလုံး သက်ရှည် ကျန်းမာရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

(ဋ) ယဉ်ကျေးမှုဆိုင်ရာမူဝါဒ ။ ။ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာအမွေ အနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင် သွားပါမည်။

**မဲဆန္ဒရှင်များခင်ဗျား**

**ပါတီလုပ်ငန်းစဉ်များ**

(က) အမျိုးသားရေးလုပ်ငန်းစဉ်။ ။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး အတွက် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်။

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ထာဝစဉ်တည်တံ့ ခိုင်မြဲရေးအတွက် အခြေခံဥပဒေပါ" နိုင်ငံတော်၏ နယ်မြေအပိုင်း အခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှခွဲမထွက်ရ" ဆိုသည့် ပြဋ္ဌာန်းချက်ကို လေးလေးနက်နက်ကိုင်စွဲပါမည်။

(၂) နိုင်ငံသူ/နိုင်ငံသားများ၏ ဒေသအားလုံးကို လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းအောင် ကြိုးပမ်းဆောင်ရွက်ပေးပါမည်။

(ခ) နိုင်ငံရေးလုပ်ငန်းစဉ်။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်တွေ့ကျကျ ကျင့်သုံးနိုင်ရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်။

(၁) လူ့အခွင့်အရေးသတ်မှတ်ချက်များနှင့်အညီ လူ့အခွင့်အရေးများ ထွန်းကားပြန့်ပွားရေးကို ဥပဒေဘောင်အတွင်းမှ ဆောင်ရွက် သွားပါမည်။

(၂) မြန်မာ့လူ့ဘောင်သစ်အတွင်း လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်မှုကို ဟန်ချက်ညီညီ လက်တွေ့ ကျင့်သုံးသည့် ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားလာရေးအတွက် အစဉ်ဆောင်ရွက်သွားပါမည်။

(၃) နိုင်ငံတော်အချုပ်အခြာအာဏာ၏ အဓိကမဏ္ဍိုင် သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ ကို အချင်းချင်းအပြန်အလှန် လေးစားထိန်းကျောင်းခြင်းများ ဆောင်ရွက်သွားပါမည်။

(ဂ) ကာကွယ်ရေးလုပ်ငန်းစဉ်။ ။ အမိနိုင်ငံတော်အား ပြည်တွင်းပြည်ပ အန္တရာယ်များမှ အပြည့်အဝကာကွယ်နိုင်စွမ်းရှိအောင် ကြိုးပမ်း ဆောင်ရွက်သွားပါမည်။

(၁) မြန်မာ့ တပ်မတော်ကို ခေတ်မီ တပ်မတော် ကြီးဖြစ်အောင် အစဉ် ကြိုးပမ်းဆောင်ရွက်ပါ မည်။

(၂) အမိနိုင်ငံတော် လုံခြုံရေး နှင့် ကာကွယ်ရေးတွင် နိုင်ငံသူ/ နိုင်ငံသားများ အားလုံးပါဝင်နိုင်အောင် စီမံ ဆောင်ရွက်သွား ပါမည်။

(ဃ) စီးပွားရေးလုပ်ငန်းစဉ် ။ ။ နိုင်ငံတော်တွင် လွတ်လပ်ပြီး တရား မျှတသော ဈေးကွက်စီးပွားရေးစနစ်တစ်ရပ် ပီပြင်စွာဖြစ်ပေါ်လာစေရေး အတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-

(၁) အစိုးရ၊ ဒေသဆိုင်ရာအဖွဲ့အစည်း၊ ပုဂ္ဂလိကစသည့် စီးပွားရေး အင်အားစုများအားလုံး သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် မျှမျှတတ ပါဝင်ဆောင်ရွက်ခွင့်ရရှိအောင် အမြဲဆောင်ရွက်သွား ပါမည်။

(၂) ဈေးကွက်စီးပွားရေးကို ကျင့်သုံးရာတွင် တရားသဖြင့်ယှဉ်ပြိုင်ခြင်း အား ပျက်ပြားစေမည့် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ခြင်း၊ ဈေးကစားခြင်း စသည့် လုပ်ဆောင်မှုများကို တားဆီးကာကွယ်သွားပါမည်။

(၃) ဆင်းရဲချမ်းသာကွာဟမှု၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု နှင့် ကွာခြားမှုများကို လျှော့ချနိုင်ရေးအတွက် အဓိက ဆောင်ရွက် သွားပါမည်။

(၄) နိုင်ငံသူ/နိုင်ငံသားများ၏ ပိုင်ဆိုင်မှုများကို ဥပဒေဖြင့် ကာကွယ် နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားပါမည်။

(၅) ပြည်သူများအားလုံး စားဝတ်နေရေး ဖူလုံပြီး၊ လူနေမှုအဆင့် အတန်း မြင့်မားရေးအတွက် အလုပ်အကိုင်အခွင့်အလမ်း၊ တစ်ဦးချင်းဝင်ငွေတိုးပွားလာစေရေးအတွက် ကြိုးပမ်းဆောင် ရွက်ပါမည်။

လေးစားအပ်ပါသော မဲဆန္ဒရှင်များခင်ဗျာ--- ကျွန်တော်တို့ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီကိုယ်စားလှယ်လောင်းများသည် ဗိုလ်တထောင်မြို့နယ်က ပါဝင်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် ဗိုလ်တထောင်သား များ မဲပေးကြပါလို့ ပန်ကြားအပ်ပါတယ်။

(အောင်မြင်ပါစေ မြန်မာပြည်
သာယာပါစေ မြန်မာပြည်
ချမ်းသာပါစေ မြန်မာပြည်)

**နိဂုံးချုပ်**

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီသည် နိုင်ငံတကာ အတွေ့အကြုံ၊ ပြည်တွင်း အတွေ့အကြုံများကို ပေါင်းစပ်၍ လူ့စွမ်းအား အရင်းအမြစ်ကို အခြေခံကာ နိုင်ငံတော်အပေါ် သစ္စာထားပြီး စီးပွားရေးကို တစ်ဟုန်ထိုး တိုးတက်ရန်ဖြစ်တဲ့အတွက် ကျွန်တော်တို့ပါတီကို မဲထည့်ပြီး အားပေးကြပါလို့ တိုက်တွန်းရင်းနှင့် နိဂုံးချုပ်ပါသည်။

မိဘပြည်သူအပေါင်းတို့ - ကောင်းသော လိုအင်ဆန္ဒ ပြည့်ဝပါစေလို့ ဆုတောင်းပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပွင့်ဖြူမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာအကြောင်း သိကောင်းစရာ အသိပညာပေးဆွေးနွေး

**ပွင့်ဖြူ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ မဖြစ်မနေ ပါဝင်မဲပေးနိုင်ရန်နှင့် ရွေးကောက်ပွဲနှင့် စပ်လျဉ်းပြီး သိသင့်သိထိုက်သော အချက်များကို မဲဆန္ဒရှင် ပြည်သူများ ကြိုတင်သိရှိနိုင်ရန်အတွက် ရည်ရွယ်ကျင်းပ သည့် ရွေးကောက်ပွဲဆိုင်ရာအကြောင်း သိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝါဝါလှိုင်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ဆွေးနွေးသည်။ ထို့နောက် ဦးဆောင်ပါဝင် ဆွေးနွေးသူ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင် စန်းမြင့်နှင့်အဖွဲ့ဝင် နှစ်ဦးက ပွင့်ဖြူမြို့နယ်တွင် လာမည့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရန်နှင့် မဲပေးခွင့်ရှိသော မဲဆန္ဒရှင်ပြည်သူများ မဲပေး နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများ၊ ပြည်သူများ အဆင်ပြေစွာ မဲပေးနိုင်ရေးအတွက် မဲရုံလျာထား ဆောင်ရွက်ထားရှိမှုများ၊ ကြိုတင်မဲပေးရာတွင် လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်များ၊ မိမိပေးမည့် ဆန္ဒမဲလက်မှတ်အား ပယ်မဲမဖြစ်စေရေးအတွက် ကြည့်ရှု စစ်ဆေးရမည့်အချက်များ၊ ခိုင်လုံမဲတွင် ပါဝင်ရမည့် အချက်များ စသည်ဖြင့် ကဏ္ဍစုံလင်စွာ အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။

ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာလ ပြည်သူများ စာပေအသိပညာဗဟုသုတ တိုးပွားစေရေးအတွက် ယခုလို အသိပညာပေးဆွေးနွေးပွဲများကို အွန်လိုင်းစနစ်ဖြင့် ဝန်ဆောင်မှု ပြုလုပ်ပေးလျက်ရှိသည့်အပြင် လက်ကမ်း စာစောင် ဖြန့်ဝေခြင်းလုပ်ငန်းနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများ ပြုလုပ်ပြသခြင်း၊ အွန်လိုင်းမှတစ်ဆင့် ပုံပြင်ပြောခြင်း၊ စာအုပ်အညွှန်း မိတ်ဆက်ခြင်းနှင့် စက္ကူ အရုပ်ခေါက်နည်း မျှဝေခြင်းများကို ဝန်ဆောင်မှုပေးလျက်ရှိ ကြောင်း ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝါဝါလှိုင်ထံမှ သိရ သည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**

# (၅၁)နှစ်မြောက် ရွှေသွေးဂျာနယ် အထူးထုတ် ၂၀၂၀ထွက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးသည် အသက် ၁၂ နှစ် အောက်ကလေးများ ဖတ်ရှုနိုင်ရန် ရည်ရွယ်၍ ရွှေသွေးဂျာနယ်ကို ၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်မှ စတင်ထုတ်ဝေဖြန့်ချိခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်တွင် (၅၁)နှစ် ပြည့်ခဲ့ပြီဖြစ်၍ (၅၁)နှစ်မြောက် ရွှေသွေးဂျာနယ်အထူးထုတ် ၂၀၂၀ ကို ထုတ်ဝေဖြန့်ချိလိုက်သည်။




(၅၁)နှစ်မြောက် ရွှေသွေးဂျာနယ် အထူးထုတ် ၂၀၂၀ တွင် ကဗျာ၊ ပုံပြင်၊ ဝတ္ထု၊ သုတဆောင်းပါး၊ ဉာဏ်စမ်းကဏ္ဍများနှင့် ကာတွန်းဇာတ်လမ်းတို့ ပါဝင်ပြီး သုတရသစုံလင်စွာ တင်ဆက်ထားသည်။ ကဗျာနှစ်သက်သူ ကလေးသူငယ်များအတွက် အကြောင်းအရာမျိုးစုံကို သီကုံးဖွဲ့နွဲ့ထားသည့် ကဗျာ ၁၄ ပုဒ် ထည့်သွင်းဖော်ပြထားသည်။ ထို့ပြင် ကလေးများအတွက် သုတ၊ ရသများကို ဖော်ကျူးပေးထားသည့် ပုံပြင်ငါးပုဒ်၊ ကလေးဝတ္ထုဇာတ်လမ်းခြောက်ပုဒ်၊ သုတဆောင်းပါးသုံးပုဒ်တို့နှင့်အတူ ကလေးများ၏ စိတ်ကူးဉာဏ်ကို ကွန့်မြူးစေမည့် ဉာဏ်စမ်းကဏ္ဍတို့လည်း ပါဝင်သည်။

ကာတွန်းကဏ္ဍတွင် ကာတွန်းဆရာကြီးများဖြစ်ကြသော ကာတွန်းရွှေမင်းသား၊ ကာတွန်းတင်အောင်နီ၊ ကာတွန်းမြေဇာ၊ ကာတွန်းသစ်ထွဏ်း၊ ကာတွန်းမောင်မောင်လေး၊ ကာတွန်းကိုရွှေထူး (ပြည်)၊ ကာတွန်းကျော်ထွဏ်း၊ ကာတွန်း မောင်ရွှေဝင်း၊ ကာတွန်း စမ်းချောင်းကိုကိုအောင်၊ ကာတွန်းဝင်းဖေ (အဖျောက်)၊ ကာတွန်း အောင်အောင်ထွေး၊ ကာတွန်း စိုးဇော်၊ ကာတွန်းစိုးစံ၊ ကာတွန်း ဆန်းလင်း၊ ကာတွန်းဇော်ဝိတ်၊ ကာတွန်း အီကွေတာ၊ ကာတွန်းမင်းကောင်းကို၊ ကာတွန်းရွှေရိုး၊ ကာတွန်း ဒစ်ဂျစ်တယ်၊ ကာတွန်းမောင်ဗချီ၊ ကာတွန်း ထွန်းထွန်းဝင်း (ရန်ကုန်တက္ကသိုလ်)၊ ကာတွန်းဝင်းမြင့်အောင်၊ ကာတွန်းသီဟ (စခန်းသစ်)၊ ကာတွန်းသန့်စင်၊ ကာတွန်းကျော်တင်မြင့်သစ်၊ ကာတွန်းအောက် တိုဘာအောင်ကြီး၊ ကာတွန်းသာဦး၊ ကာတွန်း MGU၊ ကာတွန်းကိုသင်း၊ ကာတွန်း ကိုသက်ကြည်၊ ကာတွန်းသိက္ခာ၊ ကာတွန်း ထွဏ်းဦး (စစ်ကိုင်း)၊ ကာတွန်း ဆွေချစ်၊ ကာတွန်း ဝင်းသဉ္ဇာမျိုး၊ ကာတွန်း မောင်မောင်ညှက်၊ ကာတွန်းသူရ၊ ကာတွန်းကိုကောင်း၊ ကာတွန်းပြုံးချို၊ ကာတွန်း ပေါ်လွင်ကျော်၊ ကာတွန်း ဇက်တီနှင့် ကာတွန်း မောင်တင်ယုတို့၏ လက်ရာများကို စုံလင်စွာဖတ်ရှုခံစားနိုင်မည် ဖြစ်သည်။

ထိုကဲ့သို့ နာမည်ကျော် ကာတွန်းလက်ရာကျော်ဆရာများ၏ လက်ရာကောင်းလက်ရာမွန်များကို တစ်စုတစ်စည်းတည်း ဖတ်ရှုနိုင်မည်ဖြစ်သည့်အပြင် အခြားစိတ်ဝင်စားဖွယ် ဝတ္ထု၊ ပုံပြင်၊ ကဗျာများကိုလည်း ဖတ်ရှုနိုင်မည့်(၅၁)နှစ်မြောက် ရွှေသွေးဂျာနယ် အထူးထုတ် ၂၀၂၀ စာအုပ်ကို တန်ဖိုးငွေကျပ် ၃၃၀၀ ဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ စာပေဗိမာန် အရောင်းဆိုင်များနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်အရောင်းဌာနအမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၈၀၄၄၈၊ ၀၁-၂၄၉၀ ၃၁သို့ ဆက်သွယ်မှာယူနိုင်သည်။

**သတင်းစဉ်**

## တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် (၂၀၂၀) ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိပါသည်။

ထို့ပြင် ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန် မိုးစပါးစိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင်မိုးစပါးစိုက်ပျိုးရေပေးဝေရန် မလိုအပ်သည့် မိုးကောင်းသောက်ဒေသများတွင်လည်း ဖြည့်စွက်ရေများ ပေးဝေနေရသည့် အခြေအနေများကြုံတွေ့နေရပါသဖြင့် ယခုနှစ်လျာထား မိုးစပါးစိုက်ကေများ ပြည့်မီစွာရေပေးဝေနိုင်ရန်နှင့် လာမည့် နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ် လျာထားပမာဏများအတိုင်း ပြည့်မီစွာ စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျ ချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသော တောင်သူလယ်သမားများနှင့် ပြည်သူများမှလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၉ - ၂၀၂၀

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၂၁ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၈ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၃ . ၂၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၀၆ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၅၆ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၈ . ၃၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၄၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၉၆၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၅၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၉ . ၈၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၄၅၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၈၀၀ | ၆၇၃ | ၆၆၀၂၇၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၄၇၉ | ၁၇၇၂၃၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁ | ၈၀၀၀ |
| FPB | ၂၂၀၀၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၃၆ | ၉၈၂၀၀ |
| EFR | ၃၁၀၀ | ၃၀၅၀ | ၆၈ | ၂၀၇၉၀၀ |

ခင်ရတနာ – စုစည်းသည်

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** – အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** – ဝင်းကျော်
**သတင်းထောက်ချုပ်** – မြင့်ဆွေ
**စာတည်းများ** – ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
**ဘာသာပြန်စာတည်း** – ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
**အငယ်တန်းသတင်းထောက်များ** – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
**ဓာတ်ပုံသတင်းထောက်** – တင်စိုး
**သုတေသန** – အိအိခင်နှင့် အဖွဲ့
**စာပြင်** – ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** – ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** – သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** – (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဆန္ဒမဲလက်မှတ်များကို အမှန်အမှတ်အသားပါသော တံဆိပ်တုံးဖြင့်ရိုက်နှိပ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ ရက်

မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲနေ့ မဲရုံတွင် မဲပေးရာတွင် လည်းကောင်း၊ ရွေးကောက်ပွဲနေ့မတိုင်မီ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် ကြိုတင်ဆန္ဒမဲပေးရာတွင် လည်းကောင်း အမှန်အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန် အသိပေး ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ခိုင်လုံမဲနမူနာပုံစံများ


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ----------

အမည်၊ ----------

ပုံစံ (၁)
- ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြုထားကြောင်း ထင်ရှားသည့်မဲ


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ----------

အမည်၊ ----------

ပုံစံ (၂)
- တံဆိပ်တုံးသည် ပြောင်းပြန် ဘေးတိုက် ဖြစ်နေသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦး ကိုသာ ဆန္ဒပြုထားသောမဲ


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ----------

အမည်၊ ----------

ပုံစံ (၃)
- တံဆိပ်တုံး၏ အကွက် (၉) ကွက်တွင် အနည်းဆုံး (၅)ကွက်သည် ကိုယ်စားလှယ်လောင်းတစ်ဦး၏ အကွက်အတွင်းသာ ကျရောက်သောမဲ


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ----------

အမည်၊ ----------

ပုံစံ (၄)
- ကိုယ်စားလှယ်လောင်း၏ အမည်ပေါ်တွင် ရိုက်နှိပ် ဆန္ဒပြုထားသောမဲ


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ----------

အမည်၊ ----------

ပုံစံ (၅)
- ကိုယ်စားလှယ်လောင်း၏ ပါတီ / အမှတ်တံဆိပ် ပေါ်တွင် ရိုက်နှိပ်ထားသောမဲ


၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ----------

အမည်၊ ----------

ပုံစံ (၆)
- ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြု ထားကြောင်း ထင်ရှားသည့်မဲ

မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

# ကိုလိုနီခေတ်ဦး ရော်ဘာနှင့်ရေနံထုတ်လုပ်မှု (အပိုင်း-၁)

## သိပ္ပံစာရေးဆရာကိုကိုအောင်

**ရော်ဘာသည် အရေးပါသော စက်မှုကုန်ကြမ်းဖြစ်သည်နှင့်အညီ နှစ်ဆယ်ရာစု အစပိုင်းတွင်ပင် ရော်ဘာစက်မှုလုပ်ငန်းများ ထွန်းကားလာသဖြင့် ရော်ဘာပင် စိုက်ပျိုးရေးနှင့် ရော်ဘာစေးထုတ်ယူရေးသည် အလားအလာ အလွန်ကောင်းသော စိုက်ပျိုးရေးလုပ်ငန်း တစ်ရပ်ဖြစ်လာသည်။ မြိတ်နှင့် ထားဝယ်ဒေသမှာ ရော်ဘာခြံလုပ်ငန်းအတွက် ရာသီဥတုနှင့် ရေမြေအနေအထားအရ အလွန်သင့်တော်သည်။ ၁၉၁၀ ပြည့်နှစ်ဝန်းကျင်တွင် ကုမ္ပဏီကြီး ခြောက်ခုက ငွေပင်ငွေရင်းစိုက်ထုတ်မြှုပ်နှံကာ ရော်ဘာခြံလုပ်ငန်းကို ချုပ်ကိုင်လုပ်ဆောင်ခဲ့ကြသည်။**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ရော်ဘာခြံလုပ်ငန်း ကုမ္ပဏီကြီးတစ်ခုက မြန်မာနိုင်ငံ၌ Amherst Rubber Estate, Limited (of Shanghai) ကို ၁၉၁၀ ပြည့်နှစ် ဧပြီ ၂၆ ရက်တွင် တည်ထောင်ခဲ့သည်။ ရန်ကုန်မြို့ အမှတ် ၇၀၊ ဖယ်ရာလမ်းရှိ F.M Jonasကို မြန်မာနိုင်ငံအတွက် ကိုယ်စားလှယ်အဖြစ် ထားရှိကာ ရှန်ဟဲမြို့ရှိ J.M. Gande & Co.က ကွပ်ကဲအုပ်ချုပ်ခဲ့သည်။ မတည် ရင်းနှီးငွေမှာ ရှန်ဟိုင်းသုံးငွေ တေးလ် ၆၅၀၀၀၀ ဖြစ်သည်။ ၁၉၀၆ ခုနှစ် ဇွန်လ က တည်ထောင်ခဲ့သော The Burma Para Rubber Co. Ltd.သည် ကျပ် ၁၀ တန်အစုရှယ်ယာများဖြင့် ငွေရင်းကျပ် ၄၀၀၀၀၀ ကို မတည်မြှုပ်နှံကာ မြိတ်မြို့မှ ၁၅ မိုင်ခန့်အကွာ King Island ရှိ ဧကပေါင်း ၂၀၆၀ တွင် ရော်ဘာ စိုက်ပျိုးခင်းကို အကွက်ချခဲ့သည်။ ၁၉၀၇-၀၈ ခုနှစ်တွင် ဧက ၁၀၀၀ ၌ ရော်ဘာ အပင်ပေါင်း ၁၈၅၀၀၀ ကိုစိုက်ပျိုးပြီး ၁၉၀၉ ခုနှစ်တွင် ဧက ၅၀၀ ၌ အပင် ၄၅၀၀၀ ကို စိုက်ပျိုးခဲ့သည်။ ထိုမြေဧက စုစုပေါင်း ၂၀၆၀ ကို ကုမ္ပဏီက အစိုးရထံမှ အနှစ် ၃၀ အတွက် အငှားစာချုပ်ဖြင့် ရယူထားပြီး အနှစ် ၃၀ စေ့သောအခါ နောက်ထပ်အနှစ် ၂၀ အတွက် ဆက်လက်ငှားယူခွင့်ရှိသည်။ A.R. Finlay၊ D.J.Morrison၊ H.W.Watts၊ W.Macdonald တို့က ဒါရိုက်တာ လူကြီးများဖြစ်ကြပြီး J.A.Begbie and Co.က စီမံအုပ်ချုပ်ရေး ကိုယ်စားလှယ်အဖြစ် တာဝန်ယူကာ ကုမ္ပဏီရုံးကို ရန်ကုန်မြို့၊ အမှတ် ၆၁၊ ကုန်သည်လမ်း၌ ဖွင့်လှစ်ခဲ့သည်။

မြိတ်မြို့ရှိ အစိုးရရော်ဘာခြံလုပ်ငန်းကို ၁၉၁၀ ပြည့်နှစ် အောက်တိုဘာတွင် ဖွဲ့စည်းတည်ထောင်သော The Mergui Crown Rubber Estates, Ltd. က လွှဲပြောင်းရယူကာ ဆက်လက်လုပ်ကိုင်ခဲ့သည်။ ကုမ္ပဏီ ဒါရိုက်တာလူကြီးများမှာ C. Clifford၊ A.R.Finlay၊ W.J. Cortterell၊ Lim Chin Tsong နှင့် R. Nicoll တို့ဖြစ်ကြသည်။ ထိုကုမ္ပဏီမှ ဒါရိုက်တာလူကြီးအချို့မှာ အခြားကုမ္ပဏီများတွင်လည်း ဒါရိုက်တာအဖြစ် ပါဝင်ကြောင်း တွေ့ရှိရသည့်အတွက် အစုရှယ်ယာအများဆုံးကို ပိုင်ဆိုင်သူများဟု ဆိုရမည် ဖြစ်သည်။ ကုမ္ပဏီ၏ မတည်ရင်းနှီးငွေမှာ ကျပ် ၂၂၅၀၀၀၀ ဖြစ်ပြီး ရော်ဘာခြံမှာ ဧက ၃၀၀၀ ခန့် ကျယ်ဝန်းသည်။ ဧက ၁၅၀၀ မှာ ရော်ဘာစိုက်ပျိုးပြီး ဖြစ်သောကြောင့် ၁၉၁၁ ခုနှစ်ခန့်တွင် ရော်ဘာစေးထုတ်ယူနိုင်ပြီဖြစ်သည်။ ကျန်ဧက ၁၅၀၀ မှာလည်း ထိုစဉ်က စိုက်ပျိုးရန် အသင့်ဖြစ်နေခဲ့သည်။

ထိုစဉ်က ရော်ဘာခြံလုပ်ငန်းတွင် ပါဝင်လာသော ကုမ္ပဏီသစ်တစ်ခုမှာ ၁၉၁၀ ပြည့်နှစ် ဩဂုတ်လက တည်ထောင်ခဲ့သော The Moulmein Rubber Plantations, Ltd.ဖြစ်သည်။ ဒါရိုက်တာလူကြီးများမှာ A.J.Darwood၊ St.L.B. Aldworth၊ C.E.Law၊ E.Harrison တို့ဖြစ်ကြပြီး မော်လမြိုင်မြို့တွင် ကုမ္ပဏီရုံး ဖွင့်ကာ C.E.Law က စက္ကရီတေရီအဖြစ် ဆောင်ရွက်ခဲ့သည်။ ကုမ္ပဏီက မတည်ရင်းနှီးငွေကျပ် ၅၀၀၀၀၀ မြှုပ်နှံကာ ကျိုက္ခမီစီရင်စုရှိမြေဧက ၁၂၀၀ ကို အစိုးရထံမှ အငှားစာချုပ်ဖြင့်ရယူထားသည်။ ကုမ္ပဏီအသစ်ဖြစ်သောကြောင့် မြေနေရာအသစ်ကို ခုတ်ထွင်ရှင်းလင်းကာ ၁၉၁၁ ခုနှစ်ရောက်မှသာ စတင်စိုက်ပျိုးနိုင်ခဲ့သည်။



ကိုလိုနီခေတ်ဦး မြန်မာ့ရေနံလုပ်ငန်းတစ်ခုမှ ရေနံလုပ်သားများ

ရန်ကုန်မြို့အနီးတွင်လည်း ရော်ဘာစိုက်ခင်းကြီး နှစ်ခုရှိခဲ့ပြီး တစ်ခုမှာ Kambay Para Rubber Estates, Ltd. ပိုင် ကန်ဘဲ့အရပ်ရှိ ၄၆ ဧကကျယ်ဝန်းသော ရော်ဘာခြံ ဖြစ်သည်။ ကန်ဘဲ့ရော်ဘာခြံကုမ္ပဏီကို ၁၉၁၀ ပြည့်နှစ် စက်တင်ဘာ ၂၂ ရက်က တည်ထောင်ခဲ့ကာ P.F. Linton၊ A.R. Finlay၊ D.J. Marrison တို့က ဒါရိုက်တာလူကြီးများဖြစ်ကြပြီး၊ H.V. Law and Co. က အုပ်ချုပ်ရေးကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။ တစ်ကျပ်တန် အစု ရှယ်ယာများဖြင့် ငွေရင်းကျပ် ၂၀၀၀၀၀ မြှုပ်နှံပြီး ရော်ဘာခြံမြေကို အစိုးရထံမှ အနှစ် ၉၀ အငှားစာချုပ်ဖြင့် ရယူထားခဲ့သည်။ စိုက်ခင်း ၄၆ ဧက အနက် ၁၂ ဧကရှိ ရော်ဘာပင် ၃၃၀၀ မှာ ထိုစဉ်က အပင်သက် ၁၀ နှစ်ပင် ရှိနေပြီ ဖြစ်သည်။ ၄၆ ဧကတွင် ရော်ဘာပင်စုစုပေါင်း ၁၃၉၅၀ စိုက်ပျိုးထားသဖြင့် ထိုစိုက်ခင်းများမှ ၁၉၁၀ ပြည့်နှစ်တွင် ရော်ဘာစေး ၆၆၀၀ ပေါင်၊ ၁၉၁၁ ခုနှစ်တွင် ၇၄၂၅ ပေါင်၊ ၁၉၁၂ ခုနှစ်တွင် ၈၂၅၀ ပေါင်၊ ၁၉၁၃ ခုနှစ်တွင် ၁၀၂၇၅ ပေါင်၊ ၁၉၁၄ ခုနှစ်တွင် ၁၂၆၀၀ ပေါင်နှင့် ၁၉၁၅ ခုနှစ်တွင် ၂၁၄၅၀ ပေါင်ထွက်ရှိလိမ့်မည်ဟု ကုမ္ပဏီက ခန့်မှန်းခဲ့သည်။

ရန်ကုန်မြို့အနီးရှိ ကျန်ရော်ဘာခြံတစ်ခုမှာ တွံတေးရှိ ၄၁၉၄ ဧက ကျယ်ဝန်းသော ရော်ဘာစိုက်ခင်းဖြစ်သည်။ ၁၉၁၀ ပြည့်နှစ် ဇွန်လတွင် တည်ထောင်ခဲ့သော Rangoon Para Rubber Estates, Ltd. ပိုင်ဖြစ်၏။ ဒါရိုက်တာလူကြီးများမှာ Sir W.H. Treacher၊ A.W. Stevens နှင့် J.H. Pattinson တို့ဖြစ်ကြပြီး ကုမ္ပဏီရုံးကို 5, Whitting-ton Avenue, London E.C. တွင် ဖွင့်လှစ်ထားရှိသည်။ Gutheric and Co., Ltd. က စက္ကရီ တေရီအဖြစ် ဆောင်ရွက်သည်။ ကုမ္ပဏီ၏ မတည်ငွေရင်း စတာလင်ပေါင် ၂၅၀၀၀၀ သည် တစ်ပေါင်တန်အစု ရှယ်ယာများကို ခေါ်ယူထားခြင်းဖြစ်သည်။ တွံတေးရော်ဘာစိုက်ခင်းတွင် ရော်ဘာပင်များကို ၁၉၀၃ ခုနှစ်ကတည်းက စတင်စိုက်ပျိုးခဲ့သည်။ ထိုနှစ်က ဧက ၅၀၉၆ တွင် အပင်ပေါင်း ၇၁၃၃ ပင် စိုက်ပျိုးပြီး နောက်ထပ်နှစ်စဉ်တိုးချဲ့စိုက်ပျိုးခဲ့ရာ ၁၉၀၉-၁၀ ခုနှစ်တွင် စုစုပေါင်း ၂၂၁၆ ဧကပေါ်၌ အပင်ပေါင်း ၃၁၂၀၀၀ ကို စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ ထိုစိုက်ခင်းများမှ ၁၉၁၀ ပြည့်နှစ်တွင် ရော်ဘာစေး ပေါင် ၁၀၀၀၀၊ ၁၉၁၁ ခုနှစ်တွင် ပေါင် ၂၆၀၀၀၊ ၁၉၁၂ ခုနှစ်တွင် ပေါင် ၁၁၅၀၀၀၊ ၁၉၁၃ ခုနှစ်တွင် ပေါင်၂၅၅၀၀၀၊ ၁၉၁၄ ခုနှစ်တွင် ပေါင် ၄၄၆၀၀၀ နှင့် ၁၉၁၅ ခုနှစ်တွင် ပေါင် ၆၇၀၀၀၀ ထွက်ရှိလိမ့်မည်ဟု ကုမ္ပဏီက ခန့်မှန်းထားခဲ့သည်။

ကိုလိုနီခေတ်မြန်မာနိုင်ငံ၏ ရော်ဘာစိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများကို ဖော်ပြပါကုမ္ပဏီကြီး ခြောက်ခုက လက်ဝါးကြီးအုပ် ချုပ်ကိုင်လုပ်ဆောင်ခဲ့ကြသည်။ ဒါရိုက်တာလူကြီးတချို့မှာ မြေယာကုမ္ပဏီများတွင် သာမက ရော်ဘာခြံကုမ္ပဏီများတွင်လည်း ပါဝင်ခဲ့ကြသည်။ စင်စစ်အားဖြင့် ထိုပုဂ္ဂိုလ်ကြီးများနှင့်ကုမ္ပဏီများမှာ ကိုလိုနီခေတ်မြန်မာနိုင်ငံ၏ မြေပိုင်ရှင်၊ ခြံပိုင်ရှင်၊ ထိပ်တန်း သူဋ္ဌေးကြီးများပင် ဖြစ်ကြသည်။ ရန်ကုန်မြို့ဝန်းကျင်ရှိ မြေများနှင့် ရော်ဘာစိုက်ခင်းခြံမြေများကို အစိုးရထံမှ နှစ်ရှည်အငှားစာချုပ်ဖြင့်လည်းကောင်း၊ ဂရန်စနစ်ဖြင့် လည်းကောင်း ဈေးပေါပေါနှင့်ရယူကာ လက်ဝါးကြီးအုပ် ခွဲဝေပိုင်ဆိုင်ထားကြပုံကို ထင်ရှားစွာသိမြင်နိုင်ကြမည်ဖြစ်သည်။

ဗြိတိသျှတို့သည် မြန်မာတစ်နိုင်ငံလုံးကို မသိမ်းပိုက်နိုင်ခင်ကတည်းကပင် မြန်မာ့တွင်းထွက်ရေနံ၊ ကျောက်သံပတ္တမြားနှင့် ဓာတ်သတ္တုများကိုသိခဲ့ကြ၊ စိတ်ဝင်စားခဲ့ကြသည်ဖြစ်ရာ ဗြိတိသျှတို့၏ပိုင်နက်နယ်မြေ ဖြစ်သွားသောအခါ၌မူ ထိုစီးပွားရေး လုပ်ငန်းကြီးများကို နိုင်ငံခြားသားအရင်းရှင်ကြီးများက တံခါးမရှိ၊ ဓားမရှိ လွတ်လပ်စွာ ရှာဖွေ တူးဖော်ခြယ်လှယ်လုပ်ကိုင်ခွင့်များကို ရရှိသွားလေတော့သည်။

ရေနံသည် မြန်မာဘုရင်ပိုင် အထက်မြန်မာနိုင်ငံထွက် သယံဇာတဖြစ်သည်။ ဘုရင်က ကုန်တော်အဖြစ် သတ်မှတ်ချုပ်ကိုင်ထားသဖြင့် ၁၈၈၅ ခုနှစ်မတိုင်မီက ဗြိတိသျှမြန်မာပြည်၏ အရင်းရှင်များနှင့် ကုမ္ပဏီများအဖို့ အထက်မြန်မာနိုင်ငံထွက်ရေနံကို လိုသလိုဝယ်ယူခွင့် မရရှိခဲ့ကြပေ။ မြန်မာပြည်တွင် ရမ်းဗြဲကျွန်း၊ ဘာရုံကာကျွန်းနှင့်ပြည်၊ သရက်ဒေသတို့၌ ရေနံထွက်သဖြင့် Australian Oil Co. (AOC)၊ Rangoon Oil Co. (ROC),Brongs Oil Co.နှင့် တရုတ်လူမျိုးတချို့တို့က တူးယူခွင့်လိုင်စင်ခံယူ၍ တူးဖော်ခဲ့ကြသည်။

ရခိုင်ဒေသတွင် ရေနံတွင်းများရှိကြောင်းကို ဗြိတိသျှတို့က အစောပိုင်းကပင် သိရှိခဲ့ကြသည်။ ရမ်းဗြဲကျွန်း၌ သာမက မိုးဇီကျွန်းတွင်လည်း အစမ်းတွင်းများကို တူးဖော်ခဲ့ကြသလို တိုင်းရင်းသားများကလည်း လက်တူးတွင်းများဖြင့် ရေနံစိမ်းထုတ်ယူခဲ့ကြသည်။ ၁၈၇၅ ခုနှစ်က စစ်တွေမြို့တွင်ကျင်းပသောပြပွဲ၌ ရခိုင်ရေနံအကြောင်းကို ထည့်သွင်းပြသခဲ့ကြသည်။ ဘာရုံကာကျွန်းရှိရေနံကို ၁၈၇၇ ခုနှစ်တွင် ပထမဦးဆုံး တူးဖော်ခွင့် လိုင်စင်ရသူမှာ W. Savage ဖြစ်သည်။ အငှားစာချုပ်သက်တမ်း ကုန်ဆုံးသောအခါ လီဗာပူးမြို့မှ Mr. Mansfield အား မြေဧရိယာ ၅၆၈.၉ ဧကကို လုပ်ကိုင်ခွင့်ပေးခဲ့သည်။ ဒုတိယမြောက် လုပ်ကိုင်ခွင့်ရသူမှာ ဘာရုံကာရေနံချက်လုပ်ရေးကုမ္ပဏီ (Bronga Oil Refinery Co.) ဖြစ်ပြီး မြေအကျယ်အဝန်း စတုရန်းလေးမိုင်ကျော်ပေါ်၌ တူးဖော်ခွင့်ရရှိခဲ့သည်။ ဘာရုံကာကုမ္ပဏီ၏ အိန္ဒိယရှိကိုယ်စားလှယ်မှာ Messrs Gillam and Co. ဖြစ်သည်။ ရေနံတူးဖော်ခွင့်လိုင်စင် ရရှိသူများအနက် ၁၉၁၇ ခုနှစ်တွင် ဆက်လက်ကျန်ရှိ လုပ်ကိုင်နေသူများမှာ Mansfield နှင့် Ezekiel တို့ဖြစ်ကြပြီး ရသေ့တောင်မြို့နယ်နှင့် ဘာရုံကာကျွန်းအနောက်ပိုင်းတွင် ဆက်လက်တူးဖော်ခဲ့ကြသည်။

အာရ်အိုစီကုမ္ပဏီသည် ဓနိတောတွင် ရေနံချက်စက်ရုံငယ်တစ်ခုကို တည်ထောင်ခဲ့သော်လည်း ရေနံစိမ်း ကုန်ကြမ်းကို အထက်မြန်မာနိုင်ငံမှ မှန်မှန်မရသဖြင့် နောက်ပိုင်းတွင် လုပ်ငန်းရပ်ဆိုင်းခဲ့ရသည်။ ကုမ္ပဏီ၏ ရေနံချက်စက်ရုံနှင့် စက်ပစ္စည်းများကို David Sime Cargill က ဝယ်ယူကာ ဆက်လက်လည်ပတ်ခဲ့သည်။ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ရေနံတွင်းများအားလုံးက ဗြိတိသျှအစိုးရပိုင်ဖြစ်လာသောအခါ ကာဂီးလ်က ၁၈၈၆ ခုနှစ်တွင် မြန်မာ့ရေနံကုမ္ပဏီ (Burmah Oil Company) ကို မတည်ရင်းနှီးငွေ ပေါင်စတာလင်တစ်သန်းခွဲဖြင့် စတင်တည်ထောင်ကာ ရေနံလုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်ခဲ့သည်။ နောက်ပိုင်းတွင် ရင်းနှီးငွေ စတာလင်ပေါင် ၁၈ သန်းအထိ တိုးမြှင့်မြှုပ်နှံခဲ့သည်။

ဘီအိုစီသည် မြန်မာ့ရေနံလောကတွင် အင်အားအကောင်းဆုံးနှင့် ဩဇာအရှိဆုံး ကုမ္ပဏီဖြစ်ပြီး ဘုရင်တစ်ဆူကဲ့သို့ မင်းမူခြယ်လှယ်ခဲ့သည်။ ဗြိတိသျှအစိုးရကငင်းတို့ လက်အောက်သို့ ရောက်ရှိလာသော ယခင်မြန်မာဘုရင်ပိုင်တော်တွင်း ၁၂၀ နှင့် ပိုင်ရှင်မဲ့ ၂၇ တွင်းကို ဘီအိုစီသို့လွှဲပေးခြင်းဖြင့် မြေတောင်မြှောက်ပေးခဲ့သည်။ တွင်းကုန်းမှ ၂၉၅ ဧကနှင့် ဘေးမဲ့မှ ၁၅၅ ဧက စုစုပေါင်းဧက ၄၅၀ အတွင်းရှိ တွင်းပေါင်း ၄၀၀၀ ကျော်ကိုလည်း ဘီအိုစီကပင် ထုတ်လုပ်ခွင့်လိုင်စင်ရရှိခဲ့သည်။ ဘီအိုစီသည် ၁၈၈၆ ခုနှစ်တွင် ရေနံမြေ၌ နေသားတကျရှိအောင် အစီအစဉ်များပြုလုပ်ကာ အမှတ်(၁)တွင်းကို ၁၈၈၇ ခုနှစ်တွင် စတင်တူးဖော်ခဲ့သည်။ ထိုအချိန်မှစ၍ ၁၉၀၆ ခုနှစ်အထိ အနှစ် ၂၀ ကာလပတ်လုံး ရေနံလုပ်ငန်းကို ပြိုင်ဘက်မရှိဘဲ စိတ်တိုင်းကျအခြေချကာ လုပ်ကိုင်ခဲ့သည်။ ။

**"ဗြိတိသျှတို့သည် မြန်မာတစ်နိုင်ငံလုံးကို မသိမ်းပိုက်နိုင်ခင်ကတည်းကပင် မြန်မာ့တွင်းထွက်ရေနံ၊ ကျောက်သံ ပတ္တမြားနှင့် ဓာတ်သတ္တုများကိုသိခဲ့ကြ၊ စိတ်ဝင်စားခဲ့ကြသည်ဖြစ်ရာ ဗြိတိသျှတို့၏ ပိုင်နက်နယ်မြေ ဖြစ်သွားသောအခါ၌မူ ထိုစီးပွားရေးလုပ်ငန်းကြီးများကို နိုင်ငံခြားသားအရင်းရှင်ကြီးများက တံခါးမရှိ၊ ဓားမရှိ လွတ်လပ်စွာ ရှာဖွေတူးဖော်ခြယ်လှယ် လုပ်ကိုင်ခွင့်များကို ရရှိသွားလေတော့သည်"**

# ဗိုလ်အောင်ဒင်ဖန်တီးရှင် အကယ်ဒမီ ရွှေဒုံးဘီအောင်

*မောင်နေလင်း (ပန်းလှိုင်မြေ)*

**၁၉၈၂ ခုနှစ် အောက်တိုဘာလက ညောင်တုန်းမြို့နယ်လုံးကျွတ် စာတတ်မြောက်မှု အောင်ပွဲအထိမ်းအမှတ်အဖြစ် “လှိုင်ရောမဂ္ဂဇင်း” တစ်စောင်ထုတ်ဝေခဲ့ဖူးပါသည်။ ထိုမဂ္ဂဇင်းတွင် ကျွန်တော်ကတာဝန်ခံစာတည်းအဖြစ် ဆောင်ရွက်ခဲ့ရပါသည်။ ထိုမဂ္ဂဇင်းတွင် ဆရာကြီး ရွှေဒုံးဘီအောင်က “ဇာတိချက်ကြွေမွေးရပ်မြေ” ဆောင်းပါးတစ်ပုဒ် ရေးသားပေးခဲ့ဖူးပါသည်။ ထိုဆောင်းပါးဖြင့်ပင် ဆရာကြီး၏အကြောင်းကို ပိုမိုသိရှိခွင့်၊ ပိုမိုလေ့လာခွင့်ရရှိခဲ့ပါသည်။ ညောင်တုန်းမြို့အပေါ် သံယောဇဉ်ကြီးမားပုံကိုလည်း ရှည်လျားသောသာဓကများဖြင့် ဖော်ပြရေးသားထားပါသည်။**

အဘ ဦးရွှေလှ၊ အမိ ဒေါ်လှကေသီတို့၏သား ဖြစ်သည်။ ညောင်တုန်းမြို့ကျွန်းထိပ်ပိုင်းတွင် ၁၇-၂-၁၉၀၆ နေ့က ဆရာကြီး ရွှေဒုံးဘီအောင်ကို မွေးဖွားခဲ့သည်။ ငယ်မည်မှာ နေမျိုးကျော်သူအောင်(ခေါ်) မောင်ဘအောင်ဖြစ်သည်။

ဆရာကြီးရွှေဒုံးဘီအောင်သည် စာအလွန်ဖတ်သူဖြစ်သည်။ စာပေလေ့လာမှုအားကောင်းသည်။ ငယ်စဉ်ဆယ်နှစ်သား အရွယ်ကပင် မျက်မှန်ထူထူကြီးတပ်ခဲ့ရသည်။ စာတော်သူ၊ ပညာဉာဏ်ထက်မြက်သူ ဖြစ်သည်။ ကျောင်းနေစဉ်ကပင် ဆရာများ၏ချီးကျူးခြင်း အကြိမ်ကြိမ်ခံခဲ့ရသည်။ ၁၉၂၇ ခုနှစ်တွင် ၁၀ တန်းစာမေးပွဲကို ပြင်ပမှအလွတ်ဝင်ရောက်ဖြေဆိုခဲ့သည်။ ကျွတ်ကျွတ်လွတ်လွတ် အောင်မြင်ခဲ့သူဖြစ်သည်။ တက္ကသိုလ်ပညာကို တက်ရောက်သင်ယူနိုင်ခြင်းမရှိသော်လည်း စာအုပ်စာပေလေ့လာမှု၊ ပြင်ပဗဟုသုတလေ့လာမှု၊ ရှာဖွေစူးစမ်းမှုအားကောင်းသည်။ ထို့ကြောင့်ပင် စာပေအရာတွင် ထူးချွန်ထက်မြက်ခဲ့သည်။ စာပေ၊ ရုပ်ရှင်အနုပညာလောကတွင် ထင်ရှားကျော်ကြား အထူးအောင်မြင်ခဲ့သူဖြစ်သည်။

## ညောင်တုန်းသံယောဇဉ်

ဆရာကြီး ရေးသားခဲ့သော ဆောင်းပါးအရ “ကျွန်တော့်အဖို့ ‘ညောင်တုန်း- ညောင်တုန်း’ ဟူသော အသံကိုကြားရလျှင် နားတွင်အလွန်သာယာငြိမ့်ညောင်းရှိလှပါဘိတောင်း။ ညောင်တုန်းသည် ကျွန်တော်၏ ဇာတိချက်ကြွေမွေးရပ်မြေပေတကား။ အဘယ်သို့လျှင် ညောင်တုန်းကို မေ့လျော့နိုင်ပါမည်နည်း။ ညောင်တုန်းသံယောဇဉ်ကား ကျွန်တော့်အဖို့ အလွန်ကြီးမားလှပါသည်။ ရန်ကုန်မြို့တွင် ပဝတ္တိအနေဖြင့်နေရငြားလည်း ဇာတိဖြစ်သော မိမိကြီးပြင်းလာရသော ညောင်တုန်းမှ ရှုခင်းအဟောင်း၊ မြင်ကွင်းအဟောင်းများနှင့် ငယ်စဉ်ဖြစ်ရပ်ပေါင်းများကို အနုသုတဟုဆိုရမည်ဖြစ်သော အိပ်မက်များ မကြာခဏမက်မိပါ၏။ ညောင်တုန်းမြို့သူမြို့သားဆွေမျိုးညာတိ အသိမိတ်ဆွေများ အိမ်သို့လာရောက်လည်ပတ်ကြသောအခါတွင်လည်း မိမိကိုယ်သည်ညောင်တုန်းမြို့တွင်ရောက်နေဘိသကဲ့သို့ပျော်မဆုံး ရွှင်မဆုံး စားချိန်မသိ အိပ်ချိန်မသိ ရှေးဟောင်းနှောင်းဖြစ် စကားသစ်စကားဟောင်း စကားဦးတည်ရာ စကားမျှင်တန်းဝါယောကမဆုံး၊ လက်ပံပင်ဆက်ရက်သံ ဆည်နေဘိသို့ပင်”ဟု ရေးသားခဲ့သဖြင့် ညောင်တုန်းသံယောဇဉ်ကို ကျွန်တော်တို့ အကဲခတ်နိုင်ခဲ့ပါသည်။

## ပထမဆုံးဝတ္ထု

ဆရာကြီးပထမအိမ်ထောင်ကျစ ၁၉၂၃ ခုနှစ်တွင် မိဘများကလည်း စီးပွားပျက်ခိုက်၊ အလုပ်မရှိခိုက် ညကျောင်းဆရာလုပ်၍ ဈေးသုံးရှာခဲ့ရကြောင်းနှင့် ညောင်တုန်းမြို့မြူနီစီပယ်ရုံးတွင် စာရေးအဖြစ်အမှုထမ်းခဲ့ရဖူးကြောင်းလည်း သိရှိခဲ့ရသည်။ တစ်နေ့တွင် စာရေးချင်စိတ်ပေါက်လာသဖြင့် အိုင်စီအက်စ်များ ခေတ်စားချိန် “အိုင်စီအက်စ်၊ အိုင်စီအက်စ် ” ဝတ္ထုအမည်ဖြင့် သူရိယမဂ္ဂဇင်းတိုက်သို့ ရေးသားပေးပို့ခဲ့ရာ အရွေးခံခဲ့ရသည်။

“အိုင်စီအက်စ်၊ အိုင်စီအက်စ်” ဝတ္ထုခေါင်းစဉ်ဖြင့် ရေးသူအမည် “ရွှေမျက်မှန်” ကို မြင်လိုက်သည်နှင့် ဝမ်းသာအားရ ကျွမ်းထိုးပစ်လိုက်သည်ကို မိဘများနှင့် အိမ်သားများက ဝိုင်းရယ်ခဲ့ကြသည်။ ကလောင်အမည်ကို “ရွှေမျက်မှန်(ညောင်တုန်း)” ပေးထားပါလျက် မဂ္ဂဇင်းအယ်ဒီတာက ရွှေမျက်မှန်အမည်ကိုသာ ဖော်ပြခဲ့သဖြင့် အလွန်ဘဝင်မကျ ဖြစ်ခဲ့ရသည်။

ပထမအိမ်ထောင်ဆုံး၍ စိတ်လက်ညှိုးချုံးပြီး ပရိဒေဝမီးတောက် ပျောက်စိမ့်သောငှာဝတ္ထုများရေးသားခဲ့သည်။ ထိုစဉ်က မြန်မာပြည်တွင် ထိပ်တန်းအကျဆုံး၊ နာမည်အကြီးဆုံး ဒဂုန်မဂ္ဂဇင်းသို့ ရေးသားပေးပို့ခဲ့ရာ ဆက်တိုက်အောင်မြင်ခဲ့သည်။ သူရိယမဂ္ဂဇင်းတွင်လည်း ရေးသားခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် “ ရေနတ်ဒေဝီ” ရှေးဟောင်းဝတ္ထုကြီးကို ဒဂုန်မဂ္ဂဇင်းသို့ ရေးသားပေးပို့ခဲ့သည်။ အယ်ဒီတာလယ်တီပဏ္ဍိတဦးမောင်ကြီးနှင့် ဒဂုန်ဦးလှဖေတို့က သဘောကျနှစ်သက်ကြသဖြင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ရန် တိုက်တွန်းခဲ့ကြသည်။ ရေနတ်ဒေဝီဝတ္ထုကြီးရေးသားခဲ့သဖြင့် စာမူခ ၁၀၀ ကျပ် ချီးမြှင့်ခြင်းခံခဲ့ရသည်ဟု ဆိုသည်။

ရန်ကုန်သို့သွားခါနီးတွင် ဖခင်ဖြစ်သူက မိမိဇာတိဖြစ်သော ညောင်တုန်းသားအဖြစ်ကိုမမေ့နှင့်။ ညောင်တုန်းကျက်သရေကို မယုတ်စေနှင့်။

ဒဂုန်မဂ္ဂဇင်းပညာရှင်များက ခေါ်ယူရသည်ဟူ၍ မိမိကိုယ်ကိုမကြီးနှင့်။ နင်တော်၍ ဒဂုန်စင်တော်ကကောက်သည်ဟု ငါမထင်၊ နင့်ဝတ္ထုလူကြိုက်များ၍ ကျော်ကြားမှုအာနိသင်ကြောင့် နင်ကျော်၍စင်တော်ကကောက်ခြင်းဖြစ်သည်။ တော်တာနှင့် ကျော်တာ တခြားစီဖြစ်၍တော်အောင်တတ်ဖို့ကြိုးစားပါဟု ဩဝါဒပေးခဲ့သည်။ နောက်ဆုံးတွင် နံနက်အိပ်ရာထ၊ ညအိပ်ရာဝင်တိုင်းရွတ်ဆိုဆင်ခြင်ရန် ဂါထာတစ်ပုဒ်ရေးပေးခဲ့သည်။

“ဉုံ မမော်နှင့်၊ မကြွားနှင့်၊ မစော်ကားနှင့်၊ မရမ်းကားနှင့်၊ ဖွ ကုပ်ကုပ်နေ” ထိုဂါထာကိုဖတ်ပြီးသောအခါ အိမ်သားများအားလုံးပွဲကျခဲ့ကြသည်ဟုဆိုသည်။ ထိုစဉ်က ဒဂုန်မဂ္ဂဇင်းတွင် ဒဂုန်ဘွဲ့ရစာရေးဆရာကြီးများ ကိုယ်တိုင်က ဒဂုန်ဘီအောင်ဟု ကလောင်အမည်ဖြင့်စာရေးရန်တိုက်တွန်းခဲ့ကြသော်လည်း ဆရာကြီးကမူ ညောင်တုန်းမြို့ သံယောဇဉ်ကြောင့် ရွှေဒုံးဘီအောင်ဟုသာ အမည်တွင်စေခဲ့သည်။

## ရုပ်ရှင်လောကသို့ ခြေလှမ်း

ရွှေဒုံးဘီအောင် ကလောင်အမည်ဖြင့် ဒဂုန်မဂ္ဂဇင်းကြီးတွင် ရှေးဟောင်းဝတ္ထုများကို ဆက်လက်ရေးသားခဲ့ရာ စာပေနယ်တွင် အောင်မြင်ကျော်ကြားခဲ့သည်။ ဆရာကြီး၏ ဝတ္ထုတစ်ပုဒ်ဖြစ်သော “ကြယ်တာရာ” ကို အေဝမ်းဦးတင်နွယ်က ရုပ်ရှင်ရိုက်ကူးခဲ့သည်။ ဝတ္ထုများရေးသားရာတွင် ဇာတ်ကောင်များကို ထိထိမိမိပိုင်နိုင်စွာ သရုပ်ဖော်ရေးသားနိုင်ခဲ့သည့်အပြင် ရုပ်ရှင်လောကနှင့် နီးစပ်ခဲ့မှုတို့ကြောင့် ရုပ်ရှင်ပညာကိုပါလေ့လာနိုင်ခဲ့သည်။ ရုပ်ရှင်ပညာများကို ပါ လေ့လာဆည်းပူးရင်း အောင်မြင်သောရုပ်ရှင်ဇာတ်ညွှန်းရေးဆရာဖြစ်လာသည်။ “ရွှေခြေနင်း” မှာ ရွှေဒုံးဘီအောင်၏ ပထမဆုံးရုပ်ရှင်ဇာတ်ညွှန်း ဖြစ်ပါသည်။ “အပျိုစင်”၊ “အချစ်ဆုံး”၊ “သူပုန်သွေး”၊ “ခင့်ဖူးစာ”၊ “ဒေဝီမေတ္တာ” စသောဇာတ်ညွှန်းများ ဆက်လက်ရေးသားခဲ့ရာ အောင်မြင်ခဲ့သည်။

ရုပ်ရှင်ဇာတ်ညွှန်း ၁၂ ပုဒ်ရေးပြီးချိန် အသက် ၃၀ ကျော်အရွယ် ၁၉၄၀ ခုနှစ်တွင် ရွှေဒုံးဘီအောင်သည် “ဗိုလ်အောင်ဒင်” ဇာတ်ကားကို ရိုက်ကူးခဲ့သည်။ မင်းသား ခင်မောင်ရင်၊ ဘချစ်၊ မေမေဝင်းတို့နှင့် ရိုက်ကူးခဲ့သည်။ မင်းသား ခင်မောင်ရင်ကို သူလိုချင်သော အမူအရာမရရအောင် ညွှန်ကြားရိုက်ကူးနိုင်ခဲ့သည်။ ဗိုလ်အောင်ဒင်မှာ အထူးအောင်မြင်ကျော်ကြားခဲ့သည်။ မင်းသား ခင်မောင်ရင်ကို ရုပ်ရှင်ကြည့်ပရိသတ်က ခင်မောင်ရင်ကွယ်လွန်သည့်အချိန်အထိ ဗိုလ်အောင်ဒင်အဖြစ် စွဲလမ်းနှစ်ခြိုက်ကျန်ရစ်ခဲ့ကြသည်။

ဗိုလ်အောင်ဒင် ရုပ်ရှင်ဇာတ်ကားမှာ မြန်မာ့ရုပ်ရှင်သမိုင်းတွင် အလွန်ထင်ရှားကျော်ကြားခဲ့သည်။ တသသစွဲလန်းခဲ့ကြသည်။ ဗိုလ်အောင်ဒင်၊ ဗိုလ်အောင်ဒင်ပြန်လာပြီ၊ သားဗိုလ်အောင်ဒင် ဇာတ်လမ်းတွဲများမှာလည်း ကျော်ကြား၊ ထင်ရှား အောင်မြင်ခဲ့သည်။

“ဖားတုလို့ခရုခုန်-အိုင်ပျက်ရုံရှိတော့မပေါ့” ဟူသော စကားလုံးသည် ဗိုလ်အောင်ဒင်ဇာတ်ကား ဇာတ်ဝင်ခန်းတွင် ဗိုလ်အောင်ဒင်အဖြစ်သရုပ်ဆောင်ခဲ့သော မအူပင်မြို့သား မင်းသားကြီးခင်မောင်ရင်က တပည့်ဖြစ်သူ ရာမအားရယ်သံသဲ့သဲ့ဖြင့် ပြောဆိုခဲ့သည့်စကား ဖြစ်သည်။ ထိုခေတ်အခါက ရုပ်ရှင်ကြည့်ပရိသတ်မှာ ထိုစကား ထိုပြောဟန်ကို လွန်စွာ သဘောကျကာ ပရိသတ်ပါးစပ်ဖျားတွင် လွန်စွာရေပန်းစားခဲ့သည်။

ယနေ့ခေတ်တွင်လည်း ဗိုလ်အောင်ဒင်မှာ ဗိုလ်အောင်ဒင် တေးသီချင်းဖြင့် ပြန်လည်အသက်ဝင်လျက်ရှိသည်။

## အကယ်ဒမီဇာတ်ကားများ

စစ်အတွင်း ဖလင်များပျက်စီးခဲ့သော ရိုက်ကူးလက်စ “မဟာဗန္ဓုလ” ရုပ်ရှင်ဇာတ်ကားကို စစ်ပြီးခေတ်တွင် ဆက်လက်မရိုက်ကူးနိုင်ခဲ့ပေ။ “ခုနှစ်စင်ကြယ်”၊ “လောဘမုန်တိုင်း” အသံတိတ်ဇာတ်ကားများနှင့် ၁၉၅၂ ခုနှစ်တွင် “မာလာရီ” ဇာတ်ကားရိုက်ကူးခဲ့ရာ မင်းသားကျော်ဝင်း အကယ်ဒမီရခဲ့သည်။

> **“ဆရာကြီး ရွှေဒုံးဘီအောင်၏ စာပေနှင့် ရုပ်ရှင်လောကဘက်တွင် ထူးချွန်ထက်မြက်ပြီး ဂုဏ်သတင်းကြီးမြင့်မှုမှာ အံ့မခန်းဖွယ်ရာပင်ဖြစ်ပါသည်။ ပြိုင်ဘက်ရှားသူဟုလည်း ဆိုနိုင်ပါသည်။ ၁၀ တန်းစာမေးပွဲ အောင်မြင်ပြီး တက္ကသိုလ်ပညာကို မဆည်းပူးနိုင်ခဲ့သော်လည်း စာပေဗဟုသုတလေ့လာလိုက်စားမှုအားကောင်းခဲ့သည့်အပြင် လုံ့လဝီရိယဖြင့် ကြိုးပမ်းအားထုတ်ခဲ့မှုတို့ကြောင့် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်”**

၁၉၅၃ ခုနှစ်ကရိုက်ကူးခဲ့သော “ပွဲခါညောင်ရေ” ဖြင့် မင်းသမီးမေမြင့် အကယ်ဒမီရရှိခဲ့သည်။ ၁၉၅၇ ခုနှစ်က ရိုက်ကူးခဲ့သော“ဒေါက်တာအောင်ကျော်ဦး” ဇာတ်ကားဖြင့် ရွှေဒုံးဘီအောင်သည် အကောင်းဆုံးဒါရိုက်တာ အကယ်ဒမီဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။ ၁၉၆၂ ခုနှစ် ကရိုက်ကူးခဲ့သော“အတွေ့” ဇာတ်ကားဖြင့် မင်းသမီးသီသီနှင့် ဦးကျောက်လုံးအကယ်ဒမီရရှိခဲ့သည်။ အတွေ့ဇာတ်ကားမှာ ပရိသတ်အကြိုက်တွေ့သော ဇာတ်ကား ဖြစ်ပြီးရိုက်ကူးရာတွင်လည်း လက်တွေ့ကျသော ဇာတ်ကားဖြစ်ကြောင်း ရွှေဒုံးဘီအောင်က ပြောခဲ့ဖူးသည်။

ကျေးညီနောင်ဇာတ်လမ်းကိုမှီးကာ ရွှေဒုံးဘီအောင် ဝတ္ထုဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ အေဝမ်း မောင်လှမျိုး ရိုက်ကူးခဲ့သော“ဗန်တိုလူလေးနှင့်သူဇာ” မှာလည်း အောင်မြင်ကျော်ကြား လူကြိုက်များခဲ့သည်။ “ဗန်တိုလူလေးနှင့် သူဇာ” ဇာတ်ကားတွင် မင်းသားညွန့်ဝင်း ပထမဆုံး အကယ်ဒမီရရှိခဲ့သည်။ မြန်မာ့ရုပ်ရှင်သမိုင်းတွင် ရွှေဒုံးဘီအောင်၏ ဗန်တိုလူလေးနှင့်သူဇာမှာ ဗန်တိုလူလေးနှင့် သူဇာ(၁)၊ (၂)၊ (၃) အဖြစ်ဆက်လက်ရိုက်ကူးခဲ့ရပြီးအောင်မြင်ခဲ့သော ဇာတ်ကားများဖြစ်သည်။

ဆရာကြီး ရွှေဒုံးဘီအောင်သည် ရုပ်ရှင်နှင့် စာပေလောကတွင် အောင်မြင်ကျော်ကြားခဲ့သူတစ်ဦး ဖြစ်သည်။ စာပေလေ့လာမှု၊ ရုပ်ရှင်ပညာလေ့လာမှု အားကောင်းခဲ့ပြီး စနစ်တကျရေးသားရိုက်ကူးဆောင်ရွက်တတ်မှု၊ ဖွဲ့လုံ့လရှိမှုတို့ကြောင့်လည်း စာပေရော၊ ရုပ်ရှင်လောကတွင်ပါ အထူးအောင်မြင်ကျော်ကြားခဲ့ခြင်း ဖြစ်ပါသည်။

ဆရာကြီး ရွှေဒုံးဘီအောင်သည် ညောင်တုန်းမြို့သို့ အရောက်အပေါက်နည်းသူတစ်ဦး ဖြစ်သည်။

## ညောင်တုန်းမြို့စာပေဟောပြောပွဲ

၁၉၈၅/၁၉၈၆ ခုနှစ်ခန့်က ဖြစ်သည်။ ကျွန်တော်နှင့် ရန်ကုန်မြို့တွင် ဆုံမိသော ဆရာကြီး ဖိုးသောကြာက “ရွှေဒုံး ကြီးကကွာ ညောင်တုန်းကို တစ်ခေါက်လောက်ပြန်ချင်တယ်လို့ပြောတယ်ကွာ”ဟု ကျွန်တော့်ကို ပြောလာပါသည်။ “ဒါဆို ညောင်တုန်းမြို့သားစာရေးဆရာတွေရဲ့ စာပေဟောပြောပွဲကျင်းပလိုက်ရင် မကောင်းဘူးလားအစ်ကို” ဟု ပြောမိရာ “သိပ်ကောင်းတာပေါ့” ဟုဆရာကြီး ဖိုးသောကြာ(ခေတ်+မိုး) က ပြောပါသည်။

*စာမျက်နှာ ၂၄ သို့*



အကယ်ဒမီ ရွှေဒုံးဘီအောင်



ဗိုလ်အောင်ဒင်ဇာတ်ဝင်ခန်းတစ်ခုမှ မင်းသား ခင်မောင်ရင်နှင့် မင်းသမီး မေမေဝင်း

# နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ကုန်တင်ယာဉ်မောင်းများ လဲလှယ်မောင်းနှင်ရေးကိစ္စ မြန်မာ-ထိုင်း တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်း

**တာချီလိတ် စက်တင်ဘာ ၁၆**

တာချီလိတ်မြို့ မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေးတံတား အမှတ် (၂) မှ ကုန်သွယ်ရေး ကုန်ပစ္စည်းများကို နေ့စဉ် သယ်ယူဖြတ်သန်းလျက်ရှိရာ ထိုင်းနိုင်ငံ၏ မြန်မာယာဉ်မောင်းများ မြို့တွင်းအဝင်မခံဘဲ ထိုင်းယာဉ်မောင်းများက ကုန်ပစ္စည်းများကို လဲလှယ်သယ်ယူမောင်းနှင်ရန် ကြေညာခဲ့ခြင်းအပေါ် နှစ်နိုင်ငံ မြို့နယ်အဆင့် တွေ့ဆုံဆွေးနွေးခြင်းကို ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ စုပေါင်းရုံး၌ ယမန်နေ့က ကျင်းပသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စော ဦးဆောင်သော ဌာနဆိုင်ရာများနှင့် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးစိုင်းစိုင်း ဦးဆောင်သော တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ ညှိနှိုင်းကြကြောင်း သိရသည်။

မိမိဘက်မှ ဆွေးနွေးချက်များအပေါ် ခရိုင်အဆင့် ဆက်လက်တွေ့ဆုံညှိနှိုင်းသွားရန် ဆုံးဖြတ်ခဲ့ကြသည်။

**ယာဆေး(ပြန်/ဆက်)**



# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၃ နာရီခွဲက တနိုင်းမြို့ ဆွတ်ငိုင်ရပ်ကွက် တနိုင်း-မိုင်းခွန်သွား ကားလမ်းမတွင် မသင်းရွှေ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၄၉၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၀၀ တို့ကိုလည်းကောင်း၊ ဆက်လက်၍၎င်းနေထိုင်သည့် တနိုင်းမြို့ ဟူးကောင်းရပ်ကွက်ရှိ နေအိမ်သို့ သွားရောက်ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၁၉၈ ကီလိုနှင့်စိတ်ကြွရူးသွပ်ဆေးပြား ၄၁၈၀ တို့ကို လည်းကောင်း ထပ်မံ သိမ်းဆည်းရမိခဲ့သည်။



မသင်းရွှေအား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ ညနေ ၆ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သပိတ်ကျင်းမြို့နယ် တကောင်း-သပိတ်ကျင်းသွားကားလမ်းရှိ လမ်းအသုံးပြုခကောက်ခံရေး ဂိတ်အနီးတွင် ပြည့်ဖြိုးထွန်း(ခ)ကိုဖြိုး မောင်းနှင်ပြီး လင်းလင်းဦး(ခ)ကိုဦး လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရပ်စောက်မြို့နယ် ကျောက်ဂူကျေးရွာအုပ်စု ကျောက်ဆုံကျေးရွာအနီး ကျောက်ဆုံ - နောင်ပိုးသွား ကားလမ်းတွင် စိုင်းညာလိန္ဒ မောင်းနှင်ပြီး မမိုးသဇင် လိုက်ပါလာသော မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးသီးမြို့နယ် မိုင်းနောင်မြို့ တူယားကျေးရွာအုပ်စု ဟုန်းဟန်ကျေးရွာအနီး မိုင်းနောင်-မိုင်းစံသွား ကားလမ်းတွင် စိုင်းလူ(ခ)စိုင်းဝါလိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၃၃ ဒသမ ၃၅ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ပေါင်မြို့နယ်တွင် တူးမြောင်းအတွင်း ကန်စွန်းရွက်ဆင်းခူးရာမှ လူသုံးဦး ရေနစ်သေဆုံး

**ပေါင် စက်တင်ဘာ ၁၆**

သထုံခရိုင် ပေါင်မြို့နယ် ကျိုက်ပွန်းကျေးရွာရှိ တူးမြောင်းအတွင်း ကန်စွန်းရွက်ဆင်းခူးရာမှ သားအမိ နှစ်ဦးနှင့် တူမတော်စပ်သူ တစ်ဦး လူသုံးဦး ရေနစ်သေဆုံးမှု ဖြစ်ပွားကြောင်း မြို့နယ်ရဲစခန်းမှ သိရသည်။

စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းက မသင်းသင်းထွေး (၃၀ နှစ်)နှင့် သမီးဖြစ်သူ မအေးသင်းစိုး (၈နှစ်)၊ တူမဖြစ်သူ မကေခိုင်မိုး (၁၃ နှစ်)တို့က စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းက ကန်စွန်းရွက်သွားခူးမည်ဟု ပြောဆိုပြီး နေအိမ်မှ ထွက်သွားခဲ့ရာ ညနေ ၆ နာရီအထိ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသောကြောင့် မသင်းသင်းထွေး၏ ခင်ပွန်း ဦးကျော်စိုးက ဒေသခံပြည်သူများအား အကူအညီတောင်းပြီး လိုက်လံရှာဖွေခဲ့ရာ ကျေးရွာရှိ အကျယ် ၂၅ပေ၊ အနက် ပေ ၂၀ ခန့် ကျီးပင်ချောင်တူးမြောင်းအတွင်း၌ ၎င်းတို့သုံးဦးကို ပြင်ပဒဏ်ရာမတွေ့ရှိရဘဲ ပါးစပ်၊ နှာခေါင်းမှ အမြှုပ်ထွက်၊ နှုတ်ခမ်းပြာ အနေအထားဖြင့် သေဆုံးလျက် တွေ့ရှိခဲ့သည်ဟု သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်ပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် သိရှိနိုင်ရန်အတွက် မုတ္တမနယ်မြေရဲစခန်း၌ သေမှုသေခင်းဖွင့်လှစ်ထားကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**

# မရမ်းကုန်းမြို့နယ်၌ လူငယ်တစ်ဦး ရိုက်နှက်ဓားထိုးခံရ ပြစ်မှုကျူးလွန်သူများအား အချိန်တိုအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်( ၃ )ရပ်ကွက် သမိုင်းလမ်းဆုံအနီးတွင် စက်တင်ဘာ ၁၅ ရက် ညနေ ၆ နာရီခန့်က လူငယ်တစ်ဦး သမိုင်းချောင်းတံတားပေါ်မှ ပြုတ်ကျနေကြောင်း သိရှိရသဖြင့် လှည့်ကင်းဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များက ဆယ်ယူစစ်ဆေးရာ အဆိုပါလူငယ်မှာ သွေးထွက်ဒဏ်ရာများဖြင့် ရိုက်နှက်ဓားထိုးခံရကြောင်း ပေါ်ပေါက်၍ ပြစ်မှုကျူးလွန်သူများအား အချိန်တိုအတွင်း ဖမ်းဆီးရမိကြောင်း သိရသည်။

ဒဏ်ရာရရှိသူ ကိုမျိုးမင်းကျော်မှာ အင်းစိန်ဆေးရုံအရေးပေါ်ဌာန၏ စစ်ဆေးချက်အရ ခန္ဓာကိုယ်ရင်ဘတ်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲဘက်နံကြားတွင် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဦးခေါင်းနာကျင်ဒဏ်ရာ တစ်ချက်တို့ဖြင့် အတွင်းလူနာ(စိုးရိမ်ရ)အဖြစ် ဆေးဝါးကုသခံယူလျက်ရှိပြီး ၎င်းအား မေးမြန်းရာမှ လှိုင်ဝင်းထွဋ်နှင့် သူရအောင်တို့က ဓားဖြင့်ထိုး၊ သံတုတ်နှင့် ရိုက်သွားကြောင်း သိရှိရသဖြင့် ၎င်းတို့နှစ်ဦးအား ဥပဒေအရ အရေးယူပေးပါရန် ဇနီးဖြစ်သူ မပန်းအိခိုင်က တိုင်တန်းခဲ့ကြောင်း ဘုရင့်နောင်နယ်မြေရဲတပ်ဖွဲ့စခန်းမှ သိရသည်။

အမှုနှင့်ပတ်သက်၍ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် စက်မှု(၁)ဝင်း အေးဝမ်းဆောက်လုပ်ရေး သန့်ရှင်းရေးဝန်ထမ်းများဖြစ်ကြသည့် ပြစ်မှုကျူးလွန်သူ လှိုင်ဝင်းထွဋ် အသက်( ၂၂ နှစ်)နှင့် သူရဇော် အသက်(၁၉နှစ်) တို့အား ဘုရင့်နောင်နယ်မြေရဲစခန်းက ဖမ်းဆီးစစ်ဆေးဆောင်ရွက်လျက်ရှိပြီး တရားစွဲတင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရေကြည်မြို့နယ်တွင် လူသတ်မှုကျူးလွန်ပြီး ထွက်ပြေးသူကို ဖမ်းဆီးရာ ပြန်လည်ခုခံသဖြင့် ရဲတပ်ဖွဲ့မှ ပစ်ခတ်ဖမ်းဆီး

**ရေကြည် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ညောင်မှော်ကျေးရွာအုပ်စု ရွာသစ်ရွာတွင် လူသတ်မှုကျူးလွန်ခဲ့သူ ဇော်ဇော်(ခ)ဝေလွင်သည် ဩဂုတ် ၃၀ ရက်က ထွက်ပြေးတိမ်းရှောင်နေရာမှ ယမန်နေ့ ညနေ ၅ နာရီက ဘိုးတော်ကြိုးဝိုင်းနှင့် ကြက်ပေါင်ကြိုးဝိုင်း နှစ်ခုကြားတွင် ဖမ်းဆီးခဲ့ရာ ပြန်လည်ခုခံသဖြင့် ရဲတပ်သားတစ်ဦးက ပစ်ခတ်စဉ် ကျည်ဖောက်ဝင်ပြီး လဲကျသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၅ ရက် နံနက် ၅ နာရီက ဦးစိန်တင့် (သစ်တောဌာနမှ စိုက်ခင်းအစောင့်အဖြစ် ခေါ်ထားသူက ) ဖုန်းဖြင့်ဆက်သွယ်ပြီး ငါးသိုင်းချောင်းနယ်မြေရဲစခန်း (ပ) ၂၃၁/ ၂၀၂၀ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အမှုမှ ထွက်ပြေးတိမ်းရှောင်နေသော ပြစ်မှုကျူးလွန်သူ ဇော်ဇော်(ခ) ဝေလွင်(၄၂နှစ်) ရွာသစ်ရွာညောင်မှော်ကျေးရွာအုပ်စု နေထိုင်သူသည် ဝါးခုတ်စခန်းရှိ ထမင်းနှင့် ကုန်ခြောက်ရောင်းသူ ဦးကုလားဆိုင်တွင် ဓားကိုင်ရန်မူကြောင်း အကြောင်းကြား သဖြင့် ကမ်းနီရဲကင်းစခန်းမှူး ဦးစီးပြီး အရာရှိတစ်ဦးနှင့် တပ်ဖွဲ့ဝင်များသည် ညောင်မှော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ချင်းကွင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သွားရောက်ခဲ့ရာ အခင်းဖြစ်နေရာသို့ ရောက်ရှိပြီး ဇော်ဇော်(ခ)ဝေလွင်အား ပေ ၁၀၀ ခန့်အကွာမှ လက်နက်ချ အဖမ်းခံရန် ပြောကြားရာ အဖမ်းမခံဘဲ တောအတွင်း ပြေးဝင်သွားပြီး ဂျင်ကလိ၊ ဓားတို့ဖြင့် ပစ်ခတ်ခုခံခဲ့သဖြင့် သတိပေးပစ်ခတ်သည်ကို ရှောင်လိုက်ရာမှ သေနတ်ထိမှန် လဲကျသေဆုံးသွားကြောင်း သိရသည်။

တရားခံ ဇော်ဇော်(ခ)ဝေလွင်ထံမှ အရိုးအသွား ၁၉ လက်မ ဗျက်နှစ်လက်မခန့်ရှိ ဝါးခုတ်ဓား တစ်ချောင်း၊ အရိုးအသွား ၁၂ လက်မ ဗျက်တစ်လက်မခန့် ဓားအိမ်ပါ ဓားမြှောင်တစ်ချောင်း၊ ခြောက်လက်မခန့်အရှည် ထိပ်တွင်ချိတ်ပါ နောက်တွင် ပန်းဖွားပါ ဂျင်ကလိတစ်ချောင်း၊ ခဲသီးနှစ်လုံး၊ ရိုးရိုးလောက်စာလုံး ၃၃ လုံး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ဆန်းတင့်(ရေကြည်)**

❒ *ကျောဖုံးမှ*

သူက အဓိကအစိတ်အပိုင်းအဖြစ် ရှိနေပါတယ်”ဟု ပြောကြားသည်။

အသက် ၃၁ နှစ်အရွယ်ရှိ အူဘာမီယန်သည် ပြီးခဲ့သည့် ရာသီတွင် အာဆင်နယ်အသင်း၌ ပြိုင်ပွဲစုံ ၄၄ ပွဲတွင် ၂၉ ဂိုး သွင်းယူထားသူဖြစ်သည်။ အူဘာမီယန်အနေဖြင့် အာဆင်နယ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုလိုက်သောကြောင့် အမ်းမရိတ်မှ ထွက်ခွာတော့မည်ဆိုသော ထင်ကြေးပေး ပြောဆိုနေမှုများကို အဆုံးသတ်နိုင်ခဲ့သလို အသင်းပရိသတ်များအတွက်လည်း စိတ်သက်သာရာရခဲ့သည်။ ဂါဘွန်တိုက်စစ်ကစားသမားနှင့် အာဆင်နယ်အသင်းတို့ကြား ပြီးခဲ့သည့်လအနည်းငယ်အတွင်းကတည်းက စာချုပ်သစ်နဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့ခြင်းဖြစ်ကာ ယခုမှ စာချုပ်သစ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလ ကစားသမားခေါ်ယူမှုတွင် လိုင်လီအသင်းမှ ဘရာဇီးခံစစ်ကစားသမား မက်ဂါလှဲစ်ကို ပေါင် ၂၃ ဒသမ ၁၄ သန်း၊ ချယ်ဆီးကစားသမားဟောင်း ဝီလီယံကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူထားသည်။ ထို့အပြင် ရီးရဲမက်ဒရစ်အသင်းမှ စီဘယ်လော့စ်ကို အငှားဖြင့် ပြန်လည်ခေါ်ယူ စာချုပ်ထားနိုင်သည်။ သို့သော်လည်း အာဆင်နယ်အသင်းအနေဖြင့် ကစားသမားနှစ်ဦး ထပ်မံခေါ်ယူသွားဖွယ်ရှိနေပြီး အက်သလက်တီကို ကွင်းလယ်ကစားသမား သောမတ်စ်ပါတေးနှင့် လိုင်ယွန်ကစားသမား အော်အူယာတို့ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း နောက်ဆုံးထွက်ပေါ်လာသော သတင်းများအရ သိရသည်။

အူဘာမီယန်သည် ၂၀၁၈ ခုနှစ်တွင် ဒေါ့မွန်အသင်းမှ အာဆင်နယ်အသင်းထံသို့ ပေါင် ၅၆ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အာဆင်နယ်အသင်း၏ တိုက်စစ်ပိုင်းတွင် အဓိကအရေးပါသည့် ကစားသမားတစ်ဦးအဖြစ် ရှိနေခဲ့ကာ အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၁၁ ပွဲ ကစားထားပြီး ၇၂ ဂိုး သွင်းယူထားနိုင်သူဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်လက အက်ဖ်အေဖလား ဗိုလ်လုပွဲ၌ ချယ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အက်ဖ်အေဖလားကို စံချိန်တင်ဆွတ်ခူးရရှိရာတွင် အဓိကစွမ်းဆောင်သူတစ်ဦးဖြစ်ခဲ့ကာ အသင်းရရှိခဲ့သည့် ဂိုးနှစ်ဂိုးစလုံးကို သွင်းယူပေးနိုင်ခဲ့သူဖြစ် သည်။ အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် ရာသီပရီမီယာလိဂ်ရာသီပိတ်သိမ်းချိန်တွင် အမှတ်ပေးဇယား အဆင့် (၈) နေရာတွင်သာ ရပ်တည်နိုင်ခဲ့သော်လည်း အက်ဖ်အေဖလားကို ဆွတ်ခူးရရှိအောင် စွမ်းဆောင်ထားနိုင်သည့်အသင်း ဖြစ်သည်။ ထို့ကြောင့် အာဆင်နယ်အသင်းသည် လာမည့်နှစ်ယူရိုပါလိဂ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ပရီမီယာလိဂ် ကန့်လန့်ကာအဖွင့် ကွန်မြူနတီဒိုင်းလုပွဲတွင်လည်း ပယ်နယ်တီအဆုံးအဖြတ်တွင် ပရီမီယာလိဂ်ချန်ပီယံ လီဗာပူးအသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိကာ ကွန်မြူနတီဒိုင်းကို ဆွတ်ခူးရရှိထားသည့် အသင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် လာမည့်ပရီမီယာလိဂ်ပွဲစဉ်အဖြစ် စက်တင်ဘာ ၂၀ ရက်တွင် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၅ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅၁ စီး၊ သွင်းကုန် ၃၀၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၅၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၅ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၀ ဒသမ ၂၁၀ တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သည့် ပန်းကန်(ဆိုဒ်စုံ) (အဟောင်း) (140 Pkgs)ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်
ကြီးကြပ်သူများ/ တာဝန်ကျဝန်ထမ်းများအနေဖြင့်
အချင်းချင်း သတိပေးပြောကြားရမည့် အချက်များ
(အနည်းဆုံး တစ်နေ့ (၃)ကြိမ် ပြောကြားပေးပါရန်)

- (COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအမြင်အားဖြင့်နေကောင်းကျန်းမာစွာဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။
- (COVID-19)ရောဂါပိုးသည်အသက်ရှူထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- (COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲ လွင့်မျော၍ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။

- လုပ်ငန်းခွင်အတွင်း လုပ်ငန်းသဘာဝကြောင့်ဖြစ်စေ၊ မေ့လျော့၍ဖြစ်စေ တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ ဆက်ဆံပြောဆိုခြင်း မရှိစေရန် အချင်းချင်းအထူးသတိပေးပါ။

- ထမင်းစားချိန်တွင် စုဝေး၍စားသောက်ခြင်း မပြုရပါ၊ မိမိ၏ အလုပ်စားပွဲ (သို့မဟုတ်) ထမင်းစားရန်သတ်မှတ်ထားသော နေရာတွင်သာ တစ်ဦးချင်း သီးသန့် စားသောက်ပါ။
- အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို မျှဝေသုံးစွဲခြင်း မပြုရပါ။

- ဖျားခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊ လွန်ခဲ့သော (၁၄)ရက်အတွင်း (COVID-19) ဓာတ်ခွဲအတည်ပြုလူနာ၊ စောင့်ကြည့်လူနာနှင့် အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် ထိတွေ့မှုရှိခြင်း၊ ရောဂါဖြစ်ပွားမှု များပြားနေသောဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်းတို့ရှိခဲ့ပါက ရုံး/ဌာနသို့ လာရောက်ခြင်း လုံးဝ မပြုရပါ၊ သက်ဆိုင်ရာဌာနအကြီးအကဲ နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ် အကြောင်းကြားပါ။

## ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုက ခရမ်းသီးများ ဈေးသက်သာစွာ ရောင်းချပေး

**ကျိုက်ထို စက်တင်ဘာ ၁၆**

ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုက ကိုဗစ် - ၁၉ ကာလအတွင်း ဆင်းရဲနွမ်းပါးသူများ၊ အခြားစားသုံးသူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် အသင်းပိုင်မန်ဂျန်ရှားခြံတွင် ကြားသီးနှံအဖြစ် ခရမ်းပင် ၄၅၀၀ စိုက်ပျိုးထားပြီးဖြစ်သည်။

ခရမ်းပင်များကို ပြီးခဲ့သည့် ဇွန်လနောက်ဆုံးပတ်က စိုက်ပျိုးခဲ့ရာ ယခုအခါ သုံးလပြည့်၍ ခရမ်းသီးနှံများ လှိုင်လှိုင်ပေါ်နေပြီး ခရမ်းပိဿာ ပေါင်း ၅၈၀ ကို စားသုံးသူများအား ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ပြင်ပတွင် ငွေကျပ် ၁၁၀၀ ဈေးပေါက်သော်လည်း ငွေကျပ် ၇၀၀ နှုန်းဖြင့် လက်လီလက်ကားရောင်းချပေးခြင်း ဖြစ်သည်။

အဆိုပါ သမဝါယမအသင်းစု အနေဖြင့် ဂေါ်ဖီထုပ် ၈၀၀ ကို အသင်းသားများအား လှူဒါန်းခဲ့ပြီး အာလူးပိဿာ ၄၅၀ ကို ငွေကျပ် ၈၀၀ နှုန်းဖြင့် လည်းကောင်း၊ ကြက်သွန်ဖြူ ပိဿာ ၃၉၀ ကို ငွေကျပ် ၁၅၀၀ နှုန်းများဖြင့် လည်းကောင်း ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ပြီး ဖြစ်သည်။

သမဝါယမအသင်းများသည် မိမိအသင်းမှ အကျိုးအမြတ်ငွေများအနက် ကိုဗစ်အထောက်အကူပြု လုပ်ငန်းသုံးပစ္စည်းများ၊ အ.ထ.က (၁) နှင့် ကျိုက်ထိုဆေးရုံသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၂ မှ*

ညောင်တုန်းမြို့နယ် စာပေလုပ်သားအဖွဲ့က ညောင်တုန်း မြို့သားစာရေးဆရာကြီးများကို ဖိတ်ကြားပြီး စာပေဟောပြောပွဲ ကျင်းပဖြစ်ခဲ့ပါသည်။ ထိုစဉ်က ညောင်တုန်းမြို့နယ် စာပေလုပ်သားအဖွဲ့တွင် ကျွန်တော်က ဥက္ကဋ္ဌ၊ ဦးစိုးတင့် (ချစ်ကောင်း) က အတွင်းရေးမှူး၊ ဦးမြင့်သိန်း (ကိုတမာ)၊ ဆရာမဒေါ်ခင်စောဝင်း (ပွင့်ဦး) တို့ အမှုဆောင်များအဖြစ် ဆောင်ရွက်ရသောအချိန်အခါ ဖြစ်ပါသည်။ မြို့နယ်ပြည်သူ့ကောင်စီအတွင်းရေးမှူး ဦးခင်သန်း (ကျော်ရ-လှိုင်ရော)၊ စာပေဝါသနာရှင်များဖြစ်သော ဦးခင်မောင်ညို၊ ဦးခင်မောင်ဌေး၊ ဦးတင်ဝင်း၊ ဦးသန်းမြင့် တို့အပါအဝင် စာပေဝါသနာရှင်များကလည်း ပါဝင် ဆောင်ရွက်ခဲ့ကြသည်။ ညောင်တုန်း မြို့သားစာရေးဆရာကြီးများဖြစ်သော ဆရာကြီး ရွှေဒုံးဘီအောင်၊ ဆရာကြီး ဖိုးသောကြာ (ခေတ်+မိုး)၊ ဆရာကြီး လင်းယုန်သစ်လွင်၊ တယောဦးကိုကိုကြင်၊ ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီ ဦးထွန်းလှိုင်တို့ ဟောပြောခဲ့ကြသည်။ ညောင်တုန်းမြို့ တော်ဝင်ထွန်း ရုပ်ရှင်ရုံတွင် ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ ဟောပြောသူရော မြို့လူထုပါအထူးအားရကျေနပ်အောင်မြင်သော စာပေဟောပြောပွဲ ဖြစ်ခဲ့ပါသည်။ ညဘက်တွင် စာပေဝါသနာရှင် လူငယ်များနှင့် စာပေဆွေးနွေးပွဲပါ ကျင်းပနိုင်ခဲ့ပါသည်။ ရောက်တုန်းရောက်ခိုက် ကိုယ့်မြို့ကိုယ့်ရွာလှည့်လည် ကြည့်ရှုခဲ့ကြသည်။ စက္ကော့ဘက်ကမ်းသို့အရောက်တွင် ဆရာကြီးတို့က စက္ကော့ထန်းတောကို သတိရသဖြင့် ထန်းတောအရောက်ပို့ပေးခဲ့ရသည်။

**စာပေလေ့လာလိုက်စားမှုမှတစ်ဆင့် ရလာသော အောင်မြင်မှု**

ဆရာကြီးရွှေဒုံးဘီအောင်၏ စာပေနှင့်ရုပ်ရှင်လောကဘက်တွင် ထူးချွန်ထက်မြက်ပြီး ဂုဏ်သတင်းကြီးမြင့်မှုမှာ အံ့မခန်းဖွယ်ရာပင်ဖြစ်ပါသည်။ ပြိုင်ဘက်ရှားသူဟုလည်း ဆိုနိုင်ပါသည်။ ၁၀ တန်းစာပေးပွဲ အောင်မြင်ပြီး တက္ကသိုလ်ပညာကို မဆည်းပူးနိုင်ခဲ့သော်လည်း စာပေဗဟုသုတလေ့လာလိုက်စားမှု အားကောင်းခဲ့သည့် အပြင်လုံ့လဝီရိယဖြင့် ကြိုးပမ်းအားထုတ်ခဲ့မှုတို့ကြောင့် အောင်မြင်မှုရရှိခဲ့ခြင်း ဖြစ်သည်ကို သတိချပ်သင့်ပေသည်။ ယနေ့လူငယ်လူရွယ်များ အတုယူသင့်သည်။ စံနမူနာထားသင့်သည်။

မြန်မာ့ရုပ်ရှင်သမိုင်းတွင် ဆရာကြီးရွှေဒုံးဘီအောင်၏ ထင်ရှားအောင်မြင်ခဲ့သော ရုပ်ရှင်ဇာတ်ကားများစွာ ရှိခဲ့ပါသည်။ အချို့ဇာတ်ကားများကို စနစ်တကျမထိန်းသိမ်းနိုင်ခဲ့သဖြင့်လည်း ယနေ့ခေတ်လူငယ်များ လေ့လာကြည့်ရှုခွင့်မရခြင်းမှာလည်း ဆုံးရှုံးခြင်းတစ်ရပ်ပင် ဖြစ်သည်။ ထို့အပြင် ဆရာကြီးရေးသားခဲ့သော ပျောက်ကြား (၉)၊ သုံးရောင်ခြယ်၊ စိုးပါနဲ့မေ၊ ထွန်းညွန့်လူစသောဝတ္ထုများအပြင် စပယ်ဦးစာပေမှ ပြန်လည်ထုတ်ဝေခဲ့သော ဆရာကြီးရွှေဒုံးဘီအောင်၏ ရှေးဟောင်းဝတ္ထုကြီးများပင် အရှာခက်နေလေပြီ။

ညောင်တုန်းမြို့တွင် ကျင်းပခဲ့သော ညောင်တုန်းမြို့သားစာရေးဆရာကြီးများ၏ စာပေဟောပြောပွဲတွင် ကြွရောက်ပြီး ရုပ်ရှင်နှင့် စာပေအကြောင်းဟောပြောပေးခဲ့သော ဆရာကြီးရွှေဒုံးဘီအောင်သည် ညောင်တုန်းမြို့သို့ နောက်ဆုံးအကြိမ် ရောက်ရှိခြင်းပင်ဖြစ်တော့သည်။ အကြောင်းမူကား ဆရာကြီးရွှေဒုံးဘီအောင်သည် စာပေဟောပြောပွဲအပြီး ညောင်တုန်းမြို့မှအပြန် တစ်နှစ်ကျော် နှစ်နှစ်နီးပါးခန့်တွင် ကွယ်လွန်သွားရှာသောကြောင့် ဖြစ်ပါသည်။ သူချစ်သော ညောင်တုန်းမြို့နှင့် သူ့ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းများအား နောက်ဆုံးလာရောက်နှုတ်ဆက်သကဲ့သို့ ဖြစ်ခဲ့ပါသည်။ ဆရာကြီး၏ ဆန္ဒအရ ညောင်တုန်းမြို့သို့ ပြန်လည်ရောက်ရှိနိုင်အောင် စာပေဟောပြောပွဲကျင်းပနိုင်ခဲ့သဖြင့် ကျွန်တော်တို့ မြို့နယ်စာပေလုပ်သားအဖွဲ့အနေဖြင့်လည်း တာဝန်တစ်ရပ်ကျေပွန်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

ဆရာကြီးရွှေဒုံးဘီအောင်သည် ညောင်တုန်းမြို့ ဂုဏ်ဆောင်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပါသည်။ မြန်မာစာပေသမိုင်းနှင့် မြန်မာ့ရုပ်ရှင်သမိုင်းတွင် ဆရာကြီး ရွှေဒုံးဘီအောင်၏ ဂုဏ်သတင်းမှာ ထာဝစဉ်သင်းကြိုင်နေမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၆**


နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**


**(IBEC ဆရာတော် ရေးသားသော 'ဗုဒ္ဓနည်းကျ လူငယ်နှင့် အနာဂတ်ဘဝ' 'Youths Designing the Destiny in Buddhist Way' စာအုပ် ထွက်ရှိ)**

စတော့ဟုမ်းကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင်၊ မဟာသဒ္ဓမ္မဇောတိကဓဇ IBEC ဆရာတော် ဒေါက်တာ အရှင်သောဘိတ ရေးသားသည့် 'ဗုဒ္ဓနည်းကျ လူငယ်နှင့် အနာဂတ်ဘဝ' စာအုပ်အား အနာဂတ်ရောင်ခြည် IBEC စာပေတိုက်မှ ထုတ်ဝေခွင့်အမှတ်(၀၂၈၄၁)ဖြင့် စက်တင်ဘာလ (၈)ရက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပထမအကြိမ် အုပ်ရေ (၁၀၀၀၀) ပုံနှိပ်ထုတ်ဝေသွားမည်ဖြစ်ပြီး တန်ဖိုး(၃၀၀၀)ကျပ်ဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ စာအုပ်ဆိုင်များသို့ စက်တင်ဘာလ (၁၈)ရက်နေ့တွင် ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

"ဗုဒ္ဓနည်းကျ လူငယ်နှင့် အနာဂတ်ဘဝ" စာအုပ်သည် လူငယ်တိုင်း မဖြစ်မနေ ဖတ်ရှုသင့်သော စာအုပ်ဖြစ်ပြီး အနာဂတ်ဝေဝါးနေသော လူငယ်များ၊ ဦးတည်ရာမဲ့နေသော သူများ၊ လားရာ ကောင်းခဲ့သော်လည်း လားရာမမှန်ခဲ့သော လူငယ်များအတွက် လမ်းကြောင်း မှန်ပေါ်ကနေ ပန်းတိုင်ကို လျှောက်လှမ်းနိုင်ပြီး နိုင်ငံအတွက် အားထားရမည့်သူများ ဖြစ်လာနိုင်သည်အထိ လမ်းညွှန်မှုများ ပေးနိုင်မည်ဖြစ်သလို Covid-19 ကမ္ဘာ့ကပ်ရောဂါဘေး ခံစားနေရချိန် စိတ်ဓာတ်ဖရိုဖရဲဖြစ်နေမှုကို ကုစားနိုင်ရန် မြတ်ဗုဒ္ဓ၏ ဓမ္မတရားကို အနားကွပ်ကာ ရေးသားထားသောကြောင့် လူငယ်တို့၏ အနာဂတ်ဘဝ သာယာလှပရေးအတွက် နည်းလမ်း ကောင်းများကို မီးမောင်းထိုးပြထားသော စာအုပ်ဖြစ်ပါသည်။

ဤစာအုပ်အား ဆရာတော်မှ အပိုင်းကြီး(၂)ပိုင်း၊ အခန်း(၉)ခန်းဖြင့် ရေးသားပုံဖော်ထားကာ စာမျက်နှာ(၁၀၀)ခန့်ဖြင့် ဖွဲ့စည်းသီကုံးထားသည်။ စာအုပ်အမှာစာကို စာရေးဆရာရဲသျှမ်းက ပါဝင်ရေးသားထားသည်။ လူငယ်နှင့် အနာဂတ်ဘဝ ဆက်စပ်ပုံ၊ လူငယ်နှင့် ကမ္ဘာကြီး ပြောင်းလဲမှု ဆက်စပ်ပုံ၊ လူငယ်နှင့် ဓမ္မပညာရေးစသည့် ခေါင်းစဉ်များဖြင့် သုတေသနဆန်ဆန် ရေးသားတင်ပြထားသော စာအုပ်ဖြစ်ပေသည်။ မကြာမီတွင် 'ဗုဒ္ဓနည်းကျ နိုင်ငံရေး' 'Buddhist Dimension on Political Culture in Myanmar' အနာဂတ်ရောင်ခြည် IBEC စာပေတိုက်မှ ဆက်လက် ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ မကြာမီတွင် 'ဗုဒ္ဓနည်းကျ နိုင်ငံရေး' 'Buddhist Dimension on Political Culture in Myanmar' အနာဂတ်ရောင်ခြည် IBEC စာပေတိုက်မှ ဆက်လက် ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။




**ဆက်သွယ်မှာယူနိုင်ရန် -**

| | |
|---|---|
| ကိုစိုင်းကျော် | 09977923421 |
| ကိုငြိမ်းချမ်း | 09962990113 |
| ဦးကိုကို | 09422081484 |
| ကိုဖြိုးသာကျော် | 09 798716259 |

**ရရှိနိုင်သော စာအုပ်ဆိုင်များ**

စစ်ကိုင်း - ရွှေနှင်းဆီစာပေ၊ ရွက်နုစာပေ။
မန္တလေး - နဂါး၊ ထွန်းဦး၊ လူထု၊ ညို စိတ်ကူးချိုချိုဆိုင်(၁)(၂)။
ရန်ကုန် - စာပေလောက၊ ရာပြည့်၊ အင်းဝ၊ Myanmar Book Center ၊ ဦးကျော်မင်း(၀၉၄၀၂၅၃၀၃၉)


MPT Money
MPT
